


# မြန်မာ- အခွင့်အရေးများ ထောင်တွင်းသို့ ဆောင်ကျဉ်းပေး

## မြန်မာနိုင်ငံ၏ အကျဉ်းထောင်များ ဥပဒေမူကြမ်း အပေါ် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီး၏ အကြံပြုချက်များ

AMNESTY INTERNATIONAL

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သည် ဆိုးရွား သောလူ့အခွင့်အရေး ချိုးဖောက်မှုများ အလွဲသုံးစားလုပ်မှုများကို အဆုံးသတ်စေဖို့ရန် ကမ္ဘာတဝန်း ကြိုးပမ်းလှုံ့ဆော်နေသည့် နိုင်ငံပေါင်း ၁၅၀ကျော်မှ အဖွဲ့ဝင်ပေါင်း၊ တက်ကြွလှုပ်ရှားသူပေါင်း၊ ထောက်ခံအားပေးသူပေါင်း ၇ သန်းကျော် ပါဝင်သော အဖွဲ့ ဖြစ်သည်။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ လူသားတိုင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများနှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို ရရှိခံစားနိုင်စေရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် အစိုးရ၊ နိုင်ငံရေးအယူဝါဒ၊ စီးပွားရေး အကျိုးအမြတ်နှင့် ဘာသာရေး တို့မှ ကင်းလွတ်သောအဖွဲ့ ဖြစ်ပြီး အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လှူဒါန်းငွေများဖြင့် ရပ်တည်နေသော အဖွဲ့ဖြစ်သည်။

© အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ ၂၀၁၆

ဤအစီရင်ခံစာပါအကြောင်းအရာများသည် Creative Commons အရ လိုင်စင်ယူထားပါသည်။
(ရည်ညွှန်းချက်ပေးခြင်း၊ စီးပွားဖြစ်မဟုတ်ခြင်း၊ ဆင့်ပွားအကျိုးအမြတ်မရှိခြင်းနှင့်
အပြည်ပြည်ဆိုင်ရာ ၄.၀)

https://creativecommons.org/licenses/by-nc-nd/4.0/legalcode

နောက်ထပ်သိလိုပါက မိမိတို့၏ ဝက်ဆိုက် www.amnesty.org

ရှိ ခွင့်ပြုချက်များ စာမျက်နှာတွင် ကြည့်ပါ။
ပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ မဟုတ်ပဲ အခြားမူပိုင်ခွင့် ပိုင်ရှင်တစ်ဦးဦးကို
ရည်ညွှန်းထားခဲ့လျှင်မူ Creative Commons လိုင်စင်နှင့် အကျုံးမဝင်ပါ။

***မျက်နှာဖုံး ဓာတ်ပုံ***- © အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ မူပိုင်

ပထမအကြိမ် - ၂၀၁၆ ပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်
လီမိတက် မှ ထုတ်ဝေသည်။
Peter Benenson House, 1 Easton Street
London WC1X 0DW, UK

အညွှန်း - ASA ၁၆၄၄ / ၄၇၈၈ / ၂၀၁၆
မူရင်း - အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေ သည်။
အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့
နိုင်ငံတကာ အတွင်းရေးမှူးချုပ်ရုံး၊ ယူကေ မှ ပုံနှိပ်သည်။

amnesty.org

# မာတိကာ

**နိဒါန်း** **၅**

**အကျဉ်းထောင်များဥပဒေမူကြမ်း** **၁၁**

အခြေခံမူများ ၁၁

**အကျဉ်းထောင်များကို စီမံအုပ်ချုပ်ခြင်း (အခန်း ၂)** **၁၂**

တာဝန်နှင့် လုပ်ပိုင်ခွင့်များ (ပုဒ်မ ၃ - ၁၀) ၁၂

အကျဉ်းထောင်ဝန်ထမ်းများ၏ အရည်အချင်းသတ်မှတ်ချက်နှင့် လေ့ကျင့်သင်ကြားပေးမှု ၁၃

အမျိုးသမီး အကျဉ်းသူများ ၁၃

အကျဉ်းထောင် အရာရှိများက အင်အားကို အသုံးပြုခြင်း ၁၄

အကျင့်စာရိတ္တပြုပြင်ပြောင်းလဲခြင်းနှင့် အသက်မွေးပညာလေ့ကျင့်သင်ကြားပေးခြင်း (ပုဒ်မ ၁၁-၁၈) ၁၅

ကျန်းမာရေးစောင့်ရှောက်မှု (ပုဒ်၄ ၁၉ - ၂၁) ၁၆

ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ဆိုင်ရာ အခြေခံမူများ ၁၆

လူသားချင်းစာနာလျက် အကျဉ်းသားများကို စောစီးစွာ လွှတ်ပေးခြင်း ၁၈

အပြင်းအထန် နာမကျန်းမှုများကို အကြောင်းကြားခြင်း ၁၈

**အကျဉ်းသားများကို အုပ်ချုပ်ခြင်း နှင့် စီမံခန့်ခွဲခြင်း (အခန်း ၃)** **၁၈**

အကျဉ်းသားများကို လက်ခံခြင်း (ပုဒ်မ ၂၂-၂၃) ၁၉

အကျဉ်းသားများအား ရှာဖွေခြင်း ၁၉

အကျဉ်းသားများ၏ မှတ်တမ်းများ ၁၉

အကျဉ်းသားများအတွက် ၎င်းတို့၏ တာဝန်များနှင့် အခွင့်အရေးများ ဆိုင်ရာအချက်အလက်များ ၂၀

အကျဉ်းသားသေဆုံးလျှင် မိသားစုအား အသိပေးခြင်း ၂၁

အကျဉ်းသားများကို ခွဲခြားချုပ်နှောင်ခြင်း (ပုဒ်မ ၂၄-၂၆) ၂၂

သေဒဏ်ကျ အကျဉ်းသားများ ၂၂

နေရာထိုင်ခင်း၊ ကိုယ်ရေ သန့်ရှင်းမှု၊ အဝတ်အစား၊ အိပ်ရာ နှင့် အစားအသောက် ၂၂

အကျဉ်းသားများကို ရွှေ့ပြောင်းခြင်း (ပုဒ်မ ၂၇) ၂၃

တရားရုံးသို့ ရုံးထုတ်ခြင်း (ပုဒ်မ ၂၉ ) ၂၃

အကျဉ်းသားများနှင့်တွေ့ဆုံခွင့် (ပုဒ်မ ၃၀-၃၅) ၂၅

မိသားစုများအတွက် တွေ့ဆုံရန် အနည်းဆုံးအချိန်များ နှင့် ကလေးများနှင့် အဆီးအတားမရှိ ပွင့်လင်းစွာ ထိတွေ့ရန် အချိန်ကို တိုးပေးခြင်း ၂၅

ရှေ့နေနှင့် ဆွေးနွေး တိုင်ပင်မှု လုံခြုံစိတ်ချရေး ၂၅

ပစ်ဒဏ်ခံနေကြရသည့် အကျဉ်းသားများကို အလုပ်လုပ်ခိုင်းခြင်း (ပုဒ်မ ၃၆-၃၇) ၂၆

တရားမ အကျဉ်းသားနှင့် အချုပ်ကျ အကျဉ်းသားများ (ပုဒ်မ ၃၉ - ၄၁) ၂၆

အစီရင် မခံရသေးသော အကျဉ်းသားများအား အပြစ်မရှိကြောင်းယူဆခြင်း ၂၇

အချုပ်ကျ အကျဉ်းသားများ၏ အခွင့်အရေးများ ၂၇

အကျဉ်းသားများ၏ အခွင့်ထူးများ (ပုဒ်မ ၄၂) ၂၇

အကျဉ်းသားများ၏ တိုင်ကြားချက် ၂၈

**ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံ** မူဝါဒ **၂၉**

**အကျဉ်းထောင် ပြစ်မှုနှင့် ပြစ်ဒဏ်များ (အခန်း ၄ နှင့် ၅)** ၂၉

အကျဉ်းထောင်ပြစ်မှုများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း ၂၉

မျှတသော တရားစီရင်မှု ၃၀

**မည်သည့်ပြစ်မှုများအတွက် မည်သည့်ပြစ်ဒဏ်**များ **ချမှတ်နိုင်**ကြောင်း **ရှင်းလင်းစွာ** မသိရခြင်း **၃၁**

စည်းကမ်းအရ အရေးယူမှုများ ၃၁

လျှော့ရက်ဖြတ်တောက်သော ပြစ်ဒဏ် ၃၃

**အထွေထွေ (အခန်း ၆)** **၃၄**

စည်းကမ်းကို ထိန်းသိမ်းရာတွင် အကျဉ်းသားများကို အသုံးပြုမှု ၃၄

သဘောရိုးဖြင့် လုပ်ဆောင်မှုများအတွက် အကျဉ်းထောင်ဝန်ထမ်းများကို ကင်းလွတ်ခွင့်ပြုခြင်း ၃၄

အကျဉ်းထောင်များကို စစ်ဆေးခြင်း ၃၅

**အကြံပြုချက်များ** **၃၆**

# နိဒါန်း

> **“နိုင်ငံတစ်နိုင်ငံရဲ့ အကျဉ်းထောင်တွေထဲ ရောက်ဖူးသူသာ အဲဒီနိုင်ငံရဲ့ အကြောင်းကို ကောင်းကောင်းသိတယ် လို့ ဆိုရိုးရှိပါတယ်။”**
>
> နယ်လဆင် ရိုလီလာလာ မန်ဒဲလား [၁]

၂၀၁၅ ခုနှစ်ဇူလိုင်လတွင် အကျဉ်းထောင်များ ဥပဒေမူကြမ်းကို မြန်မာနိုင်ငံ ပြည်ထောင်စု လွှတ်တော်တွင် “ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး”၊ “မှုခင်းထပ်မံ မကျူးလွန်စေရန် ကာကွယ်ရေး”၊ အကျဉ်းသားများအား ပြစ်ဒဏ်မှ လွတ်မြောက်ပြီးသောအခါ ထိုက်သင့်သော အသက်မွေးမှု ပညာရပ်များ သင်ကြားတတ်မြောက်စေရန် အတွက် အဓိကရည်ရွယ်လျက် တင်သွင်းခဲ့ပါသည်။ ဤအကျဉ်းထောင်များ ဥပဒေမူကြမ်းမှာ ခေတ်နှင့် မလျော်ညီတော့သော အကျဉ်းထောင်များနှင့် စပ်လျဉ်းသည့် ဥပဒေမူဘောင်များဖြစ်သည့် ၁၈၉၄ ခုနှစ် အကျဉ်းထောင် အက်ဥပဒေ၊ ၁၉၀၀ ခုနှစ် အကျဉ်းသားများ အက်ဥပဒေ နှင့် ၁၉၂၀ အကျဉ်းသားအဖြစ် သတ်မှတ်ခြင်း အက်ဥပဒေ တို့ကို ပယ်ဖျက်ပြီး အစားထိုးမည့် ဥပဒေမူကြမ်း ဖြစ်သည်။

ဤကဲ့သို့ ဥပဒေပိုင်းအရကြိုးပမ်းမှုကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကြိုဆိုပါသည်။ ပြည့်စုံသော၊ အသေးစိတ်ကျသော၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ စံညွှန်းများနှင့် ကိုက်ညီသော အကျဉ်းထောင်များ ဥပဒေတစ်ရပ်သည် မြန်မာနိုင်ငံ၏ အကျဉ်းသားများအားထိန်းသိမ်းချုပ်နှောင်ခြင်းဆိုင်ရာ အခြေအနေများကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် အရေးပါသော နည်းလမ်းတစ်ခု ဖြစ်ပါလိမ့်မည်။ သို့သော် ယခုထွက်ရှိလာသော လူထုကိုချပြသည့် ဥပဒေမူကြမ်းသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် များစွာ ဝေးကွာနေပါသေးသည်။ လွတ်လပ်မှုဆုံးရှုံး၍ အကျဉ်းကျခံနေရသောသူများ၏ အခွင့်အရေးကာကွယ်ပေးနိုင်ရန်အတွက် လိုအပ်သော ပြဌာန်းချက်များစွာ ကျန်ရှိနေသေးကြောင်းတွေ့ရပါသည်။ ယခု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တင်ပြမည့် အသေးစိတ် ဆန်းစစ်လေ့လာချက်တွင် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ အကျဉ်းထောင်များဥပဒေကို မည်ကဲ့သို့ပြင်ဆင်သင့်သည်ဆိုသော တိကျသည့် အကြံပြုချက်များကို ဖေါ်ပြထားပါသည်။ လက်ရှိ ဆန်းစစ်ချက်မှာ လွှတ်တော် ကိုယ်စားလှယ်များ၊ အခြားသော အစိုးရ အာဏာပိုင်များ၊ လူ့အသိုင်းအဝန်းအတွက် လုပ်ရှားကြသူများ နှင့် မြန်မာနိုင်ငံ၏ အကျဉ်းထောင် စနစ်ကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေကြသူတို့အတွက် အသုံးဝင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

[၁] နယ်လဆင် မန်ဒဲလား၊ *လွတ်မြောက်မှုဆီသို့ ခရီးရှည်*၊ Little Brown & Co ၁၉၉၅

# အကျဉ်းထောင်တွင်း အခြေအနေများနှင့် ပတ်သက်၍ ယခင်မှ ယခုအထိ ရှိနေသော စိုးရိမ်ချက်များ

> **"မြန်မာနိုင်ငံက ထောင်တွေကတော့ ငရဲလိုပဲ။ ကြပ်ညပ် နေပြီး ဆေးဝါးကောင်းကောင်း မရှိ၊ ထောင်ဆရာဝန်မရှိ၊ အကျင့်ပျက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုတွေ နဲ့ အစားအစာ ညံ့ဖျင်းတာတွေဟာ ထုံးစံဖြစ်နေပါပြီ။ လူ့ဂုဏ်သိက္ခာကင်းလွန်းတယ်။"**
>
> ဘိုကြည်၊ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)[၂]

မြန်မာနိုင်ငံတွင်းမှ အကျဉ်းထောင်များသည် ဆိုးရွားသည့်ထောင်တွင်း အခြေအနေ၊ နှိပ်စက်ညှင်းပန်းခြင်းအပါအဝင် အကျဉ်းသားများပေါ် ကြမ်းတမ်းစွာဆက်ဆံမှုများကြောင့် နာမည်ကျော်ကြားပါသည်။[၃] လွန်ခဲ့သောနှစ် ၃၀ကာလအတွင်း ထွက်ပေါ်ခဲ့သောအစီရင်ခံစာများတွင်လည်း အကျဉ်းထောင်များနှင့် အကျဉ်းသားဦးရေမမျှတခြင်း၊ သန့်ရှင်းသော သောက်သုံးရေ၊ အဟာရပြည့် အစားအစာ နှင့် သင့်လျော်သော သန့်ရှင်းရေးစနစ်တို့ မရရှိခြင်း အကြောင်းများကို တစ်သမတ်တည်း ဖော်ပြခဲ့ကြသည်။ လုံလောက်သော ကျန်းမာရေးနှင့် ဆေးဝါးစောင့်ရှောက်မှု တို့မှာလည်း အထူးချို့တဲ့ပါသည်။ ထို့အပြင် အကျဉ်ထောင်တွင်း ဆိုးရွားသောအနေအထားများကလည်း အကျဉ်းသားတို့၏ ကျန်းမာရေးကို မကြာခဏဆိုသလို ပိုမိုဆိုးရွားထိခိုက်စေခဲ့ပါသည်။

၂၀၀၇ ခုနှစ်က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ပေါ်လို ဆာဂျီယို ပင်ညဲရိုးက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသော ၎င်း၏ အစီရင်ခံစာထဲတွင် မြန်မာနိုင်ငံအတွင်းမှ လူ့အခွင့်အရေးအခြေအနေကို ယခုကဲ့သို့ ဖော်ပြထားပါသည်။

> *"အကျဉ်းသားတွေကို ဆက်ဆံရာမှာ နိုင်ငံတကာ စံချိန်စံညွှန်း ပြည့်မီခြင်းမရှိတဲ့ ဆိုးဝါးလွန်းတဲ့ ထောင်တွင်းအခြေအနေတွေ အတည်ပြုကြတဲ့ သတင်းပို့ချက်တွေရှိကြပါတယ်။ တကယ်တော့ နိုင်ငံတကာ ဥပဒေအရ တားမြစ်ပိတ်ပင်ထားတဲ့ ရက်စက်ကြမ်းကြုတ်၊ လူမဆန်၊ နှိမ့်ချ ဆက်ဆံမှုတွေ ထောင်တွင်းမှာ ရှိနေပါတယ်။"*[၄]

အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု နှင့် ရက်စက်ကြမ်းကြုတ်စွာ ပြုမူမှုများ၊ လူမဆန်မှု သို့မဟုတ် စော်ကားသော ဆက်ဆံမှု (ဝါ) ပြစ်ဒဏ်ခတ်မှု (နောက်ပိုင်းတွင် ညှဉ်းပန်းနှိပ်စက်မှုများဟု ရည်ညွှန်းသွားပါမည်) လုပ်ရပ် များမှာ အချုပ်စခန်းများနှင့် အကျဉ်းထောင်များတွင် အခြေခိုင်စွာ ဖြစ်ပေါ်နေကြပြီးဖြစ်သည်။ ဤအကြောင်းများကို စုံစမ်းဖော်ထုတ်မှုများ မရှိသလောက် နည်းပါးပါသည်။ အကျဉ်းသားများ အထူးသဖြင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ[၅] မှာ မကြာခဏဆိုသလို အခြားသူများနှင့် အဆက်အသွယ်ဖြတ်တောက်ခံရ၊ တိုက်ပိတ်[၆] ခံကြရသည်။ အစွမ်းကုန် ဆိုးဝါးသည့် ကြာရှည်သည့် တိုက်ပိတ်ခံရသည့် ပုံစံတစ်ခုမှာ "ခွေးတိုက်" ထဲထည့်ပြီး အပြစ်ပေးခံရခြင်း ဖြစ်သည်။ ခွေးတိုက်များမှာ အစောင့်ခွေးများကို ထားရှိသည့် အုတ်တိုက်များဖြစ်သည်။

---

[၂] ဘိုကြည်နှင့်အင်တာဗျူး၊ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ ဩဂုတ်၂၀၁၆

[၃] ဥပမာ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ၁၉၈၉ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်သော အစီရင်ခံစာ *မြန်မာ - ယုံကြည်ချက်အကျဉ်းသားများ - ၁၉ ၈၈ စက်တင်ဘာမှစ၍ ဖြစ်ပေါ်တိုးတက်မှုများအား မှတ်တမ်းပြုစုထားခြင်း*၊ ၁၉၉၀ နိုဝင်ဘာလ ၇ ရက်နေ့က ထုတ်ပြန်သော အစီရင်ခံစာ *မြန်မာ - အမျိုးသားအကျိုးစီးပွားကို ရှေ့ရှု၍ - စစ်အုပ်ချုပ်ရေးအောက်မှ နှိပ်စက်ညှဉ်းပန်းမှု၊ အကျဉ်းရုံးစီရင်မှုနှင့် ယုံကြည်ချက်အကျဉ်းသားများ* (Index: ASA 16/010/1990)၊ ၁၉၉၅ စက်တင်ဘာ ၂၂ ရက်နေ့က ထုတ်ပြန်သော အစီရင်ခံစာ *မြန်မာ - အကျဉ်းထောင်များနှင့် အလုပ်စခန်းများမှ အခြေအနေများ* (Index: ASA 16/022/1995)၊ ၁၉၉၇ နိုဝင်ဘာလထုတ် *မြန်မာ - နိုင်ငံတကာအသိုင်းအဝန်းအတွက် စိန်ခေါ်ချက်*(Index: ASA 16/ 028/1997)၊ ၂၀၀၀ ခု ဒီဇင်ဘာလထုတ် *မြန်မာ - နှိပ်စက်ညှဉ်းပန်းမှု အဖွဲ့အစည်းများ* (Index: ASA 16/24/00)၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP-B) ၏ ၂၀၀၇ ခုနှစ်အစီရင်ခံစာ *မြန်မာပြည်အကျဉ်းထောင်များ၏ အခြေအနေ*

[၄] ပေါလို ဆာဂျီယို ပင်ညဲရိုး - ယခင် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ၊ လူ့အခွင့်အရေးကောင်စီ ဖြကြိမ်မြောက်အစည်းအဝေး၊ A/HRC/6/14 ဒီဇင်ဘာ၇၊ ၂၀၀၇

[၅] ယုံကြည်ချက်ကြောင့်အကျဉ်းချခံရသူများ ဆိုသည်မှာ တစုံတစ်ယောက်သည် သူ၏ နိုင်ငံရေး၊ ဘာသာရေး သို့မဟုတ် အခြားယုံကြည်ချက်များ၊ လူမျိုး၊ လိင်၊ အသားအရောင်၊ ဘာသာစကား၊ တိုင်းပြည် သို့မဟုတ် လူမှုအသိုင်းအဝိုင်း၊ စီးပွားရေးအနေအထား၊ မွေးရာဇာတိ၊ လိင်ပိုင်းဆိုင်ရာ သတ်မှတ်ခံရလိုမှု၊ သို့မဟုတ် အခြားအနေအထား၊ သို့မဟုတ် မိမိ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခြင်းအတွက် သို့မဟုတ် အခြား လူ့အခွင့်အရေးဆိုင်ရာ ထုတ်ဖော်ကျင့်သုံးခြင်း နှင့် ထိုသို့ပြုလုပ်ရာတွင် အကြမ်းဖက်ခြင်း သို့မဟုတ် မုန်းတီးခြင်းကို အသုံးမပြုသော အကြောင်းများကြောင့် ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို ရုပ်သိမ်းခြင်း ခံရသူများကို ဆိုလိုသည်။

[၆] အဆက်အသွယ်ဖြတ်ချုပ်နှောင်ခြင်း ဆိုသည်မှာ အကျဉ်းသားကို ၎င်းအား ကူညီနိုင်သော၊ သို့မဟုတ် ၎င်း ဘာဖြစ်နေသည်ကို သိနိုင်သော၊ ၎င်း၏ အခွင့်အရေးများ ချိုးဖောက်ခံရမှုကို ကာကွယ်ပေးနိုင်သော သို့မဟုတ် အများသိအောင်လုပ်ပေးနိုင်သော အကျဉ်းထောင် ပြင်ပမှ ပုဂ္ဂိုလ်များ ဖြစ်သည့် ရှေ့နေများ၊ ဆရာဝန်များ၊ မိသားစုဝင်များနှင့် မိတ်ဆွေများနှင့် တွေ့ခွင့်မပေးပဲ ထိန်းသိမ်းထားခြင်း ဖြစ်သည်။ ယင်းသို့ ချုပ်နှောင်ခြင်းမှာ တစ်ဦးတည်းခွဲခြားချုပ်နှောင်ခြင်း နှင့်ကွာခြားသည်။ ပြင်ပနှင့် အဆက်အသွယ်ဖြတ်ချုပ်နှောင်ခြင်းမှာ အပြင်နှင့် အဆက်အသွယ် မရသော်လည်း အကျဉ်းထောင်တွင်းတွင် အခန်းဖော် အခြားအကျဉ်းသားများနှင့် အတူနေခွင့်၊ ထိတွေ့ဆက်ဆံခွင့် ရရှိပါသည်။

အလွန်ကျဉ်းမြောင်းပြီး အကျဉ်းသားများ၏ လှုပ်ရှားမှုများကို ကြီးမားစွာကန့်သတ်ထားသည်။ ထို့အပြင် စစ်ထောက်လှမ်းရေးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဌာန နှင့် ထောင်အာဏာပိုင်များက အကျဉ်းသားများကို မိသားစုနှင့်ဝေးရာ၊ မိသားစုအနေနှင့် ထောင်ဝင်စာ (အကျဉ်းသားများ အရေးတကြီးလိုအပ်သည့် အစားအသောက်၊ ဆေးဝါး ပေးပို့နိုင်သည့် အခွင့်အရေး)[၇] လာမတွေ့နိုင်သည့် ဝေးလံသီခေါင်သော ထောင်များသို့ မကြာခဏနေရာ ရွှေ့ပြောင်းထားလေ့ရှိပါသည်။

အတင်းအဓမ္မ အလုပ်စေခိုင်းမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရသည်။ အကျဉ်းသားများမှာ ရဲဘက်စခန်းများတွင် မကြာခဏဆိုသလိုပင် ကြမ်းတမ်း၍ အန္တရာယ်ရှိသော အခြေနေများတွင် အလုပ်စေခိုင်းခြင်း ခံကြရသည်။ ရိုက်နှက်ခြင်း၊ လုံလောက်သောအစားအစာနှင့် လုံလောက်သော အိပ်စက်ခွင့် မရခြင်း စသည့် ချိုးဖောက်မှုများနှင့်လည်း မကြာမကြာ ရင်ဆိုင်နေကြရပါသည်။ အခြားဆိုးရွားသော လုပ်ရပ်တစ်ခုမှာ အတင်းအကြပ် ပေါ်တာဆွဲခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်က ရှေ့တန်းစစ်ဆင်ရေးများတွင် အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင် တပ်များကို တန်ပြန်တိုက်စစ်ဆင်ရာတွင် လေးလံသောလက်နက် ခဲယမ်းမီးကျောက်များနှင့် အခြားရိက္ခာပစ္စည်းများကို သယ်ဆောင်ရာ၌ ပြစ်ဒဏ်ကျရာဇဝတ်သားများကို ပုံမှန်အဓမ္မ ခေါ်ယူခိုင်းစေလေ့ရှိသည်။ လုံလောက်သော စားရေရိက္ခာ၊ အနားယူခွင့်၊ ဆေးဝါးစောင့်ရှောက်မှုတို့ မရရှိခြင်းကြောင့် ပေါ်တာအထမ်းသမားများမှာ အချို့သောဖြစ်ရပ်များတွင် ရာသက်ပန် ထိခိုက်ဒါဏ်ရာများ၊ ကာလကြာ ကျန်းမာရေးထိခိုက်မှုများ သို့မဟုတ် အသက်ဆုံးရှုံးမှုမျိုး အထိ ရင်ဆိုင်ကြရပါသည်။[၈]

များမကြာခင်နှစ်များအတွင်းတွင် အခြေအနေများမှာ တိုးတက်ကောင်းမွန်လာပုံ ရပါသည်။ နိပ်စက်ညှဉ်းပန်းမှုများနှင့် ပတ်သက်သည့် တိုင်ကြားမှုများ ယခင်ကထက် ကြိမ်ရေ လျော့နည်းလာပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ကလည်း ၂၀၁၃ ခုနှစ်မှစ၍ မြန်မာပြည်တလွှားရှိ အကျဉ်းထောင်များနှင့် ရဲဘက်စခန်းများတွင် လွတ်လပ်သောစောင့်ကြည့်လေ့လာမှုများပြုလုပ်နိုင်ခဲ့ပါသည်။[၉] အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ၏အဆိုအရ အဖွဲ့၏ အကျဉ်းထောင်များဆီသို့ သွားရောက်မှုများမှ တွေ့ရှိချက်များနှင့် အကျဉ်းထောင်များအတွင်း အကျဉ်းသားဦးရေ ပြွတ်ကြပ်နေခြင်း၊ အကျဉ်းသားများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း ကဲ့သို့သော ကိစ္စရပ်များကို အာဏာပိုင်များနှင့် သီးသန့် လုံခြုံစွာ ဆွေးနွေးခွင့်များ ရှိလာခြင်းက အကျဉ်းထောင်တွင်း ထိန်းသိမ်းမှုအခြေအနေများနှင့် အခြေခံဝန်ဆောင်မှုများတွင် တိုးတက်မှုများ ဖြစ်ထွန်းစေခဲ့သည်ဟု ဆိုပါသည်။[၁၀] သို့ရာတွင် အကျဉ်းထောင်တွင်း အခြေအနေများနှင့် ပတ်သက်သည့် စိုးရိမ်မှုများမှာ ရှိနေဆဲဖြစ်ပါသည်။ ဥပမာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကောင်စီ (MNHRC) က ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်းရှိ ဒေသများ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရန်ကုန်ရှိ အကျဉ်းထောင်များသို့ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တို့၌ သွားရောက်ရာတွင် ထောင်နေရာနှင့် အကျဉ်းသားဦးရေ မမျှတခြင်း၊ သန့်ရှင်းမှုညံ့ဖျင်းခြင်း၊ လုံလောက်သော ဆေးဝါးစောင့်ရှောက်မှု၊ သန့်ရှင်းသောရေ နှင့် သင့်တော်သော သန့်ရှင်းရေးစနစ်များကို ရရှိဖို့ အခွင့်အလမ်းများ ဆက်လက်ပြီးကင်းမဲ့နေကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုပါသည်။[၁၁]

နိုင်ငံတလွှားအကျဉ်းထောင်များ အခြေအနေဆိုးရွားနေခြင်းမှာ အကျဉ်းထောင်များတွင် ကျင့်သုံးလျက်ရှိသော အကျဉ်းထောင်ဆိုင်ရာ ဥပဒေမူဘောင်မှာ အကျဉ်းသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် အတွက် လုံလောက်မှုမရှိသေးခြင်းမှ တစိတ်တပိုင်း မြစ်ဖျားခံနေပါသည်။ အကျဉ်ထောင်များဆိုင်ရာ ဥပဒေသစ်ချမှတ်ဖို့ ဆွေးနွေးမှုများကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ပြုလုပ်နေခဲ့ပြီဖြစ်သော်လည်း တိုးတက်မှုမှာ အလွန်ပင် နှေးကွေးလျက်ရှိနေပါသည်။[၁၂]

---

[၇] နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ- မြန်မာနိုင်ငံ) "လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်" - မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများနှင့် ပြန်လည်ပေါင်းစည်းရေး စိန်ခေါ်မှု ပြဿနာများ အစီရင်ခံစာ မေ ၂၀၁၆ ကိုရှု

[၈] ရှုရန်- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့၊ မြန်မာ- မြန်မာနိုင်ငံတွင်းက ကရင်ပြည်နယ်၊ ၁၉၈၈ စက်တင်ဘာ ၁၈ မှစ၍ဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေးအတိုက်အခံဟု သံသယရှိသူများ နှင့် ပေါ်တာဆွဲခံရသူများ အား ဥပဒေမဲ့သတ်ဖြတ်ခြင်း နှင့် ညှဉ်းပန်းနှိပ်စက်မှုများ အပေါ်စွဲချက်များ (အညွှန်း၊ ASA 16/16/89)၊ ဩဂုတ် ၁၉၈၉။ မြန်မာ၊ အကျဉ်းထောင်များနှင့် အလုပ်စခန်းများမှအခြေအနေများ (အညွှန်း ASA 16/22/95) စက်တင်ဘာ ၁၉၉၅။ အေအေပီပီ အဖွဲ့- မြန်မာနိုင်ငံ၏ အကျဉ်းထောင်များနှင့် အလုပ်စခန်းများ၊ အသံတိတ်သတ်ကွင်းများ၊ မေ ၂၀၀၉။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေး အဖွဲ့- သေဆုံးလမ်းလျှောက် သမားများ၊ မြန်မာနိုင်ငံအရှေ့ဘက် ရှေ့တန်းမျက်နှာစာမှ ပေါ်တာအလုပ်သမားများ၊ ဇူလိုင်၁၂၊ ၂၀၁၁။ ကရင်လူ့အခွင့်အရေး အဖွဲ့(KHRG)- အ ကျဉ်းထောင်မှ ရှေ့တန်းစစ်မျက်နှာများသို့၊ အကျူးလွန်ခံ အဓမ္မပေါ်တာ အလုပ်သမားများ၏ သက်သေခံချက်များအား ဆန်းစစ်ချက်များ ၂၀၀၉-၂၀၁၁၊ ဇူလိုင် ၂၀၁၁။

[၉] ၂၀၁၃ခုနှစ်တွင် ICRC အဖွဲ့က စနစ်ကြာ အကျဉ်းထောင်များကို သွားရောက်ခွင့် ပိတ်ပင်ခံခဲ့ရပြီးမှ မြန်မာအစိုးရထံမှ ခွင့်ပြုချက် ပြန်ရခဲ့ပြီး အကျဉ်းထောင်များသို့ သွားရောက်ကြည့်ရှုခြင်းများကို ပြန်လည်စတင်ခဲ့ပါသည်။ ရှုရန်- ICRC ၊ မြန်မာ- အကျဉ်းထောင်များသို့ အိုင်စီအာစီ သွားရောက်ကြည့်ရှုခြင်းများကိုပြန်လည်စတင်ရန် အသင့်ဖြစ်နေ။ https://www.icrc.org/eng/resources/documents/interview/2012/12-11-myanmar-detention-visits.htm

[၁၀] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့(ICRC) ၏ ၂၀၁၅ နှစ်ပတ်လည်အစီရင်ခံစာ။ ဤ ဝဘ်စာမျက်နှာတွင် ကြည့်နိုင်-https://app.icrc.org/files/2015-annual-report/

[၁၁] မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင်(MNHRC)၊ ၂၀၁၅ နှင့် ၂၀၁၆ ထုတ် ကြေငြာချက်များ။ ဤ ဝဘ်စာမျက်နှာတွင် ကြည့်နိုင်-http://www.mnhrc.org.mm/en/statements-2/. အမေရိကန်နိုင်ငံခြားရေးဌာန- မြန်မာနိုင်ငံ လူ့အခွင့်အရေး အစီရင်ခံစာ ၂၀၁၅ စာ-၄ တွင်လည်းရှုနိုင်။

[၁၂] မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ကုလ Doc: A/67/383 ၂၃ စက်တင်ဘာ၂၀၁၂၊ အပိုဒ် ၁၈။

# ပြုပြင်ပြောင်းလဲရန်အခွင့်အလမ်း

ယခင်အစိုးရက အကျဉ်းထောင်များ ဥပဒေမူကြမ်းကို (နောက်ပိုင်းတွင် ဥပဒေမူကြမ်း ဟုရည်ညွှန်းပါမည်) ၂၀၁၅ခုနှစ် ဇူလိုင်လတွင် အချို့လူမှုအဖွဲ့အစည်း အဖွဲ့ဝင်များထံသို့ အကြံပြု မှတ်ချက်ပြုရန် ပေးပို့ခဲ့သည်။ ထိုဥပဒေ မူကြမ်း မိတ္တူကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရယူခဲ့ပြီး အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရန် တာဝန်ပေးခဲ့ရာ ၎င်းကို အခြေခံပြီး အောက်ပါ သုတေသနဆန်းစစ်ချက်ကို ပြုစုနိုင်ခဲ့ပါသည်။[၁၃] ကျွန်ုပ်တို့သိရှိရသလောက် ယင်းအချိန်နောက်ပိုင်းတွင် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုတစုံတရာ မရှိသေးပါ။ ထို့အပြင် အောက်ပါ လေ့လာဆန်းစစ်ချက်မှာ ဥပဒေမူကြမ်းနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ စိုးရိမ်ချက်များ အားလုံးပြည့်ပြည့်စုံစုံ မပါဝင်သေးပါ။ သို့ရာတွင် မူကြမ်းထဲတွင် ကျန်ရစ်ခဲ့သော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် အဓိကပြဿနာချက်များကို ဖေါ်ပြထားပြီး ပြင်ဆင်ရန်အတွက် အဓိက အကြံပြုချက်များကို ထည့်သွင်းဖေါ်ပြထားပါသည်။

ဥပဒေမူကြမ်းမှာ ရှိဆဲဥပဒေပြဌာန်းချက်များနှင့် စာလျှင် ကြီးမားသော တိုးတက်မှုဖြစ်ပြီး အကျဉ်းသားများကို ဆက်ဆံရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများကို မြန်မာနိုင်ငံ၏ လက်ရှိ ဥပဒေမူဘောင်အတွင်းသို့ ထည့်သွင်းရန် ကြိုးပမ်းထားခြင်းကို ကျွန်ုပ်တို့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့မှ သတိထားမိပါသည်။ မှုခင်းထပ်မံ မကျူးလွန်စေရန် ကာကွယ်ရေး၊ အကျဉ်းသားများအား ပြစ်ဒဏ်မှ လွတ်မြောက်ပြီးသောအခါ ထိုက်သင့်သော အသက်မွေးမှုပညာရပ်များ သင်ကြားတတ်မြောက်စေရေး ကဲ့သို့သော လက်ခံကြိုဆိုစရာကောင်းသည့် ပြဌာန်းချက်များလည်း အများအပြား ပါဝင်ပါသည်။[၁၄] အကျဉ်းသားများအတွက် စာအုပ်စာပေ ရရှိနိုင်ရေး၊ အပန်းဖြေနိုင်ရေး နှင့် ပညာဗဟုသုတများရယူရေး လုပ်ဆောင်ချက်များ ရရှိနိုင်သည့်အခွင့်အလမ်းများကို တောင်းဆိုသည့် ပြဌာန်းချက်များကိုလည်း ထည့်သွင်းပေးပါရန် တောင်းဆိုပါသည်။ ဥပဒေမူကြမ်းတွင် အကျဉ်းသားများကို အရွယ်မရောက်သေးသူများ၊[၁၅] လူကြီး၊ ကျား၊ မ စသည်ဖြင့် အုပ်စုအလိုက် သီးသန့်ခွဲထားရန်လည်းပါရှိပါသည်။ ဥပဒေမူကြမ်းက အကျဉ်းသားများအတွက် ပြင်ပလောကနှင့် ထိတွေ့နိုင်ခြင်း၊ ရှေ့နေနှင့်တွေ့နိုင်ခြင်း အပါအဝင် အခွင့်အရေးများစွာကို ပေးအပ်ထားပါသည်။

သို့သော်လည်း ဥပဒေမူကြမ်းသည် အဓိကအားဖြင့် အရေးကြီးသောပြဿနာချက်များစွာ ထည့်သွင်းရန်ပျက်ကွက်နေရာ နိုင်ငံတကာ လူ့အခွင့်အရေးစံများအောက် များစွာနိမ့်ကျနေဆဲဖြစ်ပါသည်။ ဥပမာ ဥပဒေမူကြမ်းတွင် ညှင်းပန်းနှိပ်စက်ခြင်း၊ မတရားသဖြင့် ထိန်းသိမ်းထားခြင်း၊ အဓမ္မအလုပ်စေခိုင်းခြင်းတို့မှ ကာကွယ်ပေးမည့် ဥပဒေလာပြဌာန်းချက်များ မပါရှိဘဲ ကျန်းမာရေး၊ အစားအစာ၊ သောက်ရေ၊ နေရာထိုင်ခင်း၊ သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်စင်ရေးဆိုင်ရာ အနည်းဆုံးရှိရမည့် စံနှုန်းများဆိုင်ရာ ပြဌာန်းချက်များလည်း ဥပဒေမူကြမ်းတွင် မပါဝင်ပါ။ အမျိုးသမီးများနှင့် အရွယ်မရောက်သေးသည့် အကျဉ်းသားများ၏ အထူးလိုအပ်ချက်များ၊ ထောင်တွင်းအခြေအနေများကို လွတ်လပ်စွာစောင့်ကြည့်ခွင့်၊ ထောင်အာဏာပိုင်များ အင်အားအသုံးပြုခြင်းဆိုင်ရာ ကျင့်ထုံးများ၊ သို့မဟုတ် အကျဉ်းသားများအတွက် လွတ်လပ်စွာ တိုင်ကြားနိုင်သည့် စနစ်၊ စသည်တို့ ဆိုင်ရာပြဌာန်းချက်များလည်း မပါရှိပါ။ ထို့အပြင် ဥပဒေမူကြမ်းတွင် စည်းကမ်းထိန်းသိမ်းရေး အရေးယူမှုများအဖြစ် ကာလတာရှည်စွာ တစ်ဦးတည်း ခွဲခြားချုပ်နှောင်ထားခြင်းနှင့် ထိန်းသိမ်းလျက် ပြစ်ဒဏ်ပေးခြင်းကဲ့သို့ စောဒကတက်စရာ နည်းလမ်းများကို သုံးနိုင်သည့်ပြဌာန်းချက်များ ပါရှိနေသေးပါသည်။



**အကျဉ်းထောင်များအတွင်း အခြေအနေများနှင့် ပတ်သက်၍ အဓိက နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် စံနှုန်းများ**

**နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များ အတော်များများတွင် လွတ်လပ်ခွင့် ရုပ်သိမ်း ခံရသော လူများ၏ အခွင့်အရေးဆိုင်ရာ ပြဌာန်းချက်များ ပါဝင်ပါသည်။ ထို့အပြင် ကုလသမဂ္ဂ အထွေထွေညီလာခံကလည်း အကျဉ်းသားများအား ဆက်ဆံပြုမူရာတွင် လိုက်နာရမည့် အနိမ့်ဆုံးစံနှုန်းများကို သတ်မှတ်ပေးထားသော စည်းမျဉ်းဥပဒေသများ ပါဝင်သည့် ဆုံးဖြတ်ချက် အများအပြားကို ချမှတ်ထားခဲ့ပါသည်။**

---

[၁၃] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ မှတ်တမ်းတင်ချက်

[၁၄] အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အနိမ့်ဆုံး စံနှုန်း ဥပဒေသများ (နယ်လဆင် မန်ဒဲလား ဥပဒေသများ)၊ ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဌာန်းချက် ၇၀/၁၇၅ ၁၇ဒီဇင်ဘာ ၂၀၁၅၊ နောက်ဆက်တွဲ ၊ ဥပဒေသ ၄.၁

[၁၅] ဥပဒေကြမ်းတွင် "လူငယ်အကျဉ်းသားများ" ကို "အသက် ၁၆နှစ် ပြည့်ပြီး ၁၈နှစ် မပြည့်သေးသည့် ပြစ်မှုကျူးလွန်သူအကျဉ်းသား" ဟု သတ်မှတ်ဖေါ်ပြသည်။

**လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (ICCPR)**[၁၆]။ ပုဒ်မ ၁၀.၁ က "လွတ်လပ်ခွင့်များ ရုပ်သိမ်းခံထားရသူးအားလုံးတို့ကို လူသားဆန်စွာ ဆက်ဆံပြုမူရမည်" ဟု ဖော်ပြထားပြီး ပုဒ်မ ၁၀.၃ က အကျဉ်းထောင်စနစ်၏ "ပဓာနရည်မှန်းချက်" မှာ အကျဉ်းသားများကို ပြုပြင်ပြောင်းလဲ၍ လူမှုရေးအရ ပြန်လည်ထူထောင်ပေးရန် ဖြစ်သည် ဟုဖော်ပြထားသည်။ အခြားသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် လည်း ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်ရက်စက်စက် လူမဆန်စွာ လူ့ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများကို လုံးဝတားမြစ်သည်ဟူ၍ ဖော်ပြထားသည် (ပုဒ်မ ၇)။

**ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ရက်ရက်စက်စက် လူမဆန်စွာ လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများကို ဆန့်ကျင်ရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်** [၁၇]။ ဤသဘောတူညီချက်က ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရက်စက်စွာ လူမဆန်စွာ၊ လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများကို တားမြစ်သည့် (ပုဒ်မ ၁၊ ၂ နှင့် ၁၆) အပြင်၊ တိုင်ကြားချက်များအား စုံစမ်းစစ်ဆေးမှုများ (ပုဒ်မ ၁၂ နှင့် ၁၃)၊ ကျူးလွန်သူများကို တရားစွဲဆို အရေးယူမှုများ (ပုဒ်မ ၄-၉ ) နှင့် နစ်နာသူများအတွက် ပြန်လည်ကုစားမှုများ (ပုဒ်မ ၁၄) ကို စီစဉ်ပေးသည်။

**ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသောရက်ရက်စက်စက် လူမဆန်စွာ လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများကို ဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်၏ နောက်ဆက်တွဲ မှတ်တမ်း** [၁၈]။ ဤမှတ်တမ်းနှင့်အညီ နိုင်ငံတကာအဖွဲ့ (ညှဉ်းပန်းနှိပ်စက်မှုတားဆီးရေး ဆပ်ကော်မီတီ) နှင့် ပြည်တွင်းအဖွဲ့များ (အမျိုးသားအဆင့် တားဆီးရေးလုပ်ငန်းစဉ်များ)ကို ဖွဲ့စည်း၍ အကျဉ်းထောင်များသို့ သွားရောက်ကာ အကျဉ်းသားများ၊ အရာရှိများနှင့်တွေ့ဆုံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားမသင့်တော်သော အပြုအမူများကို ရပ်တန့်စေရန်အတွက် တွေ့ရှိချက်အသေးစိတ်များကို မျှဝေပေးပြီး အကြံပြုချက်များ ပေးခြင်းနှင့် အာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်နိုင်သည်။

**ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်**[၁၉] ထဲတွင် မြန်မာနိုင်ငံကလည်း ပါဝင် လက်မှတ်ရေးထိုးထားသည်။ ဤသဘောတူညီချက်တွင် အခြားပြဋ္ဌာန်းချက်များအပြင် ကလေးတစ်ဦးအား ဖမ်းဆီး၊ ချုပ်နှောင် အကျဉ်းချခြင်းကို နောက်ဆုံးအဆင့် မလွှဲသာမှ လုပ်ရန်နှင့် အကျဉ်းချချိန်ကိုလည်း တတ်နိုင်သမျှ အတိုဆုံးဖြစ်စေရမည်ဟု ပုဒ်မ ၃၇ တွင် ဖော်ပြထားပါသည်။

**အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အနိမ့်ဆုံး စံနှုန်း ဥပဒေသများ (နယ်လဆင် မန်ဒဲလား ဥပဒေသများ)**[၂၀] က အကျဉ်းသားများအပေါ် လူသားချင်းစာနာမှုဖြင့် ဆက်ဆံရမည့် အနိမ့်ဆုံးစံနှုန်းများကို အသေးစိတ် ဖော်ပြထားသည်။[၂၁] ဤဥပဒေသများက အကျဉ်းသားတို့၏ ဘဝ အစိတ်အပိုင်း အားလုံး အတွက် ဖြစ်ပြီး အကျဉ်းထောင် အရာရှိများကိုလည်း အကျဉ်းထောင်များနှင့် အချုပ်စခန်းများတွင် ဘေးကင်းစွာနှင့် စည်းကမ်းတကျ ဆောင်ရွက်ရင်း အကျဉ်းသားများ၏ အခွင့်အရေးများကိုလည်း လေးစားနိုင်သော နည်းလမ်းများကို လမ်းညွှန်ထားသည်။

**အကျဉ်းသားများအပေါ် ဆက်ဆံပြုမူခြင်းဆိုင်ရာ ကုလသမဂ္ဂ အခြေခံစည်းမျဉ်းများ**[၂၂] **နှင့် ချုပ်နှောင် အကျဉ်းချခံထားရသူ အားလုံးအတွက် ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ကုလသမဂ္ဂ အခြေခံစည်းမျဉ်းများ**[၂၃]

[၁၆] ၁၆ ဒီဇင်ဘာ ၁၉၆၆ တွင်အတည်ပြုခဲ့ပြီး ၁၉၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စတင် အသက်ဝင်သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဋ္ဌာန်း ဆုံးဖြတ်ချက် အမှတ်၂၂၀၀က (၂၁) လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်။

[၁၇] ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်ရက်စက်စက် လူမဆန်စွာ လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများကို ဆန့်ကျင်ရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်။ ကုလသမဂ္ဂအထွေထွေညီလာခံပြဋ္ဌာန်းချက် ၃၉/၄၆၊ ၁၀ ဒီဇင်ဘာ ၁၉၈၄။ ၂၆ ဇွန် ၁၉၈၇ တွင်စတင်အသက်ဝင်သည်။

[၁၈] ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်ရက်စက်စက် လူမဆန်စွာ လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများကို ဆန့်ကျင်ရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်၏ နောက်ဆက်တွဲ သဘောတူညီချက်။ ကုလသမဂ္ဂ အထွေထွေညီလာခံပြဋ္ဌာန်းချက် ၅၇/၁၉၉ ၊ ၁၈ ဒီဇင်ဘာ ၂၀၀၂။ ၂၂ ဇွန် ၂၀၀၆ တွင် စတင် အသက်ဝင်သည်။

[၁၉] ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်။ ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဋ္ဌာန်းချက် ၄၄/၂၅၊ ၂၀ နိုဝင်ဘာ ၁၉၈၉။ ၂ စက်တင်ဘာ ၁၉၉၀ တွင်စတင်အသက်ဝင်သည်။ မြန်မာနိုင်ငံက ၁၉၉၁တွင် သဘောတူညီချက်ကို အတည်ပြု လိုက်နာသည်။

[၂၀] အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အနိမ့်ဆုံး စံနှုန်း ဥပဒေသများ (နယ်လဆင်မန်ဒဲလား ဥပဒေသများ)။ ကုလသမဂ္ဂအထွေထွေညီလာခံပြဋ္ဌာန်းချက် A/RES/70/175 ၊ ၁၇ ဒီဇင်ဘာ ၂၀၁၅ (နောက်ပိုင်းတွင် 'နယ်လဆင်မန်ဒဲလား ဥပဒေသများ' ဟု ရည်ညွှန်းသည်)

[၂၁] အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အနိမ့်ဆုံး စံနှုန်း ဥပဒေသများ ကို ကနဦးတွင် ကုလသမဂ္ဂ ရာဇဝတ်မှု ကာကွယ်ရေးနှင့် ပြစ်မှုကျူးလွန်သူများ အပေါ် ပြုမူဆက်ဆံပုံဆိုင်ရာ ကွန်ဂရက်က ၁၉၅၅တွင် အတည်ပြုခဲ့သည်။ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီက ၁၉၅၇ တွင် အတည်ပြုသည်။ ၂၀၁၅ တွင် ထိုဥပဒေသများ၏ ပြင်ဆင်ထားသော ဥပဒေကို ကုလသမဂ္ဂ အထွေထွေညီလာခံက တညီတညွတ်တည်း ပြဋ္ဌာန်းခဲ့သည်။

[၂၂] အကျဉ်းသားများအပေါ် ဆက်ဆံပြုမူခြင်းဆိုင်ရာ ကုလသမဂ္ဂ အခြေခံစည်းမျဉ်းများ။ ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဋ္ဌာန်းချက် ၄၅/၁၁၁၊ ၁၄ ဒီဇင်ဘာ ၁၉၉၀ (နောက်ပိုင်းတွင် 'ကုလသမဂ္ဂ အခြေခံစည်းမျဉ်းများ' ဟု ရည်ညွှန်းသည်)

[၂၃] ချုပ်နှောင် အကျဉ်းချခံထားရသူ အားလုံးအတွက် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ကုလသမဂ္ဂ အခြေခံစည်းမျဉ်းများ။ ကုလသမဂ္ဂအထွေထွေညီလာခံပြဋ္ဌာန်းချက် A/RES/43/173၊ ၉ ဒီဇင်ဘာ ၁၉၈၈။

က အကျဉ်းသားအားလုံးကို ဂုဏ်သိက္ခာရှိရှိ ဆက်ဆံရန် နှင့် အကျဉ်းထောင်တွင်း အခြေအနေများကြောင့် ရှောင်လွဲ၍ မရသည့်အခါမျိုးမှ လွဲ၍ အကျဉ်းသားအားလုံးသည် ၎င်းတို့၏ လူ့အခွင့်အရေးများ ဆက်လက် ရရှိနေရမည်ဟု အလေးပေးထောက်ပြထားသည်၊

တရားစီရင်ရေးအပိုင်းတွင် ကလေးသူငယ်များ၊ အရွယ် မရောက်သေးသူများ[၂၄] နှင့် အမျိုးသမီးများ၏ သီးခြား အခြေအနေနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် ကုလသမဂ္ဂသည် အောက်ပါ ဥပဒေသများကိုလည်း ချမှတ်ခဲ့သည်။

**အရွယ် မရောက်သေးသူများအား တရားစီရင်ရေးပိုင်းဆိုင်ရာ အနိမ့်ဆုံး လိုက်နာရမည့် စံနှုန်းများ (ဘေဂျင်း ဥပဒေသများ) [၂၅]**

**လွတ်လပ်ခွင့် ဆုံးရှုံးခံရသော အရွယ် မရောက်သေးသူများအား အကာအကွယ်ပေးရေး ဆိုင်ရာ ကုလသမဂ္ဂ ဥပဒေသများ (ဟာဗားနား ဥပဒေသများ)[၂၆]**

**အမျိုးသမီး အကျဉ်းသူများကို ပြုမူဆက်ဆံခြင်းနှင့် ပြစ်မှုကျူးလွန်သူ အမျိုးသမီးများကို အကျဉ်းချထားခြင်းမပြုပဲ အရေးယူရေးဆိုင်ရာ ကုလသမဂ္ဂဥပဒေသများ (ဘန်ကောက် ဥပဒေသများ)[၂၇]**

အကျဉ်းထောင်များဥပဒေမူကြမ်းကို ရေးဆွဲခြင်းသည် မြန်မာနိုင်ငံအတွက် အကျဉ်းသားထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေမူဘောင်များကို ကျင့်သုံးရာတွင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများနှင့် တပြေးညီဆောင်ရွက်ဖို့ရာ အရေးပါသော အခွင့်အလမ်း တစ်ခုကို ကမ်းလှမ်းမှုလည်း ဖြစ်ပါသည်။ အစိုးရ - အထူးသဖြင့် ပြည်ထောင်စု လွှတ်တော်သည် အများပြည်သူ၊ အကျဉ်းထောင်များ စီမံကွပ်ကဲခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ ပြည်တွင်းဥပဒေပြုစုခြင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ နှစ်မျိုးစလုံးကို ကျွမ်းကျင်သည့် ဥပဒေပညာရှင်များ၊ အခြား လူမှုအဖွဲ့အစည်းများအား ဝေဖန်ချက်များနှင့် အကြံပြုချက်များပေးနိုင်ရန်အတွက် လုံလောက်သောအချိန်ကို ပေးသင့်ပါသည်။ ယင်း အကြံပြုတင်ပြချက်များနှင့် မှတ်ချက်များက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများ နှင့် အပြည့်အဝ ကိုက်ညီသော အကျဉ်းထောင်များ ဥပဒေသစ်တစ်ရပ်ကို ချမှတ်ပြဋ္ဌာန်းရာတွင် အထောက်အကူပြုနိုင်မှာ ဖြစ်ပါသည်။

အကျဉ်းထောင်များဥပဒေကို ပြဋ္ဌာန်းခြင်းကို ကျော်လွန်လျက် အစိုးရအနေဖြင့် လက်တွေ့တွင်လည်း အကျဉ်းသားများကို လူသားဆန်ပြီး လူ့သိက္ခာနှင့် ကိုက်ညီသည့် အခြေအနေမျိုးထဲတွင် သူတို့၏ရပိုင်ခွင့်များကို လေးစားရင်း အပြည့်အဝ ကာကွယ်ပေးထားကြောင်းကို အမြဲတမ်းအားမခံ ပေးထားရပါမည်။

---

[၂၄] ကုလသမဂ္ဂ၏ အရွယ်မရောက်သေးသူများအား တရားစီရင်ရေးပိုင်းဆိုင်ရာ အနိမ့်ဆုံး လိုက်နာရမည့် စံနှုန်းများ အရ - အရွယ်မရောက်သေးသူ ဆိုသည်မှာ ကလေးသူငယ် သို့မဟုတ် သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေအရ ငယ်ရွယ်သူ အဖြစ် သတ်မှတ်ခံထားရသူများ ဖြစ်ပြီး ၎င်းတို့ ပြစ်မှု ကျူးလွန်လျှင် လူကြီးများကို စီရင်စစ်ဆေးပုံနှင့် မတူပဲ ကွဲပြားသော စစ်ဆေးစီရင်မှု ပြုလုပ်ရမည်။ လွတ်လပ်ခွင့် အခွင့်အရေးများ ရုပ်သိမ်းခံရသော အရွယ်မရောက်သေးသူများကို အကာအကွယ်ပေးရေးဆိုင်ရာ ကုလသမဂ္ဂ စည်းမျဉ်းများတွင် "အသက် ၁၈နှစ် မပြည့်သူများသည် အရွယ်မရောက်သေးသူများ ဖြစ်သည်"ဟု ထပ်ဆင့် ရှင်းချက်ထုတ် ထားသည်။
[၂၅] ကုလသမဂ္ဂ- အရွယ်မရောက်သေးသူများအား တရားစီရင်ရေးပိုင်းဆိုင်ရာ အနိမ့်ဆုံး လိုက်နာရမည့် စံနှုန်းများ ။ ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဋ္ဌာန်းချက် ၄၀/၃၃၊ ၂၉ နိုဝင်ဘာ ၁၉၈၅။
[၂၆] လွတ်လပ်ခွင့် ဆုံးရှုံးခံရသော အရွယ်မရောက်သေးသူများအား အကာအကွယ်ပေးရေး ဆိုင်ရာ ကုလသမဂ္ဂ ဥပဒေသများ ။ ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဋ္ဌာန်းချက် ၄၅/ ၁၁၃၊ ၁၄ ဒီဇင်ဘာ ၁၉၉၀ (နောက်ပိုင်းတွင် 'ဟာဗားနား ဥပဒေသများ' ဟု ရည်ညွှန်းသည်)
[၂၇] အမျိုးသမီး အကျဉ်းသူများကို ပြုမူဆက်ဆံခြင်းနှင့် ပြစ်မှုကျူးလွန်သူ အမျိုးသမီးများကို အကျဉ်းချထားခြင်းမပြုဘဲ အရေးယူခြင်းဆိုင်ရာ ကုလသမဂ္ဂ ဥပဒေသများ။ ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဋ္ဌာန်းချက် ၆၅/၂၂၉၊ ၂၁ ဒီဇင်ဘာ ၂၀၁၀ (နောက်ပိုင်းတွင် 'ဘန်ကောက် ဥပဒေသများ' ဟု ရည်ညွှန်းသည်)

# အကျဉ်းထောင်များဥပဒေမူကြမ်း

အကျဉ်းထောင်များဥပဒေမူကြမ်းတွင် အခန်း ၆ ခန်း ပါဝင်ပါသည်။ အောက်ပါ ဆန်းစစ်ချက်ကို အကျဉ်းထောင်များဥပဒေမူကြမ်း၏ အခန်းစဉ်အတိုင်း စီစဉ်ထားပြီး လက်ရှိဥပဒေမူကြမ်းကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီလာစေရန်အလို့ငှာ ပြုလုပ်သင့်သည့် ထပ်မံဖြည့်စွက်ချက်များ၊ ပယ်နှုတ်သင့်သည်များ၊ ပြောင်းလဲပြင်ဆင်သင့်သည်များ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ အသေးစိတ် ဝေဘန်အကြံပြုချက်များကို ထည့်သွင်းဖော်ပြထားပါသည်။

၂၀၁၅ ဒီဇင်ဘာလမှာ ပြင်ဆင်ခဲ့သည့် ပုံစံဖြင့်လက်ခံခဲ့သော နယ်လဆင် မန်ဒဲလား ဥပဒေသများနှင့် ကိုက်ညီစေရေးကို အထူးအလေးပေးဖော်ပြထားရာ  အကျဉ်းထောင်များစီမံခန့်ခွဲမှုနှင့် အကျဉ်းသားများအား ဆက်ဆံရေးဆိုင်ရာ နောက်ဆုံးဖြစ်လျက် အသိအမှတ်ပြုထားသော၊ ခိုင်လုံပြည့်စုံသော၊ နိုင်ငံတကာမှ အသိအမှတ်ပြုထားကြသည့် စံချိန်စံညွှန်းများကို တင်ပြပေးထားပါသည်။

# အခြေခံမှုများ

ဥပဒေမူကြမ်း၏ အစပိုင်းတွင် ဥပဒေမူကြမ်း ရေးဆွဲရခြင်း၏ရည်ရွယ်ချက်ကို သတ်မှတ်ဖော်ပြထားသည့် စာပိုဒ် တစ်ပိုဒ်သာ ရှိပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ အကျဉ်းထောင်များစီမံခန့်ခွဲရေးနှင့် အကျဉ်းသားများအားဆက်ဆံရေးဆိုင်ရာများကို ဂယနဂ ထောက်ပြလျက် လမ်းညွှန်ပေးမည့် အခြေခံမူဝါဒများကို ဥပဒေထဲတွင် ဦးစွာ ပြည့်ပြည့်စုံစုံ ထည့်သွင်းပေးရမည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အနေနှင့်  အခိုင်အမာ ယုံကြည်ပါသည်။ ယင်းရည်ရွယ်ချက်များကို စာပိုဒ်တစ်ပိုဒ်တည်းဖြင့် ဘက်စုံမှ ပြည့်စုံစွာ တင်ပြရန် မလုံလောက်ပါ။

ဥပမာအားဖြင့် ဥပဒေမူကြမ်းတွင် ညှဉ်းပန်းနှိပ်စက်မှုကို တားမြစ်ကြောင်း အတိအကျ ဖော်ပြမထားပါ။ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်စွာ လူမဆန်စွာနှင့် လူ့ဂုဏ်သိက္ခာနိမ့်ကျအောင် ပြုလုပ်ခံရခြင်းတို့မှ လွတ်မြောက်ခွင့်မှာ လုံးဝငြင်းပယ်၍ မရနိုင်သော အခွင့်အရေးဖြစ်သည်။ နိုင်ငံတကာဥပဒေအရ နိုင်ငံတိုင်းလိုက်နာရပြီး လူအားလုံးအတွက် အခြေအနေအားလုံးတွင် အကျုံးဝင်ပါသည်။ ဤတားမြစ်ချက်ကို စစ်ဖြစ်နေချိန်နှင့် အခြားအရေးပေါ်အခြေအနေ ကာလများတွင်ပါ ဘယ်တော့မှ ကန့်သတ်မရနိုင်ပါ။[၂၇]

မြန်မာနိုင်ငံတွင် စစ်အစိုးရအဆက်ဆက် အကျဉ်းထောင်များနှင့် အချုပ်စခန်းများတွင် ညှဉ်းပန်းနှိပ်စက်မှုမှာ အစဉ်အလာတစ်ခုလို ဖြစ်နေခဲ့သည်။[၂၈]   ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေသော ကာလအတွင်းမှာပင် ရဲများက အချုပ်စခန်းများတွင် အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ဘေးဖယ်ခံထားရသော အသိုင်းအဝန်းမှ လူများ၊ လိင်စိတ်ပြောင်းသွားသူများနှင့် လိင်လုပ်သားများကို ညှဉ်းပန်းခြင်း နှိပ်စက်ခြင်းများပြုလုပ်ခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့ပါသည်။[၂၉]

[၂၇] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)။ ကုလသမဂ္ဂ အထွေထွေညီလာခံ ပြဋ္ဌာန်းချက် 217 A(III) ၊၁၀ ဒီဇင်ဘာ ၁၉၄၈၊ ပုဒ်မ ၅။ နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ- ၁။
[၂၈] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ၂၀၀၀ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ထုတ် အစီရင်ခံစာ မြန်မာ - ညှဉ်းပန်းနှိပ်စက်မှု အဖွဲ့အစည်းများ တွင်ရှု
[၂၉] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ မြန်မာ(Index: ASA 16/024/2000) - ၂၀၁၄ ဇွန်လ ၂၆ ရက်နေ့ထုတ် မြန်မာ - ညှဉ်းပန်းမှု တားဆီးရေး အစီအစဉ်များ အမြန်ဆုံးချမှတ်ပါ နှင့် မထုတ်ပြန်ရသေးသော သုတေသန အစီရင်ခံစာတွင် ရှု၊

### အကြံပြုချက်များ

ဥပဒေမူကြမ်း၏ အစတွင် အောက်ပါ လူ့အခွင့်အရေးကာကွယ်ချက်များ အပါအဝင် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ စံနှုန်းများကို ထင်ဟပ်သည့် အခြေခံမူဝါဒများကို ထည့်သွင်းပေးရန် [31]

- အကျဉ်းသားအားလုံးကို သူတို့၏မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့်အညီ လူသားဆန်စွာ လေးစားမှုဖြင့် ပြုမူဆက်ဆံရန်
- မည်သည့်အကျဉ်းသားကိုမျှ နှိပ်စက်ခြင်း ညှဉ်းပန်းခြင်းမပြုရန်
- မည်သည့်အကျဉ်းသားကိုမျှ မည်သည့်နည်းနှင့်မျှ ခွဲခြားဆက်ဆံခြင်းမပြုရန် [32]
- အကျဉ်းသား တစ်ဦးချင်းစီနှင့် အုပ်စုများအလိုက်၊ အထူးသဖြင့် ထိခိုက်အလွယ်ဆုံးသောသူများ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်
- လွတ်လပ်ခွင့်ဆုံးရှုံးထားရသူများ၏ အခြေအနေကို ပိုမိုဆိုးဝါးသွားစေမည့် လုပ်ရပ်မျိုးမလုပ်ရန်
- အကျဉ်းသားတစ်ဦး ပြန်လွတ်လာသည့်အခါ အသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အကျဉ်းထောင်အတွင်း ချုပ်နှောင်ခံနေရသော အချိန်များကို တတ်နိုင်သမျှ အသုံးပြုရန်
- ဤသို့ အသိုင်းအဝိုင်းအတွင်း ပြန်ဝင်နိုင်ရေးအတွက် ပညာရေး၊ သက်မွေးဝမ်းကျောင်း အတတ်၊ အလုပ်အကိုင်နှင့် အခြားအထောက်အကူမျိုးကို အကျဉ်းသားများအား ပံ့ပိုးပေးရန်

အကျဉ်းထောင်များအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ဆိုးဆိုးဝါးဝါးဆက်ဆံမှုများ ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နိုင်ငံတော်က စုံစမ်းစစ်ဆေးပြီး အကျဉ်းသားများအတွက် ပြန်လည်ပြင်ဆင် ကုစားပေးရေး ရပိုင်ခွင့်၊ နစ်နာကြေးရပိုင်ခွင့်များကို နိုင်ငံတော်က တာဝန်ခံ ဆောင်ရွက်ပေးမည်ဟူသော အချက်ပါဝင်သည့် အပိုင်းတစ်ပိုင်း ထည့်သွင်းရန်၊ ယင်းအပိုင်းတွင် အောက်ပါအချက်တို့ ပါဝင်ရမည်။

- အကျဉ်းသားများကို နှိပ်စက်ခြင်း ညှဉ်းပန်းခြင်းများရှိသည်ဟူသော စွပ်စွဲချက်များကို နိုင်ငံတော်အဆင့်အဖွဲ့က အချိန်မဆိုင်းပဲ လွတ်လပ်သော၊ ဘက်မလိုက်သော စုံစမ်းစစ်ဆေး အရေးယူမှုကို ဆောင်ရွက်ပေးရန်
- ညှဉ်းပန်းနှိပ်စက်မှုတွင် ပါဝင် ပတ်သက်နေသူများကို တိုင်ကြားသူနှင့် သက်သေများအပေါ် ဩဇာလွှမ်းမိုးနိုင်သော ရာထူး နေရာများမှ ဖယ်ရှားလိုက်ရန်
- စုံစမ်းစစ်ဆေးမှုတွင် လွတ်လပ်သော ဆေးဘက်စစ်ဆေးမှုကိုပါ အချိန်မဆိုင်းပဲ ပြုလုပ်ပေးရန် နှင့်
- နစ်နာသူများ၏ ရပိုင်ခွင့်တွင် နစ်နာကြေး၊ ပြန်လည်ထူထောင်ရေး၊ ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု၊ လူမှုရေးနှင့် ဥပဒေရေးရာ အကူအညီ၊ စိတ်ကြေနပ်စေမှုနှင့် နောက်ထပ်အလားတူ အဖြစ်မျိုး မဖြစ်စေရန် အာမခံချက်တို့ စီစဉ်ပေးရန်

# အကျဉ်းထောင်များကို စီမံအုပ်ချုပ်ခြင်း (အခန်း ၂)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ (ပုဒ်မ ၃ - ၁၈)

အခန်း ၂ ၏ ပထမအပိုဒ်ခွဲတွင် အကျဉ်းထောင်များ၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးအတွက် အုပ်ချုပ်ရသူများ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြထားသည်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကျဉ်းထောင်များကို စီမံအုပ်ချုပ်ရာတွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်ပါသည်။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များတွင် အကျဉ်းဦးစီးဌာနကို စီမံခန့်ခွဲခြင်း၊ အကျဉ်းထောင်များအတွက် ဘဏ္ဍာငွေကြေးကို စီမံခန့်ခွဲခြင်း၊ အကျဉ်းသားများ၏ လုံခြုံရေးကို ထိခိုက်နိုင်သော အခြေအနေများ (ဥပမာ သဘာဝဘေးအန္တရာယ်နှင့် ကူးစက်ရောဂါများ)ကိုတုံ့ပြန်ဆောင်ရွက်ခြင်း၊ အကျဉ်းသားများ၏ တိုင်ကြားချက်များနှင့် ပတ်သက်၍ အမိန့်များ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခြင်း နှင့် အကျဉ်းထောင် အရာရှိများအား ခန့်အပ်ခြင်းတို့ပါဝင်သည်။ ဥပဒေမူကြမ်းအရ အကျဉ်းထောင်များ စီမံအုပ်ချုပ်မှုကို "တာဝန်ခံအရာရှိများ"[33] က ဆောင်ရွက်ပြီး ၎င်းတို့က လုံခြုံရေးအတွက် စီမံခန့်ခွဲခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အကျဉ်းထောင်မှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်း၊ အကျဉ်းသားများ၏ ကျန်းမာရေးကို စောင့်ကြည့်ခြင်းနှင့် ပြစ်မှုကျူးလွန်သော အကျဉ်းသားများကို ချုပ်နှောင် ပြစ်ဒဏ်ပေးခြင်းတို့ကို ပြုလုပ်ရသည်။

---

[31] ရှုရန်- နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၁-၅။

[32] ခွဲခြားဆက်ဆံခြင်း မပြုရသော အကြောင်းရင်းများတွင် လူမျိုး၊ ကျား မ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်ရာ၊ နိုင်ငံရေးနှင့် အခြား ယုံကြည်ချက် ခံယူချက်၊ အဖွဲ့အစည်း တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်မှု၊ အဆင့်အတန်း၊ လုပ်ရှားဆောင်ရွက်မှု၊ ဇစ်မြစ်၊ နိုင်ငံသား၊ တိုင်းရင်းသားဖြစ်မှုနှင့် လူမှုရေးအသိုင်းအဝိုင်း၊ အသက်၊ စီးပွားရေးအဆင့်အတန်း၊ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ အိမ်ထောင် ရှိမရှိ၊ လိင်ပိုင်းဆိုင်ရာ သတ်မှတ်ခံရလိုမှု၊ မည်သူမည်ဝါ ခွဲခြားသတ်မှတ်မှု၊ စသော အကြောင်းများပါဝင်သည်။ ခွဲခြားဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်နိုင်သော ပုံစံများကို အထူးဂရုစိုက်ကြည့်သင့်သည်။ ပုဒ်မ ၄၂(ဂ) နှင့် စပ်ဆိုင်သော အကြံပြုချက်များကို စာမျက်နှာ ၂၄-၂၅ တွင်ရှု

[33] တာဝန်ခံအရာရှိ ကို ပုဒ်မ ၂ (x) တွင် "အကျဉ်းထောင်တခုကို စီမံ ခန့်ခွဲ ကြီးကြပ်ရန် တာဝန်ပေးအပ် ခံထားရသော အကျဉ်းထောင် ဝန်ထမ်းအရာရှိ" ဟူ၍ အဓိပ္ပါယ် ဖွင့်ထားသည်။

ယခုဥပဒေမူကြမ်းက အကျဉ်းထောင် အုပ်ချုပ်ရေးစနစ်အတွင်း တာဝန်ရှိသူ အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲခြားသတ်မှတ် ပေးထားသည်မှာ အရေးပါသော်လည်း အကျဉ်းထောင်ဝန်ထမ်းများ၏ အရည်အချင်း သတ်မှတ်ချက်များနှင့် လိုအပ်သော လေ့ကျင့်သင်ကြားထားမှု၊ အမျိုးသမီး အကျဉ်းသူများကို စောင့်ရှောက်မှု၊ အကျဉ်းထောင်အရာရှိများက အင်အားသုံးမှု စသော ကိစ္စရပ်များအတွက် အပါအဝင် အဓိကကျသည့် ပြဋ္ဌာန်းချက် အများအပြား မပါဘဲကျန်ရစ်ခဲ့ပါသည်။

## အကျဉ်းထောင် ဝန်ထမ်းများ၏ အရည်အချင်း သတ်မှတ်ချက်များနှင့် လေ့ကျင့်သင်ကြားပေးမှု

အကျဉ်းထောင်များကို စနစ်တကျ လုံခြုံစွာစီမံခန့်ခွဲနိုင်ရေးနှင့် အကျဉ်းသားများ၏ အခွင့်အရေးများကို အကာအကွယ် ပေးနိုင်ခြင်းများသည် အကျဉ်းထောင်အရာရှိများ၏ အရည်အချင်းပြည့်မီမှုနှင့် သိက္ခာရှိမှုအပေါ်တွင် များစွာ မှီတည် နေပါသည်။ ထို့ကြောင့် နိုင်ငံတကာ စံနှုန်းများတွင် အကျဉ်းထောင် အမှုထမ်းများကို ၎င်းတို့၏ သိက္ခာရှိမှု၊ လူသားဆန်မှု၊ အကျဉ်းထောင်လုပ်ငန်းအတွက် သင့်တော်ကာ ကျွမ်းကျင်စွာ လုပ်နိုင်စွမ်းရှိမှု စသည့် အခြေခံမျိုးဖြင့် စနစ်တကျ ရွေးချယ်ရမည်ဟု ဖော်ပြထားသည်။[၃၄] သင့်တော်သော ဝန်ထမ်းများ ရရှိပြီး စွဲစွဲမြဲမြဲ လုပ်ကိုင်နိုင်စေရန် အတွက် အကျဉ်းထောင် ဝန်ထမ်းများကိုလည်း နိုင်ငံတော်ဝန်ထမ်း အဖြစ်သတ်မှတ်ပေးပြီး အခြားလုပ်ငန်းခွင် မက်လုံးများအပြင် ထိုက်တန်သော လစာများ၊ ကာလရှည် အမှုထမ်းခွင့်များကို ရရှိအပ်ပါသည်။[၃၅] အကျဉ်းထောင် ဝန်ထမ်းများထဲတွင် အမျိုးသမီးရော အမျိုးသားပါ ပါဝင်ကြရန်ဖြစ်လျက် စိတ်ပညာရှင်များနှင့် ကျောင်းဆရာများကဲ့သို့ အတတ်ပညာရှင်များလည်း လုံလောက်စွာ ပါဝင်ရပါမည်။[၃၆]

အကျဉ်းထောင်များကို စီမံအုပ်ချုပ်ရာတွင် ဗဟုသုတနှင့် ကျွမ်းကျင်မှုအဆင့်အတန်းကလည်း များစွာမှအရေးကြီးပါသည်။ ထို့အတွက် ဝန်ထမ်းများကို နှိပ်စက်ညှဉ်းပန်းခြင်းများကို တားမြစ်ထားသည့်အကြောင်း၊ ပဋိပက္ခကိုဖြေရှင်းရေး နှင့် အင်အားသုံးခြင်းနှင့် ရုပ်ပိုင်းအရ ချုပ်နှောင်ရခြင်းများ လျော့နည်းသွားစေရေး နည်းလမ်းများ စသည်တို့အပါအဝင် ဝန်ထမ်းများကို နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းများ ကဲ့သို့သော အကြောင်းအရာများကို လေ့ကျင့်သင်တန်းပေးမှုများလည်း ပြုလုပ်ပေးရပါမည်။ အမျိုးသမီးများ၊ လူငယ်များ[၃၇] မသန်စွမ်းသူများနှင့် စိတ်ကျန်းမာရေး ချို့ယွင်းနေသူများ[၃၈] စသဖြင့် အကျဉ်းသားအုပ်စုအမျိုးမျိုး၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင်ပါ အကျဉ်းထောင် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။

### အကြံပြုချက်များ

ညွှန်ကြားရေးမှူးချုပ် အပါအဝင် အကျဉ်းထောင် ဝန်ထမ်းအားလုံးသည် ၎င်းတို့၏ တာဝန်များကို အဆင့်အတန်းမြင့်မြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောအရည်အချင်းနှင့် လေ့ကျင့်သင်ကြားမှုများရှိရမည်ဆိုသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းရန်

အကျဉ်းထောင်အုပ်ချုပ်ရေးအဖွဲ့က ဝန်ထမ်းများအား နိုင်ငံတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံနှုန်းများအကြောင်း၊ ညှဉ်းပန်းနှိပ်စက်မှု ပုံစံအားလုံးကို တားမြစ်ထားကြောင်း၊ ပဋိပက္ခတားဆီးရေး၊ အင်အားအသုံးပြုမှု လျှော့ချရေးနှင့် ချုပ်နှောင်သောပစ္စည်းများ အသုံးပြုမှုလျှော့ချရေး စသည့်အပိုင်းများကို လေ့ကျင့်သင်ကြားပေးရမည်ဟူသော ပြဋ္ဌာန်းချက်တစ်ခု ထည့်သွင်းရန်

အကျဉ်းထောင် ဝန်ထမ်းများအားလုံးသည် နိုင်ငံတော် အမှုထမ်းများဖြစ်သည်၊ ၎င်းတို့၏ လုပ်ငန်းခွင် အခြေအနေများ အဆင်ပြေ ချောမွေ့စေရမည် ဆိုသော အချက်ကို ပြဋ္ဌာန်းချက်တစ်ခု အဖြစ် ထည့်သွင်းရန်

## အမျိုးသမီး အကျဉ်းသူများ

အကျဉ်းထောင်တွင်း ကျရောက်နေသော အမျိုးသမီးများသည် ခန္ဓာကိုယ်၊ လုံခြုံရေး၊ ဥပဒေကြောင်းနှင့် စိတ်ပိုင်းဆိုင်ရာ စသဖြင့် အမျိုးသားများနှင့် မတူကွဲပြားသော လိုအပ်ချက်များရှိကြပါသည်။ ဤလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမပြုပဲ အမျိုးသမီးများအတွက် လုံလောက်သော အကာအကွယ်များ မပေးအပ်ခဲ့လျှင် မြန်မာနိုင်ငံ ပါဝင် လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု အလုံးစုံ ပပျောက်ရေး သဘောတူစာချုပ် (CEDAW) ကို ချိုးဖောက်ရာ ရောက်ပါသည်။

---

[၃၄] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၇၄-၁။
[၃၅] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၇၄-၃။
[၃၆] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၇၅ မှ ၈၀။
[၃၇] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ကြိုတင် ရှာဖွေတွေ့ရှိချက် ၄။ "ငယ်ရွယ်သော အကျဉ်းသားများအုပ်စု ထဲတွင် အရွယ်မရောက်သေးသူများအား စစ်ဆေးစီရင်သော တရားရုံးများသို့ ရောက်လာသူများအားလုံးကို ထည့်သွင်းသင့်သည်။"
[၃၈] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၇၅ နှင့် ၇၆။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများ၊ အထူးသဖြင့် ဘန်ကောက်ဥပဒေသများတွင် အမျိုးသမီး အကျဉ်းသူများကို ဆက်ဆံရမည့် ကဏ္ဍအသီးသီးမှ နည်းလမ်းများနှင့် ပတ်သက်၍ အသေးစိတ် ညွှန်ကြားချက်များကို ဖော်ပြထားပါသည်။ ၎င်းတို့အထဲတွင် အမျိုးသားများနှင့် ခွဲခြားလျက် ချုပ်နှောင်ထားခြင်း[၃၉] ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးနို့တိုက်နေသော မိခင်များ၊ ကလေးငယ်များနှင့် အတူနေရသော အမျိုးသမီးများကို စောင့်ရှောက်ရပုံ၊ အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်းမှ အကာအကွယ်ပေးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းမှ အကာအကွယ်ပေးခြင်း၊ တကိုယ်ရေ သန့်ရှင်းရေးနှင့် အမျိုးသမီးသမီးများအတွက် သီးသန့်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ခန္ဓာကိုယ်ပေါ်ရှာဖွေခြင်းကို အမျိုးသမီးဝန်ထမ်းကသာ စာနာစိတ်နှင့်ပြုလုပ်ခြင်းတို့ ပါဝင်သည်။[၄၀] နယ်လဆင် မန်ဒဲလား ဥပဒေသများကလည်း အမျိုးသမီး အကျဉ်းသူများ၏ သီးသန့် လိုအပ်ချက်နှင့် အခွင့်အရေးများကို ဖော်ပြထားသည်။ ယင်းတို့ထဲတွင် အမျိုးသမီးအကျဉ်းသူများကို အမျိုးသမီးဝန်ထမ်းများကသာ ကြီးကြပ် စောင့်ရှောက်ရန်လည်း ပါဝင်သည်။ အမျိုးသမီးဝန်ထမ်းမပါပဲ မည်သည့် အမျိုးသားဝန်ထမ်းမျှ အမျိုးသမီးအကျဉ်းသူများထားရာ အပိုင်းသို့ ဝင်ရောက်ခြင်း မပြုရန်ဆိုသောအချက်လည်း ပါဝင်သည်။ [၄၁]

အချုပ်ထောင်အကျဉ်းထောင်များတွင် အဓမ္မပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာစော်ကားခြင်းများ ရှိကြောင်း သတင်းများနှင့် အမျိုးသားလုံခြုံရေး ဝန်ထမ်းများက အမျိုးသမီးအကျဉ်းသူများကို လိင်ပိုင်းဆိုင်ရာစော်ကား ခြိမ်းခြောက်မှုများ ရှိသည်ဆိုသော သတင်းများကြောင့် ယခုဥပဒေမူကြမ်းတွင် အမျိုးသမီး အကျဉ်းသူများနှင့် ပတ်သက်၍မည်သို့မှ ဖော်ပြမထားသည်မှာ စိုးရိမ်စရာဖြစ်ပါသည်။[၄၂]

> ### အကြံပြုချက်
>
> အထက်တွင်ဖော်ပြထားသော ဘန်ကောက် ဥပဒေသများနှင့် နယ်လဆင် မန်ဒဲလားဥပဒေသများနှင့် အညီ အမျိုးသမီး အကျဉ်းထောင်များ၊ အမျိုးသမီး အဆောင်များနှင့် အမျိုးသမီး အကျဉ်းသူများအပေါ် ဆက်ဆံမှုများနှင့် ပတ်သက်သော သီးသန့်အခန်းတစ်ခန်းကို ထည့်သွင်းရန်

## အကျဉ်းထောင် အရာရှိများက အင်အားကို အသုံးပြုခြင်း

ဥပဒေမူကြမ်း ပုဒ်မ ၇ တွင် "အကျဉ်းထောင်တာဝန်ခံ အရာရှိများ" ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဖော်ပြထားပါသည်။ ပုဒ်မ ၇ (ည) မှာမူ အထူးစိုးရိမ်စရာကောင်းပါသည်။ အကြမ်းဖက်ခြင်း၊ အကျဉ်းထောင်ပစ္စည်းများ ဖျက်ဆီးခြင်းကို ကျူးလွန်သော အကျဉ်းသားအား ဟန့်တားခြင်း၊ ရပ်တန့်ရန် အမိန့်ပေးခြင်း၊ လက်နက် သို့မဟုတ် သေနတ်ဖြင့် မပစ်ခတ်မီ သတိပေးခြင်းများ ပြုလုပ်သော်လည်း လိုက်နာခြင်းမရှိပါက တာဝန်ခံအရာရှိသည် ၎င်းအကျဉ်းသားအား "လက်နက် သို့မဟုတ် သေနတ်" ကို အသုံးပြု ဖမ်းဆီးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အကျဉ်းထောင် အာဏာပိုင်များသည် သေနတ် မပစ်ဖောက်မီ အကျဉ်းသားအား သတိပေးရမည့် တာဝန်ရှိပါသည်။ အထက်ဖော်ပြပါ အခြေအနေမျိုးတွင် "လိုအပ်သည့် အင်အား" ထက် ပိုမိုသုံးစွဲခြင်း မပြုရဟု ဥပဒေမူကြမ်းတွင် ပါရှိသည်ကိုလည်း ကျွန်ုပ်တို့ သတိပြုမိပါသည်။ သို့သော် "လိုအပ်သည့် အင်အား" ဆိုသည်ကို ရှင်းရှင်းလင်းလင်း သတ်မှတ် ဖော်ပြမထားပါ။

အကျဉ်းထောင် အရာရှိများသည် အကျဉ်းထောင်အတွင်း လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းရမည်မှာ မှန်သော်လည်း နိုင်ငံတကာစံနှုန်းများအရ အကျဉ်းသားများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဝန်ထမ်းများသည် အလွန်ထူးခြားသော အခြေအနေမျိုးတွင်မှအပ လက်နက်မကိုင်ဆောင်ရဟု သတ်မှတ်ထားပါသည်။ ထို့အပြင် အင်အားကို ဘေးကင်းစွာ အသုံးပြုနိုင်အောင်၊ သို့မဟုတ် အင်အားသုံးစရာမလိုသော နည်းလမ်းများကို အသုံးပြုတတ်အောင် လေ့ကျင့်ပေးထားသူများလည်း ဖြစ်ရပါမည်။[၄၃] နိုင်ငံတကာစံနှုန်းများအရ လက်နက်နှင့် ပစ်ခတ်ရခြင်းမျိုးကို လုံးဝရှောင်လွှဲ၍ မရသော အခြေအနေမျိုးနှင့်ကြုံမှသာ အသက်အန္တရာယ် ကာကွယ်နိုင်ရန် အသုံးပြုနိုင်သည်ဟု ဖော်ပြထားပါသည်။[၄၄]

အကျဉ်းထောင် အာဏာပိုင်များက အကျဉ်းသားများအပေါ် အင်အားအသုံးပြုခြင်းနှင့် ပတ်သက်၍ ဥပဒေမူကြမ်းထဲတွင် နောက်ထပ် တစ်စုံတစ်ရာ ဖော်ပြထားခြင်း၊ ထိန်းညှိထားခြင်း မရှိသည်ကိုလည်း စိုးရိမ်စရာတွေ့ရပါသည်။ အကျဉ်းထောင်အရာရှိများက အင်အားအသုံးပြုခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများအရ လိုအပ်သော ဥပဒေသများကို

---

[၃၉] ဥပဒေမူကြမ်း ပုဒ်မ ၇(ခ) နှင့် ၂၄ (က) တို့တွင် ဤအကြောင်းကို ဖော်ပြထားသည်။ ဒုတိယတစ်ခုမှာ အမျိုးသားနှင့် အမျိုးသမီး အကျဉ်းသူ အကျဉ်းသားများ တွေ့ဆုံ၊ စကားပြော၊ မြင်တွေ့ခြင်းကို မလိုအပ်ပဲ "လုံးဝ" ပိတ်ပင်တားမြစ်ခြင်းဖြစ်သည်။

[၄၀] ဥပဒေမူကြမ်း ပုဒ်မ ၂၂(ဃ) တွင် တစ်စိတ်တစ်ပိုင်း ဖော်ပြထားသည်။ သို့ရာတွင် ယင်းဖော်ပြချက်မှာ "ထောင်တွင်း စတင် လက်ခံသော အကျဉ်းသားများ" ကို ရှာဖွေခြင်းကိုသာ ရည်ညွှန်းထားပြီး ရှာဖွေခြင်းများကို လူသားဆန်စွာ ပြုလုပ်ရမည်ဟု ဖော်ပြချက် လုံးဝမပါရှိပေ။

[၄၁] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ အမှတ်၈၁

[၄၂] ရှုရန် - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နှင့် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) 'မြန်မာနိုင်ငံရှိ အမျိုးသမီး နိုင်ငံရေး အကျဉ်းသားများ " ပူးတွဲအစီရင်ခံစာ၊ စက်တင်ဘာ ၂၀၀၄ ။ Asia Justice and Rights (AJAR), Opening the Box: မြန်မာနိုင်ငံတွင်းစစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသမီးများအပေါ်ကျူးလွန်မှု အတွေ့အကြုံများ၊ စက်တင်ဘာ၂၀၁၅။

[၄၃] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၇၆ (၁)။

[၄၄] ဥပဒေ ထိန်းသိမ်းရေး အရာရှိများက အင်အားသုံးခြင်းနှင့် လက်နက်သုံးခြင်းဆိုင်ရာ ကုလသမဂ္ဂ အခြေခံဥပဒေသ အမှတ် ၉

သတ်မှတ်ပေးထားသော အခန်းလည်း ယင်းဥပဒေမူကြမ်းတွင် မပါဝင်ပါ။[၄၅] ယင်းအချက်ကို ဥပဒေမူကြမ်းကို ပြင်ဆင်ရာတွင် ထည့်သွင်းပေးသင့်ပါသည်။

### အကြံပြုချက်များ

ပုဒ်မ ၇(ည)ကို ဖြုတ်၍ အကျဉ်းထောင်အရာရှိများက အင်အားသုံးခြင်းကို ထိန်းညှိသော အောက်ပါ ပြဌာန်းချက်များ ပါဝင်သည့် အခန်းခွဲတစ်ခုဖြင့် အစားထိုးပေးရန်

- အကျဉ်းထောင် အရာရှိများအနေနှင့် မိမိကိုယ်ကို ကာကွယ်ရန်မှလွဲ၍ အင်အားမသုံးရန်၊ သို့မဟုတ် အကျဉ်းသားက ထွက်ပြေးရန် ကြိုးစားခြင်း၊ ဥပဒေနှင့်အညီပေးသော အမိန့်ကို မနာခံခြင်းနှင့် အန္တရာယ်ပြုရန် ကြိုးပမ်းခြင်းကဲ့သို့သော လုပ်ရပ်များကြောင့် အကျဉ်းထောင်အတွင်း လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားရန် မလွှဲမရှောင်သာ လိုအပ်လာသော အခြေအနေမျိုးတွင်သာ အသုံးပြုရန်
  အင်အားမသုံးသော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းက ထိရောက်မှုမရှိကြောင်း ထင်ရှားလာသောအခါမှ နောက်ဆုံးအဆင့်အဖြစ် အင်အားကို အသုံးပြုရန်၊အင်အားသုံးရာတွင်လည်း လိုအပ်သလောက်သာ အနည်းဆုံးသုံးရန်
- အသက်အန္တရာယ်ကို ကာကွယ်ရန် မလွှဲမရှောင်သာသော အခြေအနေမှ လွဲ၍ လူသေစေနိုင်သော လက်နက်များကို ရည်ရွယ်ချက်ဖြင့် အသုံးမပြုရန်
- အင်အားသုံးရသော ဖြစ်ရပ်မျိုး ရှိလျှင် ချက်ခြင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို သတင်းပို့ရန်
- အရေးပေါ်စီမံချက်နှင့် လူပ်ရှားရသော အခြေအနေမျိုးမှလွဲ၍ အကျဉ်းထောင် အရာရှိများက သေနတ် နှင့် အခြား လူသေစေနိုင်သော လက်နက်များ ကိုင်ဆောင်ခြင်းမပြုရန်

ဥပဒေမူကြမ်း၏ ပုဒ်မ ၆ နှင့် ၇ တွင် အကျဉ်းသားများကို ချုပ်နှောင်ထိန်းသိမ်းနိုင်သော နည်းလမ်းများကိုလည်း ဖော်ပြထားသည်။ ယင်းပြဌာန်းချက်များနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စိုးရိမ်ချက်နှင့် အကြံပြုချက်များကို အောက်တွင် **ပြစ်မှုများနှင့် ပြစ်ဒဏ်များ** အခန်း၌ အသေးစိတ် ဖော်ပြထားပါသည်။ (စာမျက်နှာ ၂၅)

# အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲခြင်းနှင့် အသက်မွေးပညာ လေ့ကျင့်သင်ကြားပေးခြင်း (ပုဒ်မ ၁၁-၁၈)

နိုင်ငံတကာ စံနှုန်းများသည် လည်းကောင်း၊ အကျဉ်းထောင်စီမံခန့်ခွဲရေး နည်းလမ်းကောင်းများနှင့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုသည် လည်းကောင်း အကျဉ်းထောင်များ၏ စာရိတ္တ ပြုပြင်ရေးတာဝန်ကို အလေးပေးကြပါသည်။[၄၆] အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုက သူတို့၏ လူမှုရေး အခြေအနေကို ပြန်ပြီးထူထောင်ပေးရေးကို စီစဉ်ပေးနိုင်ရန် နှင့် ပြန်လွှတ်ပေးချိန်တွင် လူ့အဖွဲ့အစည်းအတွင်းသို့ အောင်အောင်မြင်မြင် ပြန်လည်ပါဝင်နိုင်ဖို့အတွက် ရည်မှန်းပြုလုပ်ရပါသည်။ ဤရည်မှန်းချက်ဖြင့် အကျဉ်းထောင်အုပ်ချုပ်သူများနှင့် အခြားအာဏာပိုင်များသည် အကျဉ်းသားများကို ပညာသင်ယူခွင့်၊ အသက်မွေးဝမ်းကျောင်း လေ့လာသင်ကြားခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးသင့်ပါသည်။[၄၇] ထို့ကြောင့် အကျဉ်းသားများ၏ ပြန်လည်ထူထောင်ရေးကို ရှေ့ရှု၍ ပညာသင်ကြားခွင့်၊ သက်မွေးဝမ်းကျောင်း အတတ်သင်ယူခွင့်၊ ဘာသာရေးအလုပ်များ လုပ်ခွင့်၊ စာပေဖတ်ရှု လေ့လာခွင့်နှင့် ကျန်းမာပျော်ရွှင်အောင် အပန်းဖြေခွင့်များ ပေးထားသော ပုဒ်မ ၁၁ မှ ၁၈ တို့ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကြိုဆိုပါသည်။

မည်သို့ပင်ဖြစ်စေ ပုဒ်မ ၁၁ နှင့် ၁၂ တွင် အကျဉ်းသားများ၏ "စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး" ကို ရည်မှန်းချက်တစ်ရပ် အဖြစ် ပြဌာန်းထားသည်ကို မိမိတို့က စိုးရိမ်မိပါသည်။ ဤအချက်မှာ မရှင်းလင်းဘဲ လက်တွေ့တွင် ဘာကိုဆိုလိုမှန်း မသိရပါ။ ဤအချက်ကို အတိအကျ အဓိပ္ပါယ်ဖွင့်မထားလျှင် အကျဉ်းသားများအား " ပြုပြင်ပြောင်းလဲရေး" မှာ ၎င်းတို့အား အလွဲသုံးဆက်ဆံရေးဆီသို့ ဦးတည်သွားမည်ကို စိုးရိမ်ရပါသည်။

---

[၄၅] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၈၂၊ ဥပဒေ ထိန်းသိမ်းရေး အရာရှိများက အင်အားသုံးခြင်း နှင့် လက်နက်သုံးခြင်းဆိုင်ရာ ကုလသမဂ္ဂ အခြေခံဥပဒေသများ၊ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့သော ပြဌာန်းဆုံးဖြတ်ချက် အမှတ် ၃၄/၁၆၉ ဥပဒေထိန်းသိမ်းရေးအရာရှိများအတွက် ကျင့်ထုံး
[၄၆] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၉၇မှ ၉၂ နှင့် ၁၀၄။
[၄၇] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄။

ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများကို အကျဉ်းဦးစီးဌာန၏ အစီအစဉ်ဖြင့်၊ အကျဉ်းသားများက ပါဝင်လုပ်ဆောင်လိုကြောင်းကို ထုတ်ဖော်ပြောဆိုခွင့် မရှိဘဲနှင့် ပြုလုပ်ရမည်ဟု ဆိုထားသည့် ပုဒ်မ ၁၂ သည်လည်း စိုးရိမ်စရာ ဖြစ်ပါသည်။ ဘာသာရေးလှုပ်ရှားမှုများကို အကျဉ်းသားများအား လုပ်ဆောင်စေခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတန်း (UDHR) အပိုဒ် ၁၈ ပါ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ သက်ဝင်ယုံကြည်ခွင့် နှင့် ကိုးကွယ်ခွင့်များ ရှိသည် ဆိုသော အချက်ကို ချိုးဖောက်ရာ ရောက်နေပါသည်။

ထို့အပြင် ပုဒ်မ ၁၆ အရ အကျဉ်းဦးစီးဌာနက အကျဉ်းသားများအတွက် အပန်းဖြေစရာ လှုပ်ရှားမှုများ လုပ်ဆောင်ပေးရမည်ဟု ပြဌာန်းထားခြင်းကို မိမိတို့ ကြိုဆိုသော်လည်း အကျဉ်းသားများကို နိုင်ငံတကာစံနှုန်းများနှင့် အညီ နေ့စဉ် အခန်းပြင်ပ တွင် နေခွင့်ကို အချိန်လုံလောက်စွာ ပေးမည်ဟူ၍ ထည့်သွင်းဖော်ပြ မထားပါ။[၄၈]

## အကြံပြုချက်များ

ပုဒ်မ ၁၁ နှင့် ၁၂ ပါ "စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေး" ဆိုသော စကားရပ်အား "ပြန်လည်ထူထောင်ရေး" ဆိုသော စကားရပ်ဖြင့် အစားထိုးရန်၊ ဘာသာရေးလုပ်ငန်းများတွင် အကျဉ်းသားများကိုယ်တိုင် ဆန္ဒရှိမှ ပါဝင်ရေးနှင့် ပါဝင်ခြင်းမရှိလျှင်လည်း အကျိုးဆက်ဆိုးများ မရှိစေရေးကို အာမခံပေးရန် လိုပါသည်။

ပုဒ်မ ၁၆ တွင် အကျဉ်းသားအားလုံး တစ်နေ့လျှင် အနည်းဆုံးတစ်နာရီ ကျန်းမာရေးလေ့ကျင့်ခန်းကို အခန်းပြင်ပတွင် လုပ်ခွင့်ပေးရန်ဆိုသောအချက်ကို ထည့်သွင်း ပြင်ဆင်ပါ။

အကျဉ်းသားများ အလုပ်စေခိုင်းခြင်းနှင့် ပတ်သက်သည့် အကြံပြုချက်များကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာဆန်းစစ်ချက် အခန်းခွဲ- ပြစ်ဒဏ်ကျခံပြီး အကျဉ်းသားများကို အလုပ်ခိုင်းစေခြင်း (ပုဒ်မ ၃၆-၃၇) (စာမျက်နှာ ၂၂)

တွင် အသေးစိတ်ဖော်ပြထားပါသည်။

# ကျန်းမာရေးစောင့်ရှောက်မှု (ပုဒ်မ ၁၉ - ၂၁)

## ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ဆိုင်ရာ အခြေခံမှုများ

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ဆက်လက်ပြုလုပ်နေသော သုတေသနပြုချက်များနှင့် အခြားအဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များနှင့် အခြားထိန်းသိမ်းရေးစခန်းများတွင် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှုမှာ စိုးရိမ်စရာအခြေအနေတွင် ရှိမြဲ ရှိနေပါသေးသည်။[၄၉] သာဓကအားဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြည်နယ်နှင့်တိုင်း ခြောက်ခုရှိ အကျဉ်းထောင်များသို့ သွားရောက်ကြည့်ရှုခဲ့ရာ ထောင်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေမှာ စိုးရိမ်စရာရှိနေကြောင်း တွေ့ရှိခဲ့ပါသည်။[၅၀] အချို့သော အကျဉ်းထောင်များတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးမှ မရှိကြောင်းကိုလည်း တွေ့ခဲ့ကြသည်။ ကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းခြင်းက အကျဉ်းသားများအား ၎င်းတို့၏ ခန္ဓာကိုယ်နှင့် စိတ်ကျန်းမာရေး အကောင်းဆုံးရပိုင်ခွင့်ကို ငြင်းပယ်ခံထားရ သလို ဖြစ်ပြီး ကူးစက်ရောဂါများ ကူးစက်ခံရနိုင်ခြင်းနှင့် မသန့်ရှင်းသောရေနှင့် အစားအသောက်များကလည်း ကျန်းမာရေးကို ထိခိုက် စေနိုင်ပါသည်။[၅၁] အမေရိကန် နိုင်ငံခြားရေးဌာန၏ ၂၀၁၅ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာတွင် အကျဉ်းသားများသည် အရည်အသွေးမီသော ကျန်းမာရေးစောင့်ရှောက်မှုကို အချိန်မီမရကြကြောင်း၊ အကျဉ်းသားများသည် သန့်ရှင်းမှုမရှိသော နေရာထိုင်ခင်းနှင့် ဆိုးဝါးသော အစားအစာများကြောင့် ငှက်ဖျား၊ နလုံးရောဂါ၊ သွေးတိုး၊ တီဘီ၊ အရေပြားရောဂါများနှင့် ဝမ်းရောဂါများ အပါအဝင်ရောဂါမျိုးစုံ ခံစားနေရသည်ဟု ဖော်ပြထားပါသည်။"[၅၂]

ဥပဒေမူကြမ်းတွင် အကျဉ်းထောင်အာဏာပိုင်များသည် အကျဉ်းထောင်များတွင်ဖြစ်စေ၊ ထောင်ဆေးရုံတွင်ဖြစ်စေ၊ အခြားနေရာဒေသများတွင် ဖြစ်စေ အကျဉ်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည့်စုံစွာပေးရမည်ဟု ဖော်ပြထားသည်ကို

---

[၄၈] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၂၃။

[၄၉] ဥပမာ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ၂၀၁၆ ဇူလိုင် ၁၈ ထုတ် အစီရင်ခံစာ - မြန်မာ - ဆန္ဒပြသူ ၁၅ ဦးတရားစွဲဆို ထိန်းသိမ်းခံနေရဆဲ (Index: ASA 16/4476/2016)၊ မြန်မာ - ထိန်းသိမ်းခံ ကချင်တက်ကြွလှုပ်ရှားသူ ပက်ထရစ်ခွန်ဂျာလီ၏ ကျန်းမာရေးစိုးရိမ်ရကြောင်း နောက်ထပ်သတင်းများရ (Index: ASA 16/3105/2016) (၁၈ ဒီဇင်ဘာ ၂၀၁၅)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)၊ လက်ပန်းတောင်းတရားမျှတရေးကော်မီတီ၊ Justice Trust အဖွဲ့တို့၏ ၂၀၁၅ ဒီဇင်ဘာထုတ် အစီရင်ခံစာ - လက်ပန်းတောင်းအရေးတွင်အဖမ်းခံနေရသူများ၏ ကျန်းမာရေးစိုးရိမ်ရ။

[၅၀] မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC)၊ ၂၀၁၅ နှင့် ၂၀၁၆ ထုတ် ကြေငြာချက်များ။http://www.mnhrc.org.mm/en/statements-2/

[၅၁] ၁၉၆၆ ဒီဇင်ဘာ ၁၆ ရက်နေ့က အတည်ပြုခဲ့သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၂၂၀၀က (၂၁)၊ ပုဒ်မ ၁၂

[၅၂] အမေရိကန် နိုင်ငံခြားရေးဌာန၏ ၂၀၁၅ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ၊ စာမျက်နှာ ၄

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကြုံဆိုပါသည်(ပုဒ်မ ၁၉ -၂၂) ။ သို့ရာတွင် အကျဉ်းထောင်များတွင် ရှိကြသည့် ကျန်းမာရေးဝန်ဆောင်မှုများမှာ အသေးစိတ်များ အနည်းအကျဉ်းမျှသာ ပါရှိနေကာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံနှုန်းများပါ အဓိက အခြေခံမူဝါဒများ နှင့် ဥပဒေသများကို ချန်လှပ်ထားခြင်းကိုမူ မိမိတို့ စိုးရိမ်မိပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံနှုန်းများကို အပြည့်အဝနှင့် ကိုက်ညီလိုက်နာရန် ဥပဒေမူကြမ်းသည် အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံစားရရှိရေးကို ပြဋ္ဌာန်း ပေးသည့် အချက်များ အသေးစိတ် ပါဝင်ရပါမည်။ ယင်းပြဋ္ဌာန်းချက်များထဲတွင် ဥပမာ အကျဉ်းသားများသည် ပြင်ပ လူ့အဖွဲ့အစည်းအတွင်းမှာ ခံစားရရှိနေသည့် ကျန်းမာရေးစောင့်ရှောက်မှုစံနှုန်းမျိုးကို အခမဲ့ ခွဲခြားခြင်းမရှိ တန်းတူရပိုင်ခွင့် ရှိကြခြင်း၊ အကျဉ်းသားများထံတွင် ဆေးမှတ်တမ်းများကို လုံခြုံစွာ ထိန်းသိမ်းပေးမည့် ရပိုင်ခွင့်ရှိကြခြင်း၊ ၎င်းတို့၏ သဘောတူခွင့်ပြုချက် မပါဘဲ ဆေးဝါးကုသမှု မပေးသင့်ကြောင်းကို တိတိပပ ထည့်သွင်းပေးထားသင့်ပါသည်။[၅၃]

ယင်းကဲ့သို့သော ပြဋ္ဌာန်းချက်များတွင်ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၏ ကဏ္ဍနှင့်တာဝန်၊ ဆေးဖက်ဆိုင်ရာ ကျင့်ဝတ်များကိုလည်း သတ်မှတ်ဖော်ပြသင့်သည်။ ဤအထဲတွင် ကျန်းမာရေးဝန်ထမ်းများသည် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများကို မလုပ်ကိုင်ရ သို့မဟုတ် ပါဝင်ပတ်သက်မှု မရှိစေရ၊ အကျဉ်းသားများ၏ ကျန်းမာရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်စေနိုင်မည့် ဆက်ဆံမှုများ သို့မဟုတ် ပြစ်ဒဏ်ပေးမှုများအတွက် အကျဉ်းသားသည် ကျန်းမာရေးပြည့်စုံနေပါသည်ဟု ထောက်ခံပြောကြားခြင်းမျိုး မပြုလုပ်ရဟု ပြဋ္ဌာန်းပေးထားရမည်။[၅၄] ညှဉ်းပန်းခြင်းနှင့် နှိပ်စက်ခြင်းများ ပြုလုပ်ခံရသည့် လက္ခဏာများကို ရှာဖွေစစ်ဆေးခြင်း၊ အကျဉ်းသားက တိုင်ကြားလာလျှင်လည်း စစ်ဆေးကြည့်ရှုပေးခြင်းစသော တာဝန်များကိုလည်း ကျန်းမာရေး ဝန်ထမ်းများက ထမ်းဆောင်သင့်ပါသည်။[၅၅]

ဥပဒေမူကြမ်း၏ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် အမျိုးသမီးများ၊ မိဘများနှင့် အကျဉ်းထောင်တွင်း အတူနေနေရသော ကလေးငယ်များ၊ မသန်စွမ်းသူများနှင့် အခြားသော အုပ်စုများမှ လူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း တိတိကျကျ ဖော်ပြထားသင့်ပါသည်။[၅၆]

အကျဉ်းသားများသည် အကျဉ်းထောင်အုပ်ချုပ်ရေးအဖွဲ့၏ လက်အောက်တွင် လုံးဝရှိနေသဖြင့် အထက်ဖော်ပြပါ စံနှုန်းများကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းသင့်ပါသည်။ ယင်းတို့ကို ဥပဒေဖြင့် ထိန်းညှိမထားလျှင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်လာနိုင်ပါသည်။

## အကြံပြုချက်များ

အောက်ပါအချက်များ ပါဝင်သော ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန်

- အကျဉ်းသားများအား လူ့အဖွဲ့အစည်းထဲကပြည်သူများ ရရှိခံစားနေရသည့် ကျွမ်းကျင်မှုစံနှုန်းများနှင့် တပြေးညီရှိနေသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ခွဲခြားဆက်ဆံခံရမှုမရှိဘဲ ရရှိခံစားခွင့် ကို အာမခံချက်ပေးရေးရန်
- အကျဉ်းထောင်တိုင်းတွင် အရည်အချင်းပြည့် ကျန်းမာရေးဝန်ထမ်း အနည်းဆုံး တစ်ဦး ထားရှိပေးရန်
- အကျဉ်းသားများအား ဆေးမှတ်တမ်းများကို လျှို့ဝှက်စွာထိန်းသိမ်းပိုင်ခွင့် နှင့် သူတို့အတွက် ဆေးကုသမှု မှန်သမျှကို အကျဉ်းသား၏ ခွင့်ပြုသဘောတူညီချက်နှင့်သာ ပြုလုပ်မှာကို အာမခံချက် ပေးရန်
- အမျိုးသမီး အကျဉ်းသူများက တောင်းဆိုလျှင် ၎င်းတို့အား အမျိုးသမီး ကျန်းမာရေးဝန်ထမ်းကသာ စစ်ဆေးကုသရန်
- အကျဉ်းထောင်များတွင် အမျိုးသမီး အကျဉ်းသူများအတွက် သားဖွားနှင့် မီးယပ်ရောဂါ အပါအဝင် အမျိုးသမီး ရောဂါများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည့်စုံစွာ ထားရှိပေးရန်
- ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာနှင့် အခြားမသန်စွမ်းသူများအတွက် ၎င်းတို့ သီးခြားလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရန်၊ လိုအပ်လျှင် စိတ်ပိုင်းဆိုင်ရာ၊ ဆွေးနွေးနှစ်သိမ့်မှုဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကုထုံးများကို တောင်းဆိုပေးရန်

**ပုဒ်မ ၁၀ ကို ပြင်ဆင်၍** ထောင်အတွင်း ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း သတ်မှတ်ဖော်ပြပေးရန်

---

[၅၃] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၂၆ နှင့် ၃၁၊ ဥပဒေသ ၃၂(၁)(ခ)၊ UDHR ၊ ပုဒ်မ ၁၂ နှင့် ဘန်ကောက် ဥပဒေသများ၊ ဥပဒေသ ၉။

[၅၄] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၃၅ နှင့် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၇/၁၉၄ အကျဉ်းသားများနှင့် ချုပ်နှောင် ဖမ်းဆီးခံထားရသူများအား ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်း၊ ရက်စက်စွာနှင့် လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ဆက်ဆံပြုမူခြင်း၊ အပြစ်ပေးခြင်းများအား အကာအကွယ်ပေးရေးတွင် ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အထူးသဖြင့် ဆရာဝန်များ၏ ဆေးဘက်ကျင့်ဝတ်ပိုင်းဆိုင်ရာ စည်းမျဉ်းများ၊ စည်းမျဉ်း ၂ နှင့် ၄ (၁၈ ဒီဇင်ဘာ ၁၉၈၂)

[၅၅] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၃၀(ခ)။

[၅၆] အဆိုပြုချက်များ၏ အသေးစိတ် စာရင်းကို ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုများ ဆိုင်ရာရုံး၊ အထူးလိုအပ်ချက်ရှိသော အကျဉ်းသားများဆိုင်ရာ လက်စွဲစာအုပ်။ ပြစ်မှုဆိုင်ရာတရားမျှတမှု စီးရီး စာအုပ်၊ နယူးယောက် ၂၀၀၉ တွင်ရှုပါ။

- အကျဉ်းသားများ၏ ခန္ဓာကိုယ်နှင့် စိတ်ကျန်းမာရေးနှစ်ခု စလုံးအတွက်စောင့်ရှောက်ပေးရန်၊ ထောင်၏ ပြင်ပမှလူများကို ကုသရာတွင် လိုက်နာရသော ဆေးဘက်ကျင့်ဝတ်များအတိုင်း အကျဉ်းသားများ အပေါ်တွင်လည်း ကျင့်သုံးရန်
- ပြစ်ဒဏ်ချမှတ်သည့် ကိစ္စမှလွဲ၍ အကျဉ်းသားများနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်မည့် ကိစ္စအားလုံးကို အကျဉ်းထောင်အာဏာပိုင်များအား အကြံပြုတင်ပြရန်၊ ဥပမာ အစားအသောက်များ၏ အရည်အသွေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အထွေထွေသန့်ရှင်းမှု၊ အကျဉ်းခန်းများ၏ လေဝင်လေထွက်၊ အလုပ် နှင့် လေ့ကျင့်ခန်း စသည်တို့ ဖြစ်သည်။
- နှိပ်စက်ခံရခြင်း ညှဉ်းပန်းခံရခြင်း လက္ခဏာတစ်မျိုးမျိုး တွေ့ရှိရပါက မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ ဆေးဘက်၊ တရားရေးဘက် နှင့် အကျဉ်းထောင် အာဏာပိုင်များကို တင်ပြသတင်းပို့ရန်

## လူသားချင်းစာနာလျက် အကျဉ်းသားများကို စောစီးစွာ လွှတ်ပေးခြင်း

ကရုဏာရှေ့ရှု၍ ပြန်လွှတ်ပေးမှုဟုလည်း ခေါ်နိုင်သော လူသားချင်းစာနာသော လွှတ်ပေးမှုများကို သေလုမြောပါး ဝေဒနာခံစားနေရသူအကျဉ်းသားများနှင့် အပြင်းအထန်နာမကျန်းဖြစ်နေသူများ၏ မေတ္တာရပ်ခံချက်ကို ၎င်းတို့အား လွှတ်ပေးခြင်းဖြင့် ရပ်ရွာလုံခြုံရေးကို ထိပါးခြင်းမရှိပါက ထည့်စဉ်းစား၍ လွှတ်ပေးနိုင်သည်။ သေလုမြောပါး ဝေဒနာခံစားနေရသည့် အကျဉ်းသားကို ထောင်ထဲတွင်ပင် အသက်ဆုံးစေခြင်းက အကျဉ်းသားဘဝ ပြန်လည်ထူထောင်ရေးကို အကျိုးမပြုနိုင်ရုံသာမက လက်တုံ့ပြန် အပြစ်ပေးထားခြင်းပင် မည်နိုင်ပါသည်။ စောစီးစွာ လွှတ်ပေးလိုက်ပြီး မိသားစုများအကြား သေဆုံးရခြင်းက အကျဉ်းသားနှင့် ၎င်း၏ မိသားစုအတွက် မိသားစုဘဝဆိုင်ရာ ရပိုင်ခွင့်ကို လေးစားရာလည်း ရောက်ပါသည်။

### အကြံပြုချက်

လုံခြုံရေးအရ စိုးရိမ်စရာ မရှိသော အခြေအနေတွင် သေလုမြောပါး နာမကျန်းဖြစ်နေသော အကျဉ်းသားများကို ၎င်းတို့၏ မေတ္တာရပ်ခံချက်ဖြင့် လူသားချင်းစာနာမှုကို ရှေ့ရှုလျက် စောစီးစွာ လွှတ်ပေးနိုင်သည်ဟူသော ပြဌာန်းချက် ထည့်သွင်းပေးပါရန်။

## အပြင်းအထန် နာမကျန်းမှုများကို အကြောင်းကြားခြင်း

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများတွင် အကျဉ်းသားများ၏ အပြင်းအထန် နာမကျန်းမှု အပါအဝင် ထောင်တွင်း အခြေအနေ အပြောင်းအလဲများကို မိသားစုများအား အကြောင်းကြားပေးရန် အကျဉ်းထောင်အာဏာပိုင်များတွင် တာဝန်ရှိသည်ဟု ပြဌာန်းထားသည်။[၅၇] အကျဉ်းသားကို အခြားထောင်သို့ ပြောင်းရွှေ့လျှင်လည်း မိသားစုကို အသိပေးရမည်။ (၎င်းအကြောင်း ဆိုင်ရာ နောက်ထပ်အချက်အလက်များကို အကျဉ်းသားများအား ရွှေ့ပြောင်းမှု၊ လွှဲပြောင်းမှု၊ စာမျက်နှာ ၂၀ တွင်ရှု)။ အကျဉ်းသား၏ မိသားစုအတွင်းမှ ပြင်းထန်သော နာမကျန်းမှု၊ ကလေးမွေးဖွားမှု၊ သေဆုံးမှု စသည့် အရေးကြီးသော ပြောင်းလဲဖြစ်ထွန်းမှုများကိုလည်း အကျဉ်းသားအား အသိပေးသင့်သည်။ ယခုလက်ရှိအနေအထားအရ ဥပဒေမူကြမ်းတွင် ယင်းပြဌာန်းချက်များ ပါဝင်သည်ကို မတွေ့ရပါ။

### အကြံပြုချက်များ

အကျဉ်းသား အပြင်းအထန် နာမကျန်းဖြစ်လျှင် သို့မဟုတ် ဒဏ်ရာရလျှင် မိသားစု သို့မဟုတ် အခြားဆက်သွယ်ရမည့် ပုဂ္ဂိုလ်ကို အကျဉ်းထောင်က အကြောင်းကြားပေးရမည်ဆိုသော ပြဌာန်းချက်ကို ထည့်သွင်းပေးရန်

အကျဉ်းသား၏ မိသားစုဝင်အတွင်း အပြင်းအထန်နာမကျန်းဖြစ်လျှင် သို့မဟုတ် သေဆုံးလျှင် အကျဉ်းထောင်အာဏာပိုင်များက အကျဉ်းသားအား အသိပေးရမည်ဆိုသော ပြဌာန်းချက်ကို ထည့်သွင်းပေးရန်

[၅၇] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၇၀။

# အကျဉ်းသားများကို အုပ်ချုပ်ခြင်း နှင့် စီမံခန့်ခွဲခြင်း (အခန်း ၃)

ဥပဒေမူကြမ်း၏ အခန်း ၃ တွင် ကျယ်ပြန့်သည့် အကြောင်းအရာများဆိုင်ရာ စီမံခန့်ခွဲသည့် စည်းမျဉ်းများကို ဖော်ပြထားသည်။ အကျဉ်းသားများကို လက်ခံခြင်း၊ နေရာချထားခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ လွှတ်ပေးခြင်း နှင့် ရုံးထုတ်ခြင်း မှအစ အပြင်နှင့်ဆက်သွယ်ခြင်း၊ အလုပ်ခိုင်းစေခြင်း နှင့် အကျဉ်းသားအမျိုးအစားကို လိုက်၍ အခွင့်အရေးများ သတ်မှတ်ပေးခြင်းအဆုံး ပါဝင်သည်။ ဤအခန်းတွင် ဟာကွက် အများအပြားရှိနေပြီး နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများထဲက သက်ဆိုင်ရာ ပြဋ္ဌာန်းချက်အများအပြား မပါဝင်ပဲ ကျန်နေခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် စိုးရိမ်မိပါသည်။

## အကျဉ်းသားများကို လက်ခံခြင်း (ပုဒ်မ ၂၂-၂၃)

ဥပဒေမူကြမ်း၏ ပုဒ်မ ၂၂ နှင့် ၂၃ သည် အကျဉ်းသားများကို လက်ခံသည့်အချိန်တွင် အကျဉ်းထောင်အာဏာပိုင်များက ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သော အခြေအနေများကို မှတ်တမ်းတင်ခြင်းများနှင့် သက်ဆိုင်ပါသည်။ သို့ရာတွင် ဥပဒေမူကြမ်းက အကျဉ်းသားများ ထောင်သို့ စရောက်ချိန်တွင် ရှာဖွေ မှတ်တမ်းတင်ခြင်းကို သာ ဖော်ပြထားပြီး ယင်းနောက်ပိုင်း အတွက် စည်းမျဉ်းများကို လုံလောက်စွာ ချမှတ်ပေးခြင်းမရှိပါ။ ပြီးပြည့်စုံရန်အတွက် ဥပဒေမူကြမ်းထဲတွင် အကျဉ်းသားများအား သူတို့ကိုလက်ခံခဲ့သည့် နောက်ပိုင်းတွင်ပါ၊ ရှာဖွေမှုများနှင့် အကျဉ်းသားများ၏ မှတ်တမ်းများအားထိန်းသိမ်းသိုလှောင်မှု  အကြောင်းကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ စံနှုန်းများနှင့် အညီ ခြုံငုံဖော်ပြထားသည်းအပိုင်းကို ထည့်သွင်းပေးသင့်ပါသည်။

### အကျဉ်းသားများအား ရှာဖွေခြင်း

ပုဒ်မ ၂၂ (က) က အကျဉ်းထောင်သို့ရောက်လာသည့် အကျဉ်းသားကို တာဝန်ကျ ဝန်ထမ်းက ရှာဖွေ စစ်ဆေးရမည်ဟု ပြဋ္ဌာန်းထားသည်။ ရှာဖွေစစ်ဆေးခွင့်ဆိုသည်မှာ အကျဉ်းထောင်အရာရှိများအား ပေးအပ်ထားသော အထူးအခွင့်အရေး ဖြစ်သည်။ သို့ရာတွင် ယင်းအခွင့်အာဏာများကို တစ်စုံတစ်ဦးအား အနှောက်အယှက်ပေးရန်၊ ခြိမ်းခြောက်ရန်နှင့် မလိုအပ်ပဲ အကျဉ်းသား၏ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ထိပါးနှောက်ယှက်ရန် အသုံးမပြုနိုင်အောင် တားဆီးကာကွယ်ပေးထားသည့် အချက်များ ဥပဒေမူကြမ်းတွင် မပါရှိပါ။ [၅၈] ဤအချက်ကို ပြင်ဆင်သင့်ပါသည်။

> **အကြံပြုချက်များ**
>
> **အောက်ပါ တို့ပါဝင်သော အထူး**အခန်းခွဲကို ဥပဒေမူကြမ်းထဲတွင် ထည့်သွင်းပေးရန်-
>
> - ရှာဖွေခြင်းများကို ရှာဖွေခံရသူ၏ လူသားဂုဏ်သိက္ခာကို လေးစားစွာဖြင့် လိုအပ်သလောက်၊ ဥပဒေက ခွင့်ပြုသလောက်နှင့် အချိုးညီစွာ ဆောင်ရွက်ရေး အခြေခံများကို လိုက်နာလျက် ပြုလုပ်ရန် ပြဋ္ဌာန်းချက်
> - ခန္ဓာကိုယ်တွင်း အပေါက်များကို နှိုက်၍ရှာဖွေခြင်းမျိုးကို မရှိမဖြစ်လိုအပ်မှသာ လုပ်ဆောင်ရန်နှင့် ယင်းရှာဖွေမှုကို အကျဉ်းသားအတွက်စောင့်ရှောက်ရန် တာဝန်ရှိသူမှ မဟုတ်ဘဲ စနစ်တကျလေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းမှသာ လုပ်ဆောင်ရန် [၅၉] ၊ သို့မဟုတ် အနိမ့်ဆုံးအားဖြင့် ဆေးဘက်ပညာရှင်များက တကိုယ်ရေသန့်ရှင်းရေး စံနှုန်းများဆိုင်ရာ ကျန်းမာရေးပညာရှင်မှ စနစ်တကျ လေ့ကျင့်သင်ကြားပေးထားသော အကျဉ်းထောင်ဝန်ထမ်းများမှသာ လုပ်ဆောင်ရမည်ဟူသော ပြဋ္ဌာန်းချက်
> - ရှာဖွေမှုများကို အကျဉ်းထောင် အာဏာပိုင်များက စနစ်တကျ မှတ်တမ်းပြုစုထားရမည်ဆိုသော ပြဋ္ဌာန်းချက်

---

[၅၈] နယ်လဆင်မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၅၀။ ဥပဒေသ ၅၁-၂ တွင်လည်းရှု။

[၅၉] ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်း၊ ရက်စက်စွာနှင့် လူ့ဂုဏ်သိက္ခာကျဆင်းအောင် ဆက်ဆံပြုမူခြင်း၊ အပြစ်ပေးခြင်းများအား ကာကွယ်တားဆီးရေးဆိုင်ရာ ဥရောပကော်မီတီ၏ တတိယအကြိမ်မြောက်အထွေထွေအစီရင်ခံစာ CPT/Inf (၉၃) ၁၂ အပိုဒ် ၇၃ - *"အကျဉ်းထောင်ဆရာဝန်သည် လူနာတစ်ဦး၏ ပုဂ္ဂလိကဆရာဝန်ကဲ့သို့ ဖြစ်သည်။ လူနာ-ဆရာဝန်ဆက်ဆံရေးကို ထိန်းသိမ်းသည့်အနေနှင့် လူနာသည် ပြစ်ဒဏ်ပေးခံရရန်အတွက် ကျန်းမာရေးပြည့်စုံကြောင်း ယင်းဆရာဝန်ထံမှ မည်သည့်အခါမျှ ထောက်ခံချက် မတောင်းခံ သင့်ပေ၊ အရေးပေါ်အခြေအနေတွင် အခြား ဆရာဝန်တစ်ဦးဦး ရောက်မလာနိုင်ချိန်ကလွဲ၍ အကျဉ်းသားများအား ခန္ဓာကိုယ်ကို ရှာဖွေခြင်း စစ်ဆေးခြင်းများလည်း ပြုလုပ်မရပေ။"* ၁၉၉၃ အောက်တိုဘာလက ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင်ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ဆေးညာအဖွဲ့ကြီး၏ ၄၅ ကြိမ်မြောက် ညီလာခံမှလည်း အကျဉ်းသားများ၏ ခန္ဓာကိုယ်ကို ရှာဖွေခြင်းနှင့် ပတ်သက်၍ ဤသို့ဖော်ပြခဲ့သည်။ *"ရှာဖွေခြင်းကို ဆရာဝန်က လုပ်ပေးရလျှင် ယင်းဆရာဝန်သည် နောက်ပိုင်းတွင် ယင်းအကျဉ်းသားကို ကုသပေးရမည့်သူ မဖြစ်သင့်ပေ၊ အကျဉ်းထောင်၏ လုံခြုံရေးအတွက် ပါဝင်ဆောင်ရွက်ပေးရသော တာဝန်ကြောင့် အကျဉ်းသားအား ဆေးဝါးကုသပေးရန်တာဝန်ကို မထိခိုက်စေသင့်ပေ။"*

## အကျဉ်းသားများ၏ မှတ်တမ်းများ

ဥပဒေမူကြမ်း ပုဒ်မ ၂၂ (ဂ)တွင် အကျဉ်းသားတိုင်းကို လက်ခံမှတ်ပုံတင်ပြီးသည့်နောက်မှာ ကျန်းမာရေးဝန်ထမ်းက စစ်ဆေးလျက် အကျဉ်းသား၏ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို မှတ်တမ်းတင်ထားရမည် ဟု တောင်းဆိုထားပါသည်။[၆၀] အခန်း ၂ ပုဒ်မ ၇ (စ) တွင်လည်း "တာဝန်ခံအရာရှိ"သည် "အကျဉ်းထောင်မှတ်တမ်းများ၊ အကျဉ်းသားများ၏ ကိုယ်ရေးမှတ်တမ်းများ၊ အကျဉ်းသားများ၏ မှုခင်းမှတ်တမ်းများအား စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်" ဟုပြဋ္ဌာန်းထားသည်။

အာဏာပိုင်များသည် အကျဉ်းထောင်တစ်ခုချင်းစီရှိ အကျဉ်းသားများ၏ နောက်ဆုံးအချက်အလက်များကို မှတ်တမ်းတင် ပြုစုထိန်းသိမ်းထားရမည်။ နောက်ဆုံးရ အချက်အလက်များနှင့် မှတ်တမ်းများသည် အကျဉ်းထောင်ရှိ အကျဉ်းသားဦးရေ၊ အကျဉ်းသားများ၏ ကိုယ်ရေးအချက်အလက်များကို ပြနေသည့်အတွက် အကျဉ်းထောင်တွင် လိုအပ်သော ဝန်ထမ်းအင်အားနှင့် စီမံခန့်ခွဲမှုကို အဆုံးအဖြတ်များပြုရာတွင် အထောက်အထား အချက်အလက်များ အဖြစ်အသုံးဝင်ပါသည်။ ယင်းမှတ်တမ်းများသည် ဌာနတွင်း နှင့် ဌာနပြင်ပမှ အကျဉ်းထောင် စစ်ဆေးသူများအတွက်လည်း အသုံးဝင်ပါသည်။ လုံခြုံရေးနှင့် အကျဉ်းသား၏ ပုဂ္ဂလိက ကိုယ်ရေးအချက်အလက် လုံခြုံရေးကို စဉ်းစားချက်မှ လွဲလျှင် ယင်းမှတ်တမ်းပါ အချက်အလက်များကို ကာယကံရှင်အကျဉ်းသား၊ ၎င်း၏ရှေ့နေ နှင့်၊ ပြည်တွင်းနှင့် ပြည်ပမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ရရှိနိုင်အောင် စီစဉ်ပေးထားရမည်။

ဥပဒေမူကြမ်းတွင် အကျဉ်းသားများ၏ ကိုယ်ရေးမှတ်တမ်းများပြုစုထိန်းသိမ်းပေးရမည်ကို ထည့်သွင်းထားသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကြိုဆိုပါသည်။[၆၁] သို့ရာတွင်အကျဉ်းသား၏ ကိုယ်ရေးမှတ်တမ်းတွင် မည်သည့်အချက်များ ပါဝင်ရမည်ဟူသော အသေးစိတ် အချက်များ[၆၂] ကိုလည်း ဥပဒေမူကြမ်းတွင်ဖော်ပြသင့်ပါသည်။

### အကြံပြုချက်

အကျဉ်းသားများ၏ ကိုယ်ရေးမှတ်တမ်းများကို ကန့်သတ်အဖြစ် သိမ်းဆည်းထားပြီး သက်ဆိုင်ရာအကျဉ်းသားမှ ရယူကြည့်ရှုနိုင်အောင် စီစဉ်ပေးကာ ယင်းမှတ်တမ်းတွင် အောက်ပါတို့ကို ထည့်သွင်းပေးရမည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းရန်

- အကျဉ်းသား၏ သက်သေခံ အထောက်အထား
- ၎င်းကို မည်သည့်အချိန် မည်သည့်နေရာတွင် ချုပ်နှောင်ခဲ့သည်
- ချုပ်နှောင်ရန် ဆုံးဖြတ်ခဲ့သော အာဏာပိုင် နှင့် အကြောင်းရင်းများ
- အကျဉ်းသားကို ထိန်းသိမ်းထားသည့် နေရာ
- အကျဉ်းသားကို လက်ခံခဲ့သည့် ရက်စွဲ နှင့် အချိန်
- ထိန်းသိမ်းထားသည့် နေရာဌာနအတွက် တာဝန်ရှိသည့် အာဏာပိုင်
- ဖမ်းဆီးမှုကို မိသားစုအား အသိပေးခဲ့သည့် အချိန်
- လျှို့ဝှက်ထားစရာ အချက်မျိုးမဟုတ်လျှင် အကျဉ်းသား၏ တောင်းဆိုချက်များနှင့် တိုင်ကြားမှုများ၊ ညှဉ်းပန်းနှိပ်စက်ခြင်း ဆိုင်ရာ တိုင်ကြားမှုများ အပါအဝင်
- အကျဉ်းသား၏ ကျန်းမာရေး အခြေအနေ (ဆေးဘက်ဆိုင်ရာ လျှို့ဝှက်ထားရမှု ဟုတ်မဟုတ်အပေါ် မူတည်ပြီး)
- အကျဉ်းသား၏ ကိုယ်ပိုင် ပိုင်ဆိုင်မှု အစုစုစာရင်း
- အရေးပေါ် ဆက်သွယ်ရမည့်သူနှင့် အကျဉ်းသား၏ ဆွေမျိုးအရင်းအချာများ
- အကျဉ်းသားကို တရားရုံးသို့ ထုတ်ခဲ့ရသည့် ရက်စွဲများ နှင့် အချိန်
- လွှတ်ခြင်း သို့မဟုတ် အခြားထောင်သို့ ပြောင်းရွှေ့ခြင်း ရက်စွဲ နှင့် အချိန်၊ အကျဉ်းထောင်နေရာ အသစ် နှင့် ရွှေ့ပြောင်းရန် အမိန့်ပေးသူ အာဏာပိုင်
- အကျဉ်းသား၏ အပြုအမူနှင့် ပတ်သက်သော အချက်အလက်များ၊ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူ အပြစ်ပေးခံရမှုများ
- အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားစဉ် ဒဏ်ရာရ သေဆုံးမှုများအတွက် အချက်အလက်များ နှင့် အခြေအနေများ၊ သေဆုံးခဲ့လျှင် ရုပ်ကြွင်းကို ပို့ပေးရမည့်နေရာ

---

[၆၀] ပုဒ်မ ၂၂ (ဂ) - *အကျဉ်းသားတိုင်းကို လက်ခံ စာရင်းသွင်းပြီးချိန်တွင် ကျန်းမာရေးဝန်ထမ်းက စစ်ဆေးရမည်။ အကျဉ်းသား၏ ကျန်းမာရေး အခြေအနေ၊ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာများ၊ အမှတ်အသားများကို မှတ်တမ်းပြုစုရေးသွင်းရမည်။ အကျဉ်းသားအား ကျန်းမာရေးစစ်ဆေးချက်များကို မှတ်တမ်းတင်ထားသော စာအုပ်ကို တာဝန်ရှိသော အကျဉ်းထောင်အရာရှိက လုံခြုံစွာ သိမ်းထားရမည်။*

[၆၁] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ ၏ အကျဉ်းထောင်များအားစစ်ဆေးကြည့်ရှုခြင်းအပေါ် အကြံပြုချက်များ စာမျက်နှာ ၃၀ တွင်ရှု။

[၆၂] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၇-၉။

အကျဉ်းသားများ၏ မှတ်တမ်းများကို ပုံမှန်ထိန်းသိမ်းရန် နှင့် နောက်ဆုံးအချက်များဖြင့် ပြည့်စုံအောင် ပြုစုရမည်။ အကျဉ်းသား လွတ်ပေးချိန်တွင် ယင်းမှတ်တမ်းများ၏မိတ္တူကို အကျဉ်းသားအား ပေးအပ်သင့်ပါသည်။

## အကျဉ်းသားများ**အတွက် ၎င်းတို့၏** တာဝန်များနှင့် **အခွင့်အရေးများ ဆိုင်ရာအချက်အလက်များ**

အကျဉ်းသားများအား ဥပဒေအရလည်းကောင်း၊ အခြား သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအရလည်းကောင်း ၎င်းတို့၏ တာဝန်နှင့် အခွင့်အရေးများကို အသိပေးရမည်လား နှင့် မည်သို့အသိပေးမည်ကို ဥပဒေမူကြမ်းတွင် ဖော်ပြထားခြင်း လုံးဝမရှိပါ။ အကျဉ်းထောင်အာဏာပိုင်များက အကျဉ်းသားများကို ယင်းအချက်များ အသိပေးရမည် ဆိုသော တောင်းဆိုချက်မျိုးလည်း ဥပဒေမူကြမ်းတွင် မပါဝင်ပါ။ အကျဉ်းသားများက အကျဉ်းထောင်စည်းမျဉ်းများကို လိုက်နာနိုင်ရန် ယင်းစည်းမျဉ်းများကို သိရှိထားပြီး ယင်းစည်းမျဉ်းများနှင့် ပတ်သက်သော နောက်ထပ်အချက်အလက်များကို ၎င်းတို့နားလည်သော ဘာသာစကားဖြင့် မည်သည့်နေရာတွင်ရနိုင်ကြောင်းကို သိရှိရန် လိုအပ်သည်။[၆၃] ထို့အပြင် အကျဉ်းသားများက အကျဉ်းကျနေစဉ် ၎င်းတို့၏အခွင့်အရေးများ ချိုးဖောက်ခံရလျှင် တိုင်ကြားပြီး ကုစားပြင်ဆင်ပေးရန် တောင်းဆိုလာနိုင်ရန်အတွက် ၎င်းတို့၏ အခွင့်အရေးများကိုလည်းကောင်း၊ ၎င်းတို့နှင့် ပတ်သက်ပြီး နိုင်ငံတော်ထံတွင် ရှိသည့် တာဝန်များကို လည်းကောင်း သူတို့ သိရှိထားရန် လိုအပ်ပါသည်။

### အကြံပြုချက်

အာဏာပိုင်များက အသစ်လက်ခံသည့် အကျဉ်းသားများကို ၎င်းတို့နားလည်သော ဘာသာစကား ပုံစံမျိုးဖြင့် စာဖြင့်သော်လည်းကောင်း နှုတ်ဖြင့်သော်လည်းကောင်း အောက်ပါအချက်များကို အသိပေးရမည်ဆိုသော ပြဌာန်းချက်ကို ထည့်သွင်းပေးရန်-

- အကျဉ်းထောင်ဥပဒေ၊ သက်ဆိုင်ရာ အကျဉ်းထောင် စည်းမျဉ်းများနှင့် စည်းကမ်း ဖောက်ဖျက်လျှင် ချမှတ်နိုင်သော ပြစ်ဒဏ်များ
- ဥပဒေဆိုင်ရာ အကြံဉာဏ်ရယူပိုင်ခွင့်အပါအဝင် ၎င်းတို့၏အခွင့်အရေးများကို လည်းကောင်း၊ ၎င်းတို့၏ တာဝန်များကို လည်းကောင်း
- အကျဉ်းသား၏ အခွင့်အရေးများ ချိုးဖောက်ခံရခြင်း သို့မဟုတ် အကျဉ်းချခံရမှုဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ တိုင်ကြားရေး လုပ်ရိုးလုပ်စဉ်များ
- အကျဉ်းသားအား အကျဉ်းထောင်တွင်း ဘဝနှင့်နေသားကျစေရန် သိသင့်သော အခြားသော အကြောင်းအချက်များ အားလုံး

## သေဆုံးလျှင် မိသားစုအား အသိပေးခြင်း

ဥပဒေမူကြမ်း ပုဒ်မ ၂၃ တွင် အကျဉ်းသားသေဆုံးလျှင် "တာဝန်ခံအရာရှိ" က ထိုအကြောင်းကို မှတ်တမ်းတင်ပြီး ရှာပနအတွက် စီစဉ်ပေးရမည်ဟူသော ပြဌာန်းချက်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကြိုဆိုပါသည်။ သို့သော် အထက်တွင်ဖော်ပြခဲ့သော အကြောင်းများကြောင့် အကျဉ်းထောင်အတွင်း အကျဉ်းသားသေဆုံးမှုကို ၎င်း၏ မိသားစုနှင့် ဆွေမျိုးများအား အကျဉ်းထောင် အာဏာပိုင်က အကြောင်းကြားအသိပေးဖို့ လိုအပ်ကြောင်းကိုလည်း ထည့်သွင်းသင့်ပါသည်။[၆၄]

ထို့အပြင်အကျဉ်းထောင်အတွင်းသေဆုံးမှု အားလုံးကို လွတ်လပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်၍ သေဆုံးရခြင်းအကြောင်းရင်းကို အတည်ပြုရမည်။ မြန်မာနိုင်ငံတွင် အကျဉ်းသားများသည် ညှဉ်းပန်းနှိပ်စက်မှု ကြောင့်ဖြစ်စေ၊ အဓမ္မအလုပ်ခိုင်းစေမှု အပါအဝင် ရက်စက်၍ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာ ထိပါးစေသော ပြစ်ဒဏ်ပေးမှုများကြောင့်ဖြစ်စေ၊ လုံလောက်သော ဆေးဝါးကုသမှု မရရှိ၍ဖြစ်စေ၊ အကျဉ်းထောင်အတွင်း နေထိုင်ရသော အခြေအနေဆိုးဝါးမှုကြောင့် ဖြစ်စေ သေဆုံးကြရပါသည်။[၆၅] လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်စေခြင်းသည် ညှဉ်းပန်းနှိပ်စက်မှုများအား တားဆီးနိုင်သော အရေးပါသည့် အရံအတားတစ်ခု ဖြစ်ပါသည်။ ဤစုံစမ်းစစ်ဆေးမှုသည် မိသားစုများအတွက်လည်း ၎င်းတို့၏ မိသားစုဝင်မည်သည့်အတွက်ကြောင့် သေဆုံးသည်ဆိုသော အချက်ကို ဖော်ထုတ်ပေးနိုင်ပြီး လိုအပ်ပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်နိုင်ခွင့် ကိုလည်း ပေးပါသည်။

---

[၆၃] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၅၄။
[၆၄] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၆၉။
[၆၅] နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ- မြန်မာနိုင်ငံ) "လွတ်မြောက်ပြီးတဲ့အခါ ဘဝကို အစကနေ ပြန်စကြရတယ်" - မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ အတွေ့အကြုံများနှင့် ပြန်လည်ပေါင်းစည်းရေး စိန်ခေါ်မှု ပြဿနာများ အစီရင်ခံစာ ၂၅ မေ ၂၀၁၆ ၊ စာ-၄၄၊၄၈ ကိုရှု

### အကြံပြုချက်

ပုဒ်မ ၂၃ တွင်ဖြည့်စွက်ပေးရန်

- အကျဉ်းသား သေဆုံးလျှင် ၎င်း၏ မိသားစု၊ အခြားသောဆွေမျိုးများနှင့် အကျဉ်းသား မကွယ်လွန်မီက သတ်မှတ်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဦးတို့အား အကြောင်းကြားရန် အကျဉ်းထောင်အာဏာပိုင်များတွင် တာဝန်ရှိသည်။
- အကျဉ်းသားသေဆုံးခြင်းကို အကျဉ်းဦးစီးဌာနအနေနှင့် အချိန်မဆိုင်းပဲ တရားရေးဌာနသို့မဟုတ် အကျဉ်းဦးစီးဌာနနှင့် မသက်ဆိုင်သော အာဏာပိုင်အဖွဲ့တစ်ခုခုသို့ အကြောင်းကြားရန် တာဝန်ရှိပြီး ဘက်မလိုက်ပဲ ထိရောက်သော စုံစမ်းစစ်ဆေးမှု ချက်ခြင်းပြုလုပ်ဖို့ တာဝန်ပေးရမည်။

# အကျဉ်းသားများကို ခွဲခြားချုပ်နှောင်ခြင်း (ပုဒ်မ ၂၄-၂၆)

ဥပဒေမူကြမ်း ပုဒ်မ ၂၄ တွင် အကျဉ်းသားများကို အမျိုးသမီး၊ လူငယ်၊ အချုပ်ကျ စသည်ဖြင့် အမျိုးအစားအလိုက် သီးခြားခွဲ၍ချုပ်နှောင်ဖို့လိုအပ်ကြောင်း မှန်ကန်စွာ ပြဌာန်းထားပါသည်။ အကျဉ်းသားများကို ခွဲခြားထားခြင်းဖြင့် ၎င်းတို့ ကျူးလွန်သော ပြစ်မှုမှတ်တမ်း၊ အသက်၊ လိင်တို့ကို မူတည်၍ ၎င်းတို့၏ လိုအပ်ချက်နှင့် အခြေအနေများကို အကျဉ်းထောင် အာဏာပိုင်များက ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ပြီး ၎င်းတို့ကို ပြုမူဆက်ဆံပုံများကိုလည်း စဉ်းစားပြုလုပ်နိုင်မည်ဖြစ်သည်။[၆၆] ဥပဒေမူကြမ်းတွင် သေဒဏ်ကျ အကျဉ်းသားများကို အခြားအကျဉ်းသားများနှင့် ခွဲခြားထားရန်ကိုလည်း ပြဌာန်းထားပါသည်။

## သေဒဏ်ကျ အကျဉ်းသားများ

ဥပဒေမူကြမ်း ပုဒ်မ ၂၄ (စ) တွင် သေဒဏ်ကျ အကျဉ်းသားများကို အခြားအကျဉ်းသားများနှင့် ခွဲခြားထားရန်နှင့် သီးခြားအခန်းများတွင် ထားရန်ပြဌာန်းထားသည်။ သေဒဏ်ချမှတ်ခြင်းကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မည်သည့် အခြေအနေမျိုးတွင်မဆို ခြွင်းချက်မရှိ ဆန့်ကျင်ပါသည်။ သေဒဏ်ချမှတ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတန်း အပိုဒ်၃ ပါ လူတိုင်းအသက်ရှင်သန်ခွင့် အခွင့်အရေးကို ချိုးဖောက်ရာရောက်ပြီး အရက်စက်ဆုံး၊ လူသားမဆန်ဆုံး၊ လူ့ဂုဏ်သိက္ခာကို နှိမ့်ချဆုံး ပြစ်ဒဏ်ပေးနည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့က မြန်မာနိုင်ငံ၏ လွှတ်တော်အား ပြစ်ဒဏ်အားလုံး နှင့် ပြစ်မှု ကျူးလွန်သူအားလုံးတို့အား သေဒဏ်ပေးခြင်းကို လုံးဝ ပယ်ဖျက်နိုင်မည်အထိ ဦးတည်လျက် သေဒဏ်ကို ပြဌာန်းထားသော ပုဒ်မများပါဝင်နေသော ဥပဒေအားလုံးကို ပြန်လည် ပြင်ဆင်ပါရန် တိုက်တွန်းပါသည်။[၆၇]

ပယ်ဖျက်မှုကို ဆိုင်းငံ့ထားခြင်း၊ သေဒဏ်ကျ အကျဉ်းသားများအပါအဝင် မည်သည့်အကျဉ်းသားကိုမဆို ကာလတာရှည်စွာ တစ်ဦးတည်း ခွဲခြားချုပ်နှောင်ထားခြင်းသည် နှိပ်စက်ခြင်းနှင့် အခြားညှဉ်းပန်းနည်းများအားလုံးကို တားမြစ်ပိတ်ပင်ရမည်ဆိုသည့် အချက်နှင့် ဆန့်ကျင်နေပါသည်။[၆၈] သေဒဏ်ကျ အကျဉ်းသားများသည်လည်း အောက်တွင် ဖော်ပြထားသလို[၆၉] အခြားအကျဉ်းသားများ နည်းတူ နေရာထိုင်ခင်းရပိုင်ခွင့်၊ အခန်းပြင်ပတွင် လေ့ကျင့်ခန်း လုပ်ပိုင်ခွင့်၊ ပြင်ပနှင့်ထိတွေ့ ဆက်ဆံခွင့်နှင့် ဥပဒေကြောင်းအရ အကူအညီ ရပိုင်ခွင့်များရှိပါသည်။

### အကြံပြုချက်

ပုဒ်မ ၂၄ (စ) ကို အောက်ပါအတိုင်း ပြင်ဆင်ရန်- "သေဒဏ်ကျခံနေရသောအကျဉ်းသားအား အခြားအကျဉ်းသားများနှင့် ခွဲခြား ထားရှိရမည်။"

---

[၆၆] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၁၁။
[၆၇] ဥပမာ ရှုရန်- မြန်မာရာဇသတ်ကြီး ပုဒ်မ ၁၂၂ ( နိုင်ငံတော်သစ္စာဖောက်ဖျက်မှု)၊ ပုဒ်မ ၁၃၂ (ပုန်ကန်မှုကို အားပေးကူညီမှု)၊ နှင့် ပုဒ်မ ၃ဝ၅ (ကလေးဖြစ်စေ၊ ရူးသွပ်သူဖြစ်စေ မိမိကိုယ်ကို သတ်ခြင်းကို အားပေးခြင်း)
[၆၈] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၃(၁)(ခ)။
[၆၉] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၂ တွင် "ဤဥပဒေသများတွင်ဖော်ပြထားသော အလင်းရောင်ရရှိမှု၊ လေဝင်လေထွက်၊ အပူချိန်၊ သန့်ရှင်းရေး၊ အာဟာရပြည့်ဝရေး၊ သောက်သုံးရေ၊ အချုပ်ခန်းအပြင်ထွက်ခွင့်၊ လေ့ကျင့်ခန်းလုပ်ခွင့်၊ တကိုယ်ရေ သန့်ရှင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကိုယ်ပိုင်နေရာ အလုံအလောက်ရှိမှု စသော အထွေထွေ နေရေးထိုင်ရေး အခြေအနေများကို ခြွင်းချက်မရှိ အကျဉ်းသားအားလုံး ရရှိရမည်ဖြစ်သည်။" (အလေးအနက်ထားခြင်းကို ထပ်ပြောသည်။)

## နေရာထိုင်ခင်း၊ ကိုယ်ရေ သန့်ရှင်းမှု၊ အဝတ်အစား၊ အိပ်ရာ နှင့် အစားအသောက်

နေရာထိုင်ခင်း၊ သန့်ရှင်းမှု၊ အဝတ်အထည်၊ အိပ်ရာနှင့် အစားအသောက်တို့၏ စံနှုန်းများမှာ အကျဉ်းသား၏ ကျန်းမာရေးနှင့် နေထိုင်ကောင်းရေးတို့အတွက် အက်မတန်မှ အရေးကြီးပါသည်။ အကျဉ်းထောင်အတွင်း လူအများဖြင့်ပြွတ်သိပ်နေခြင်း၊ ကျပ်ညပ်နေခြင်း၊ သန့်ရှင်းမှု မရှိခြင်းနှင့် ကိုယ်ပိုင်သီးသန့်ဘဝ မရှိခြင်းများမှာ လူသားမဆန်သော၊ လူ့သိက္ခာကို ညှိုးနွမ်းစေသော ဆက်ဆံခံရမှုမျိုး ဖြောက်ပါသည်။[၇၀] ယင်းအချက်များကို ထောက်ရှုပြီး မြန်မာနိုင်ငံထဲက အကျဉ်းထောင်များ၏ ဆိုးဝါးလှသော ထောင်တွင်း အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားလျက် အကျဉ်းထောင်ဥပဒေထဲတွင် ထောင်တွင်း အနိမ့်ဆုံးရှိရမည့် စံနှုန်းများကို သတ်မှတ်ပေးရန် လိုအပ်ပါမည်။ အစားအသောက်မလုံလောက်ခြင်း၊ သောက်သုံးရေ ရှားပါးခြင်း၊ သန့်ရှင်းမှုမရှိခြင်းနှင့် ဆေးဝါးမလုံလောက် ခြင်းများကြောင့် ထောင်အများစုအတွင်း အခြေအနေမှာ ဆိုးနေခဲ့ပါသည်။ မရှိမဖြစ်လိုအပ်နေသော အစားအသောက်နှင့် ဆေးဝါးအတွက် အကျဉ်းသားများက မိမိတို့မိသားစုများ၏ ထောက်ပံ့မှုအပေါ် မှီခိုနေရပါသည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က အကျဉ်းထောင်များကို သွားရောက် လေ့လာခဲ့ရာ အကျဉ်းထောင်များအတွင်း လူများ အဆမတန်များပြီး ပြည့်ကျပ်နေခြင်း၊ ရေ မသန့်ရှင်းခြင်း၊ နေရာထိုင်ခင်း သန့်ရှင်းမှုမရှိခြင်း၊ အချို့နေရာများတွင် အပေါ့စွန့်ရန် ပုံးများကိုသာပေးထားခြင်း၊ အစားအသောက် မလုံလောက်ခြင်းနှင့် အကျဉ်းထောင်အခန်းများ လေဝင်လေထွက် မကောင်းခြင်းများကို တွေ့ခဲ့ရကြောင်း အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။[၇၁] ၂၀၁၅ ခုနှစ်တုန်းကလည်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနကထုတ်ပြန်သော အစီရင်ခံစာတွင် မြန်မာအကျဉ်းထောင်များအတွင်း အစားအသောက်၊ အမိုးအကာနှင့် သန့်ရှင်းမှု စသော အခြေခံလိုအပ်ချက်များ မရရှိခြင်းကြောင့် ထောင်များအတွင်း အခြေအနေဆိုးလျက်ရှိသည်ဟု ဖော်ပြခဲ့သည်။ ယင်းအစီရင်ခံစာတွင် "အိပ်ရာဆိုသည်မှာ တစ်ခါတစ်ရံ သမံတလင်းကြမ်းပြင်ပေါ်တွင် ဖျာတစ်ချပ်၊ သစ်သားတစ်ပြား၊ ပလပ်စတစ်စ တစ်စ တို့လောက်သာ ဖြစ်သည်။"ဟုဖော်ပြထားပါသည်။[၇၂]

ဤကဲ့သို့ စိုးရိမ်မှုများ ရှိနေသော်လည်း ဥပဒေမူကြမ်းတွင် နေရာထိုင်ခင်းနှင့် ပတ်သက်ပြီး ပုဒ်မ ၂၄ မှ ၂၆ အတွင်း တစ်ခုတည်းသော ဖော်ပြချက်မှာ အကျဉ်းသားများကို ခွဲခြားထားရမည် ဆိုသောအချက်နှင့်သာ သက်ဆိုင်သည်။ ယခု ဥပဒေမူကြမ်းတွင် နေရာထိုင်ခင်း၊ သန့်ရှင်းရေး၊ အဝတ်အထည်၊ အိပ်ရာ၊ အစားအသောက်တို့ နှင့် ပတ်သက်ပြီး အဆင့်အတန်း စံနှုန်းဆိုင်ရာ တောင်းဆိုချက်များကို ပြဌာန်းပေးသည့် အချက်များ တစ်စုံတစ်ရာမျှ မပါရှိပါ။ ထိုအချက်မှာ အထူး စိုးရိမ်စရာ ဖြစ်ပါသည်။

ထို့အပြင် ဥပဒေမူကြမ်းတွင် ခန္ဓာကိုယ်မသန်စွမ်းသော၊ စိတ်ကျန်းမာရေးမပြည့်စုံသော အကျဉ်းသားများအတွက် အခြားအကျဉ်းသားများနည်းတူ နေထိုင်နိုင်ရေးကို ပံ့ပိုးပေးမည့် အစီအစဉ်များ မပါဝင်ပါ။ ဤသို့ စီစဉ်ပေးနိုင်ရန် အကျဉ်းထောင် အာဏာပိုင်များက တိကျသောဆောင်ရွက်မှုမျိုး (အဆင်ပြေသင့်တော်သော နေရာထိုင်ခင်းမျိုး)[၇၃] လုပ်ပေးရန်လိုအပ်ပြီး ပျက်ကွက်ပါက ခွဲခြားဆက်ဆံမှုဖြောက်နိုင်ပါသည်။[၇၄] မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံသည် ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာ နှင့် အခြားမသန်စွမ်းမှု ရှိနေသောသူများအား တန်းတူဆက်ဆံခြင်းမျိုး ဖြစ်စေရန် ၎င်းတို့အတွက် လိုအပ်သော "သင့်တော်သည့် နေရာထိုင်ခင်းကို ရရှိစေရန် လိုအပ်သော ခြေလှမ်းများအားလုံးကို ချမှတ်ဆောင်ရွက် ပေးရန်" တာဝန်ရှိပါသည်။[၇၅] ဤသတ်မှတ်ချက်မှာ အကျဉ်းထောင်များနှင့်လည်း အကျုံးဝင်ပါသည်။[၇၆]

### အကြံပြုချက်များ

နေရာထိုင်ခင်း၊ သန့်ရှင်းမှု၊ အစားအသောက်၊ အဝတ်အထည်၊ အိပ်ရာတို့အတွက် လိုအပ်သော အနိမ့်ဆုံး စံသတ်မှတ်ချက်များဆိုင်ရာ အခန်းအသစ်ကို ထပ်မံထည့်သွင်း၍ အောက်ပါအချက်များကို ထည့်သွင်း ဖော်ပြပေးရန်

- နေရာထိုင်ခင်းသည် အထူးသဖြင့် အကျဉ်းသား တစ်ဦးချင်းအတွက် ရရှိသည့် နေရာအကျယ်အဝန်း၊ အလင်းရောင်၊ အပူချိန်နှင့် လေဝင်လေထွက်တို့သည် အကျဉ်းသားအတွက် ကျန်းမာရေးနှင့် ဘဝ အဆင်ပြေရေးကို အာမခံပေးရမည်။[၇၇]

---

[၇၀] CAT: Spain, UN Doc. CAT/C/CR/29/3 (2002) တွေ့ရှိချက်များကို ကောက်ချက်ဆွဲခြင်း၊ CAT/C/CR/29/3 (2002) စာပိုဒ် ၁၁(ဃ)၊ လူ့အခွင့်အရေးကော်မီတီ၊ *Weerawansa v. Sri Lanka*, HRC, UN Doc. CCPR/C/95/D/1406/2005 (2009) ၊ စာပိုဒ် ၂-၅ နှင့် ၇-၄

[၇၁] မြန်မာအမျိုးသားလူ့အခွင့်အရေး ကောင်စီ (MNHRC)၊ ၂၀၁၅ နှင့် ၂၀၁၆ ထုတ်ကြေငြာချက်။ http://www.mnhrc.org.mm/en/statements-2/.

[၇၂] အမေရိကန် နိုင်ငံခြားရေးဌာန၊ မြန်မာနိုင်ငံ ၂၀၁၅ လူ့အခွင့်အရေး အစီရင်ခံစာ၊ စာမျက်နှာ-၄။

[၇၃] ကုလသမဂ္ဂအထွေထွေညီလာခံတွင် ၂၀၀၆ ခု ဒီဇင်ဘာ ၆ ရက်နေ့က အတည်ပြုခဲ့သော ဆုံးဖြတ်ချက်အမှတ် A/61/611 မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူညီချက် (CRPD)၊ ပုဒ်မ ၂။

[၇၄] ဥပမာ၊ အချို့အကျဉ်းထောင်များ၏ တည်ဆောက် ဖွဲ့စည်းပုံအရ မသန်စွမ်းသော အကျဉ်းသားများသည် စားသောက်ခန်း၊ စာကြည့်တိုက်၊ အညစ်အကြေးသန့်စင်ရာ နေရာ၊ အလုပ်နေရာ၊ အပန်းဖြေနားသည့် နေရာနှင့် မိသားစုနှင့် တွေ့ဆုံရာ နေရာများသို့ သွားရောက်ရန် အခက်အခဲ ရှိနိုင်ပါသည်။ မသန်မစွမ်း အကျဉ်းသားများသည် ၎င်းတို့၏ ခန္ဓာကိုယ် အနေအထားအရ သီးခြား အကာအကွယ်သို့မဟုတ် သီးခြား ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ပါသည်။

[၇၅] CRPD ပုဒ်မ ၅ (၃)

[၇၆] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၅။

[၇၇] ကုလသမဂ္ဂအနေနှင့် အကျဉ်းသား တစ်ဦးချင်းစီအတွက် လိုအပ်သော အနည်းဆုံး နေရာအကျယ်အဝန်းကို နိုင်ငံတကာ စံနှုန်းသတ်မှတ်ထားခြင်း မရှိသော်လည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့က တစ်ဦးချင်းစီအတွက် အိပ်ရန်နေရာ ၁.၆ စတုရန်းမီတာ နှင့် ရေချိုးခန်းနှင့် အိမ်သာအတွက် ၁.၂စတုရန်းမီတာ ရှိသင့်ကြောင်း အကြံပြုထားပါသည်။ ICRC အစီရင်ခံစာ *အကျဉ်းထောင်များအတွင်း ရေ၊ အညစ်အကြေးစွန့်ရေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် နေထိုင်မှု*၊ စာမျက်နှာ ၂၂

- အညစ်အကြေးစွန့်ရန်နေရာများမှာလည်း အကျဉ်းသား၏ လိုအပ်ချက် သဘာဝ နှင့် ကိုက်ညီလျက် သန့်ရှင်းစွာနှင့် သိက္ခာရှိစွာ အသုံးပြုနိုင်ရမည်။
- ရေချိုးရန် ကိုယ်လက်သန့်စင်ရန် နေရာများလည်း သင့်တင့်အောင် စီစဉ်ပေးထားလျက် အကျဉ်းသားသည် မကြာမကြာ ကိုယ်လက်သန့်စင်ခွင့် ရှိရမည်။
- အကျဉ်းသားများ အသုံးပြုသော နေရာများအားလုံးကို စနစ်တကျ သန့်ရှင်းစွာ ထိန်းသိမ်းထားရှိရမည်။
- အကျဉ်းသားများအတွက် ရာသီဥတုနှင့် လိုက်လျောညီထွေသော သန့်ရှင်းသည့် အဝတ်အစားများကို စီစဉ်ပေးရမည်။
- သတ်မှတ်ထားသည့် အချိန်များတွင် အကျဉ်းသားများ၏ ကျန်းမာရေး နှင့် ခွန်အားအတွက် အာဟာရနှင့်ပြည့်စုံကာ ကျန်းမာရေးအရည်အသွေး နှင့် ညီညွတ်စွာ ကောင်းမွန်စွာချက်ပြုတ်ပြင်ဆင်ထားသော အစားအသောက်များဖြင့် ကျွေးမွေးလျက် သောက်သုံးရေကို စီစဉ်ပေးရမည်။
- အမျိုးသမီး အကျဉ်းသူများဆိုင်ရာ ပြဋ္ဌာန်းချက်ထဲတွင် အမျိုးသမီးများအတွက် လိုအပ်သည့် ကိုယ်ရေသန့်ရှင်းရေးအတွက် အထူးလိုအပ်သော ပစ္စည်းများကို ထောက်ပံ့ပေးရမည်။ အမျိုးသမီး လစဉ်သုံးပစ္စည်းများကိုလည်း အခမဲ့ထောက်ပံ့ပေးပြီး မိခင်နှင့် အတူရှိနေသည့် ကလေးများ၏ ကိုယ်ရေ သန့်စင်ရေးအတွက် ရေကိုလည်း ပုံမှန် စီစဉ်ပေးရမည်။

ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာနှင့် အခြားမသန်စွမ်းမှုများရှိနေသူများအား ခွဲခြားဆက်ဆံရာမရောက်အောင် ၎င်းတို့အတွက် သင့်တော်သော နေရာထိုင်ခင်းနှင့် လိုသလို ညှိနှိုင်းပေးမှုကို အကျဉ်းထောင် အာဏာပိုင်များက ဆောင်ရွက်ပေးရမည်ဆိုသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန်

# အကျဉ်းသားများကို ရွှေ့ပြောင်းခြင်း (ပုဒ်မ ၂၇)

ဥပဒေမူကြမ်းပါ ပုဒ်မ ၂၇ - အကျဉ်းသားတစ်ဦးကို ထောင်တခုမှ တောင်တစ်ခုသို့ ပြောင်းရွှေ့သည့်အခါ ယင်းအကျဉ်းသား၏ ကျန်းမာရေး အခြေအနေကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ပြဋ္ဌာန်းချက်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကြိုဆိုပါသည်။ သို့ရာတွင် အကျဉ်းသားများအား ရွှေ့ပြောင်းရေးကို ဆုံးဖြတ်ရာတွင် အကျဉ်းထောင် အာဏာပိုင်များသည် အကျဉ်းသားများ နေထိုင်ရာ ဒေသကို ထည့်သွင်းစဉ်းစားရမည်ဆိုသော တောင်းဆိုပြဋ္ဌာန်းချက်မျိုး ဥပဒေမူကြမ်းတွင် ထည့်သွင်းမထားခြင်းကိုမူ ကျွန်ုပ်တို့ စိုးရိမ်မိပါသည်။ ထိုသို့ ပြဋ္ဌာန်းချက်က အကျဉ်းကျသူများထံ မိသားစုက လာရောက်တွေ့ဆုံရေးကို အထောက်အကူပေးနိုင်သလို အကျဉ်းသား နှင့် ၎င်း၏ မိသားစုဝင်များအတွက် မိသားစုဘဝရပိုင်ခွင့် လူ့အခွင့်အရေးကိုလည်း ရရှိနိုင်စေမည် ဖြစ်သည်။[၇၈]

မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများကို မိသားစုနှင့်ဝေးရာ အကျဉ်းထောင်များသို့ ပို့ဆောင်ပြီး ထပ်ဆင့် အပြစ်ပေးသည့်မှတ်တမ်းများ ရှိနေကာ၊ မူလ အကျဉ်းချခြင်းထက်ပို၍ ခွဲခြားပစ်သလို ပြုလုပ်ရာ ကျနေပါသည်။[၇၉] ဤအလေ့အထသည် မကြာသေးခင်နှစ်များကစ၍ ရပ်တန့်သွားသော်လည်း ဆိုးဝါးသည့် ယင်းလုပ်ကိုင်နည်းမျိုးကို ထပ်မံ ကျင့်သုံး မဖြစ်စေရန် တားဆီးမှုများကို အားပေးသင့်ပါသည်။ အကျဉ်းသားများအနေနှင့်လည်း ၎င်းတို့အားနေရာ ရွှေ့ပြောင်းရန်ရှိနေခြင်း နှင့် နေရာ အသစ်ကို မိသားစုများအား အသိပေးနိုင်မည့် အခွင့်အလမ်းများကို အာမခံပေးသင့်ပါသည်။[၈၀]

## အကြံပြုချက်

ပုဒ်မ ၂၇ တွင်ဖြည့်စွက်ပေးရန်

- မိသားစု၏ လာရောက်တွေ့ဆုံမှု လွယ်ကူစေရန် ဖြစ်နိုင်သမျှ နေအိမ်နှင့် နီးသော အကျဉ်းထောင်များတွင်သာ ထားရှိရန် တောင်းဆိုချက်
- အကျဉ်းသားများကိုလည်း ၎င်းတို့အားနေရာ ရွှေ့ပြောင်းမည့် ကိစ္စနှင့် နေရာသစ်ကို မိသားစုများအား အသိပေးနိုင်အောင် စီစဉ်ပေးရမည်ဆိုသော တောင်းဆိုချက်

[၇၈] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၅၉။
[၇၉] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ၁၉၉၇ နိုဝင်ဘာလထုတ် *မြန်မာ - နိုင်ငံတကာ အသိုင်းအဝန်းအတွက် စိန်ခေါ်ချက်* (Index: ASA 16/ 028/1997)။ သောမတ် အိုဟေးကင်တားနား - ယခင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ၊ ကုလသမဂ္ဂ အထွေထွေညီလာခံ အစီရင်ခံစာ A/64/318၊၂၄ ဩဂုတ် ၂၀၀၉၊ အပိုဒ် ၂၅။
[၈၀] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၆၈။

# တရားရုံးသို့ ရုံးထုတ်ခြင်း (ပုဒ်မ ၂၉ )

ဥပဒေမူကြမ်း၏ ပုဒ်မ ၂၉ တွင် အကျဉ်းသားကို တရားရုံးသို့ ထုတ်ရာတွင် ပြုလုပ်ရမည့် အစီအစဉ် အသေးစိတ်ကို ဖော်ပြထားသည်။ တရားရုံးသို့မဟုတ် ဥပဒေ အရာရှိ ရှေ့မှောက်တွင် အကျဉ်းသားများသည် အချုပ်အနှောင် ပစ္စည်းတစ်မျိုးမျိုးနှင့် ပေါ်ပေါက်လာမှုက ရောက်လာရခြင်းသည် အကျဉ်းသားတွင် အပြစ်ရှိသည်ဆိုသော ယူဆချက်မျိုး စီရင်မည့် အာဏာပိုင်၏ စိတ်ထဲတွင် ဖြစ်ပေါ်သွားစေနိုင်ပါသည်။[၈၁] ထိုအချက်နှင့်တကွ ပြစ်မှုထင်ရှားစီရင် မခံရသေးသမျှ အပြစ်ကင်းသည်ဟု ယူဆရမည်ဆိုသော ဥပဒေသကို လေးစားလျက် ဥပဒေမူကြမ်းတွင် အောက်ပါ အာမခံချက်ကို ထည့်သွင်းသင့်ပါသည်။

### အကြံပြုချက်

အကျဉ်းထောင်ပြင်ပသို့ တရားရုံး သို့မဟုတ် ဥပဒေအရာရှိ တစ်ဦးဦး ရှေ့မှောက်သို့ ထုတ်ခေါ် ရသည့်အခါ အကျဉ်းသားအား ၎င်း၏ ကိုယ်ပိုင်အဝတ်အစား သို့မဟုတ် သာမာန် အဝတ်အစားများကို ဝတ်ဆင်ခွင့်ပြုခြင်း၊ လက်ထိပ်ကဲ့သို့သော ချုပ်နှောင်သည့် ကိရိယာများကို ဖြုတ်ထားပေးခြင်း များကို ပြဌာန်းချက်အဖြစ် ဥပဒေမူကြမ်းတွင် ထည့်သွင်းပေးရန်

# အကျဉ်းသားများနှင့်တွေ့ဆုံခွင့် (ပုဒ်မ ၃၀-၃၅)

## မိသားစုများအတွက် တွေ့ဆုံရန်အနည်းဆုံးအချိန်များ နှင့် ကလေးများနှင့် အဆီးအတားမရှိ ပွင့်လင်းစွာ ထိတွေ့ရန် အချိန်ကို တိုးပေးခြင်း

ဥပဒေမူကြမ်းပုဒ်မ ၃၀ ထဲတွင် အကျဉ်းသားများအား ဧည့်သည်များကို လက်ခံတွေ့ဆုံခွင့် ပေးထားသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကြိုဆိုပါသည်။ အကျဉ်းသားများ၏ မိသားစုဘဝ ဆိုင်ရာ ရပိုင်ခွင့်ကို တတ်နိုင်သမျှပုံမှန် သဘောမျိုးဖြင့် ရရှိနိုင်ရေး ရနိုင်ခွင့် နှင့် ပြင်ပကမ္ဘာနှင့် ထိတွေ့ဆက်ဆံခွင့် အခွင့်အရေးများကို အာမခံသည့် အနေနှင့် ဥပဒေမူကြမ်းတွင် အကျဉ်းသားများ၏ မိသားစုနှင့် ပုံမှန်တွေ့ဆုံနိုင်ခွင့်ကိုလည်း အာမခံ ထည့်သွင်းပေးသင့်ပါသည်။ ထို့အပြင် အကျဉ်းထောင် အာဏာပိုင်များအနေနှင့် အကျဉ်းသားများ ၎င်းတို့၏ မိသားစုနှင့် အထူးသဖြင့် ကလေးများနှင့် တွေ့ဆုံခြင်းကို နှစ်လိုဘွယ် အခြေအနေမျိုးဖြစ်အောင် ဖန်တီးပေးသင့်ပါသည်။ မိခင်နှင့် ကလေးများကို အတားအဆီးမရှိ ထိတွေ့ဆက်ဆံခွင့်ကိုလည်း ခွင့်ပြုသင့်ပါသည်။[၈၂] နယ်လ်ဆင်မန်ဒဲလားဥပဒေသကလည်း ကလေးငယ်အား ၎င်း၏မိဘနှင့် အကျဉ်းထောင်တွင်း အတူနေခွင့်ပေးခြင်းကို ကလေးငယ်အတွက် အကောင်းဆုံးစဉ်းစားပြီး ပြုလုပ်ပေးသင့်ကြောင်း အကြံပြုထားပါသည်။[၈၃]

### အကြံပြုချက်များ

အကျဉ်းသားများ အားလုံးအတွက် ခြွင်းချက်မရှိ ၎င်းတို့၏ မိသားစု သို့မဟုတ် ခင်မင်ရင်းနှီးသူများ ပုံမှန်လာရောက်တွေ့ဆုံနိုင်သည့် ရပိုင်ခွင့်ကို ပေးထားသော ပြဌာန်းချက်ကို ထည့်သွင်းပေးပါ။

မိသားစုများ၊ အထူးသဖြင့် ကလေးငယ်များက အကျဉ်းသားများအား လာရောက်တွေ့ဆုံရာတွင် နှစ်လိုဘွယ်အခြေအနေမျိုး ဖြစ်အောင် အကျဉ်းထောင်အာဏာပိုင်များက ဖန်တီးပေးဖို့ လိုအပ်ကြောင်း ပြဌာန်းချက်ကို ထည့်သွင်းပေးပါ။

### ရှေ့နေနှင့် ဆွေးနွေး တိုင်ပင်မှု လုံခြုံစိတ်ချရေး

ဥပဒေမူကြမ်း၏ ပုဒ်မ ၄၃ တွင် အကျဉ်းသားများကို ၎င်းတို့၏ ရှေ့နေနှင့် သတ်မှတ်ပေးထားသည့်နေရာတွင် လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်းခွင့် ပေးထားသော်လည်း ၎င်းအခွင့်အရေးသည် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့် မဆန့်ကျင် စေရဟု ဆိုထားခြင်းက ထိုရပိုင်ခွင့်ကို ခြွင်းချက်ဖြင့် ကန့်သတ်ထားသလို ဖြစ်နေပါသည်။ ဤပြဌာန်းချက်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယေဘုယျအားဖြင့် ကြိုဆိုသော်လည်း နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ စံချိန်စံနှုန်းများနှင့်အညီ ရှေ့နေနှင့်

[၈၁] နယ်လ်ဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၁၉(၃) နှင့် ၄၇(၂) (က) တွင်ရှု။
[၈၂] ဘန်ကောက် ဥပဒေသများ၊ ဥပဒေသ ၂၈။
[၈၃] နယ်လ်ဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၂၉ (က)။ ကလေးသူငယ်များအား ထောင်တွင်းတွင် မိဘများနှင့်အတူ နေထိုင်ရန် ခွင့်ပြုပါက အောက်ပါ အချက်များကို စီစဉ်ပေးရန်လိုသည် (က) ကလေးက မိဘနှင့်အတူ ရှိမနေသောအခါတွင် ထောင်တွင်းမှုဖြစ်စေ ထောင်ပြင်ပမှုဖြစ်စေ အရည်အချင်းပြည့်မီသော ကလေးစောင့်ရှောက်သူများဖြင့် ဖွဲ့စည်းသည့် ကလေး စောင့်ရှောက်ရေးဌာနများ ထားရမည် (ခ) ထောင်သို့ ရောက်ချိန်မှစ၍ ကလေးငယ်အား ကျန်းမာရေး စစ်ဆေးပြီး ထောင်တွင်း ရှိနေစဉ်တလျှောက်လည်း ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို ကျွမ်းကျင်သူများက စောင့်ကြပ်ကြည့်ရှုပေးရမည်။

ဥပဒေရေးရာ ဆိုင်ရာ တွေ့ဆုံဆွေးနွေးမှု မှန်သမျှမှာ အကျဉ်းသား၏ အပြည့်အဝရပိုင်ခွင့် ဖြစ်ပြီး၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ကို အချိန်ဆွဲခြင်းမရှိ၊ ကြားဖြတ်တားဆီးခြင်း မခံရဘဲ၊ စိစစ်ခြင်းမရှိ၊ လုံးဝလျှို့ဝှက်စိတ်ချရစွာ လုံလောက်သော၊ အချိန် နှင့်၊ နေရာ ပေးမှုတို့ဖြင့် စီစဉ်ပေးရပါမည်။[၄၄]

## အကြံပြုချက်

**ပုဒ်မ ၃၄ ကို ပြင်ဆင်ပြီး** အကျဉ်းသားများကို ဥပဒေရေးရာကိစ္စမှန်သမျှတွင် ၎င်းတို့၏ရှေ့နေများနှင့် အချိန်မဆွဲ၊ ကြားဖြတ်တားဆီးမှုမရှိဘဲ၊ ကန့်သတ်ခြင်းမရှိပဲ လုံးဝလျှို့ဝှက်စိတ်ချရစွာ တွေ့ဆုံဆွေးနွေးခွင့်ကို အာမခံပေးပါ။

# ပစ်ဒဏ်ခံနေကြရသည့် အကျဉ်းသားများကို အလုပ်လုပ်ခိုင်းခြင်း (ပုဒ်မ ၃၆-၃၇)

ဥပဒေမူကြမ်း၏ ပုဒ်မ ၃၆ နှင့် ၃၇ တွင် အကျဉ်းသားများအား အလုပ်ခိုင်းစေခြင်းကို ပြဋ္ဌာန်းထားသည်။ အကျဉ်းသားများသည် တစ်ရက်ကို ရှစ်နာရီထက် ပို၍ အလုပ်မလုပ်ရဟုလည်း ဖော်ပြထားကာ အလုပ်စခန်းများသို့ ကျန်းမာရေးဝန်ထမ်းများလည်း လိုက်ပါကြည့်ရှုရမည်ဟု ဖော်ပြထားသည်။ အကျဉ်းသားများသည် ('ဝင်ငွေရသော လုပ်ငန်းများတွင်') ၎င်းတို့၏ လုပ်အားအတွက် အခကြေးငွေ ရရှိကြရမည်ဟုလည်း ပါရှိပြီး လုပ်ငန်းခွင်တွင် ဒဏ်ရာရသော အကျဉ်းသားများကို နစ်နာကြေးပေးရမည်ဟုလည်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအတွင်း အဓမ္မအလုပ်ခိုင်းစေမှုများအကြောင်းကို ယုံကြည်ရသော လူ့အခွင့်အရေးအဖွဲ့များနှင့် သတင်းမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြပြီးဖြစ်သည်။[၄၅] အကျဉ်းသားများသည် ထောင်တွင်းတွင်ဖြစ်စေ အလုပ်စခန်းများတွင် ဖြစ်စေ အလွန်ကြမ်းတမ်းသော အခြေအနေများတွင် အမြဲဆိုသလို အဓမ္မခိုင်းစေ ခံကြရသည်။ ထိုကဲ့သို့ အလုပ်စခန်းများကို ကားလမ်းများ၊ အဆောက်အအုံများ၊ အခြေခံအဆောက်အဦ လုပ်ငန်းများအတွက် တစ်နိုင်ငံလုံးတွင် ဖွင့်ထားသည်။ အဓမ္မ အလုပ်ခိုင်းခံရသော အကျဉ်းသားများမှာ ရိုက်နှက်ခံရပြီး လုံလောက်သော စားစရာမရ အိပ်စက်ခွင့်မရကြောင်း သတင်းများအရ သိရသည်။ ယင်းအလုပ်စခန်းများတွင် အကျဉ်းသား အများအပြား သေဆုံးရမှုများလည်း ရှိခဲ့သည်။[၄၆] မြန်မာစစ်တပ်က တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ခိုက်နေသော စစ်ပွဲများတွင် အထမ်းသမား ပေါ်တာအဖြစ် ရာဇဝတ် အကျဉ်းသားများကို ခေါ်ယူအသုံးပြုလေ့ရှိသည်။

အထက်ပါအချက်များကို ကြည့်၍ ယခုဥပဒေမူကြမ်းက အကျဉ်းသားများအား အလုပ်စေခိုင်းမှုကို ဥပဒေနှင့် ညီညွတ်အောင် ပြုလုပ်ရန် ကြိုးပမ်းမှုကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကြိုဆိုပါသည်။ သို့ရာတွင် ဥပဒေမူကြမ်းတွင် (အကျဉ်းသားများအပေါ်) နှိပ်စက်မှု၊ ခေါင်းပုံဖြတ်မှုတို့မှ လုံလောက်သော တားဆီးကာကွယ်မှုကို မတွေ့ရပါ။ ယင်းအကာအကွယ်များတွင် အကျဉ်းသားများ၏ လုပ်အားကို ရယူခြင်းသည် မည်သည့်အခါမျှ ၎င်းတို့အားထိခိုက်စေမှု မဖြစ်စေရခြင်း၊ အကျဉ်းသားအား ကျွန်သဖွယ်ခိုင်းစေခြင်း၊ အကျဉ်းသား၏ အသက်အန္တရာယ်နှင့် ခန္ဓာကိုယ်ကို ထိခိုက်စေမယ့် အလုပ်မျိုး မခိုင်းစေရခြင်းတို့ပါဝင်သင့်သည်။[၄၇] ဥပဒေမူကြမ်းတွင် အပတ်စဉ် အနားရသောရက်၊ တစ်ပတ်အများဆုံး အလုပ်လုပ်ရမည့် နာရီ တို့ကို ဖော်ပြမထားသလို၊ အကျဉ်းသားတို့၏ဘဝ ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့် အခြားလုပ်ငန်းများ အတွက် ပေးရမည့် အချိန်ကိုလည်း ဖော်ပြမထားပါ။[၄၈] ဥပဒေမူကြမ်းကို ပြင်ဆင်ရာတွင်ယင်းတို့ကို ထည့်သွင်းသင့်ပါသည်။

---

[၄၄] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၆၁။
[၄၅] ဥပမာ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ ၁၉၉၅ စက်တင်ဘာလထုတ် အစီရင်ခံစာ မြန်မာ - အကျဉ်းထောင်များအတွင်းနှင့် အလုပ်စခန်းများမှ အခြေအနေများ၊ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ) ၏ ၂၀၀၂ ခုနှစ် မေလထုတ် အစီရင်ခံစာ - မြန်မာနိုင်ငံတွင် အကျဉ်းသားများ၏ လုပ်အားကို အဓမ္မရယူမှု နှင့် ၂၀၀၉ ခုနှစ်ထုတ် အစီရင်ခံစာ မြန်မာနိုင်ငံမှ အကျဉ်းထောင်များနှင့် အလုပ်စခန်းများ - တိတ်တဆိတ် လူသတ်ကွင်းများ။ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အဖွဲ့၏ ၂၀၁၁ ဇူလိုင်လ ၁၂ ရက်နေ့ထုတ် အစီရင်ခံစာ လူသေများ လမ်းလျှောက်ခြင်း - မြန်မာနိုင်ငံ အရှေ့ပိုင်း ရှေ့တန်းစစ်မြေပြင်များတွင် အကျဉ်းသားများကို ပေါ်တာအဖြစ် အသုံးပြုခြင်း။
[၄၆] သာနီးဝေ "ပြီးခဲ့သည့် ၁၀ နှစ်အတွင်း အလုပ်စခန်းများတွင် လူ ၁၀၀၀ ကျော်သေဆုံးခဲ့တယ်။" ဒီမိုကရက်တစ်မြန်မာ့အသံ (၁၃ အောက်တိုဘာ ၂၀၁၄) http://www.dvb.no/news/over-one-thousand-die-in-labour-camps-over-decade-burma-myanmar/44996
[၄၇] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၉၇။
[၄၈] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၁၀၂။

### အကြံပြုချက်များ

အကျဉ်းသားများအား ဖိနှိပ်ရာကျမည့်အလုပ်မျိုး၊ ကျေးကျွန်သဖွယ်ခိုင်းစေခြင်း နှင့်၊ အကျဉ်းသားများ၏ အသက်နှင့် ခန္ဓာကိုယ်ကို အန္တရာယ်ရှိစေနိုင်မည့် အလုပ်မျိုး ခိုင်းစေခြင်းကို တားမြစ်သည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန်

တစ်ပတ်လျှင်အနည်းဆုံး နားရက်တစ်ရက်၊ အကျဉ်းသားများ၏ ကုသမှုနှင့် ဘဝပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ပညာရေး နှင့် အခြားလှုပ်ရှားမှုများအတွက် လုံလောက်သော အချိန်ပေးရန်ကို အာမခံပေးမည့် အချက်ကို ထည့်သွင်းပေးရန်

# တရားမ အကျဉ်းသားနှင့် အချုပ်ကျအကျဉ်းသားများ (ပုဒ်မ ၃၉ - ၄၁)

ဥပဒေမူကြမ်း၏ ဤအခန်းခွဲတွင် တရားမ အကျဉ်းသားနှင့် အချုပ်ကျအကျဉ်းသားများ၏ အထူးသဘောကို ဆောင်သည့် အခြေအနေနှင့် အကျုံးဝင်သည့် သီးခြားအခွင့်အရေးများနှင့် စည်းမျဉ်းများကို ဖော်ပြထားပါသည်။ ဥပဒေမူကြမ်းအရ အချုပ်ကျ အကျဉ်းသားဆိုသည်မှာ တရားရုံးက အပြစ်ရှိကြောင်း စီရင်ချက် မချမှတ်ရသေးသော်လည်း တရား ရင်ဆိုင်နေစဉ် ထိမ်းသိမ်းခံထားရသူ ဖြစ်သည်။ တရားမ အကျဉ်းသား ဆိုသည်မှာ (ရာဇဝတ်မှု တရားခံနှင့် မတူဘဲ) တရားမမှုတစ်ခုခုကို ကျူးလွန်ကြောင်း စီရင်ချက် ချမှတ် ခံခဲ့ရပြီး ထောင်ဒဏ်ကျခံနေရသူ ဖြစ်သည်။

### အစီရင် မခံရသေးသော **အကျဉ်းသားအား အပြစ်မရှိကြောင်းယူဆခြင်း**

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ တရားရင်ဆိုင်နေစဉ် ချုပ်နှောင်ခံရမှုမှာ လုပ်ရိုးလုပ်စဉ်ထက် ခြွင်းချက် ဖြစ်ရမည်မှာ ထင်ရှားနေပါသည်။[၉၉] ပြစ်မှုထင်ရှားကြောင်း စီရင်ချက်မခံရသေးသော အကျဉ်းသားများမှာ ပြစ်မှုကျူးလွန်ကြောင်း မထင်ရှားသေးဘဲ ၎င်းတို့၏ လွတ်လပ်ခွင့်များကို ကန့်သတ်ခံနေရသူများ ဖြစ်ကြသောကြောင့် ဥပဒေအရ ၎င်းတို့အား အပြစ်ကင်းစင်သူများဟု ယူဆရမည်ဖြစ်ပြီး ၎င်းတို့အတွက် သီးခြား အကာအကွယ်များနှင့် အာမခံချက်များ ပေးရပါမည်။ အပြစ်ကင်းသည်ဟု ယူဆခြင်းမှာ ၎င်းတို့ ရပိုင်ခွင့်ရှိသည့် သီးခြားဆက်ဆံမှု (အောက်တွင် ဆွေးနွေးထားသည်) အတွက် အဓိက အခြေခံမှု ဖြစ်သော်လည်း ယခု ဥပဒေမူကြမ်းက ယင်းအချက်ကို မည်သို့မှ ရည်ညွှန်း မထားပါ။ [၉၀]

### အကြံပြုချက်

ပြစ်မှုထင်ရှား အစီရင်မခံရသေးသည့် အကျဉ်းသားများအား အပြစ်ကင်းစင်ကြောင်းယူဆချက်ကို အခန်းခွဲ၏ အစတွင် ထည့်သွင်းဖော်ပြပေးပါ။

### အချုပ်ကျ အကျဉ်းသားများ၏ အခွင့်အရေးများ

ဥပဒေမူကြမ်း၏ ပုဒ်မ ၃၉ တွင် တရားမအကျဉ်းသားများနှင့် အချုပ်ကျ အကျဉ်းသားများသည် အပြင်မှ အဝတ်အစားနှင့် အစားအသောက်များ ယူလာနိုင်ကာ ဝယ်ယူခွင့်ရှိသည်ဟု ဖော်ပြထားသည်။ သို့သော် ယခုဥပဒေမူကြမ်းတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများထဲ အသိအမှတ် ပြုထားကာ ယင်းကဲ့သို့သော အကျဉ်းသားများ ရပိုင်ခွင့်ရှိသည့် နောက်ထပ် သတ်မှတ်ပေးထားသည့် အခွင့်အရေးများကို ဖော်ပြမထားပါ။ [၉၁]

### အကြံပြုချက်

အချုပ်ကျအကျဉ်းသားများအား အောက်ပါ ရပိုင်ခွင့်များကို အာမခံပေးမည့် ပြဋ္ဌာန်းချက်များကို ပုဒ်မ ၃၉ တွင် ထည့်သွင်းပေးပါ။

- သူတို့၏ အမှုကို ခုခံချေပနိုင်ရန် ၎င်းတို့၏ ရှေ့နေနှင့် လျှို့ဝှက်စိတ်ချရစွာ ဆက်သွယ်နိုင်ရန် စီစဉ်ပေးရန်
- ၎င်းတို့၏ စရိတ်ဖြင့် သူတို့၏ ကိုယ်ရေး ဆရာဝန်များ နှင့်၊ သွားဆရာဝန်များနှင့် တွေ့ဆုံပြသခွင့်နှင့် လိုအပ်သည့်ကုသမှုကို ဆက်လက် ခံယူခွင့်ပေးရန်
- စာအုပ်များ၊သတင်းစာများနှင့် စာရေးကိရိယာများကို ၎င်းတို့၏ ကိုယ်ပိုင်စရိတ်ဖြင့် ရယူသုံးစွဲနိုင်ရန်
- ဧည့်သည်လက်ခံတွေ့ခွင့် နှင့် ဖုံးဖြင့် ခေါ်ဆိုခွင့်များ နောက်ထပ်ခွင့်ပြုရန်

---

[၉၉] ICCPR ပုဒ်မ ၉။
[၉၀] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၁၁၁.၂။
[၉၁] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၁၁၂ မှ ၁၂၀။

- အလုပ် လုပ်ပိုင်ခွင့် ရှိသော်လည်း အလုပ်ခိုင်းစေခံရခြင်းမရှိရန်
- တစ်ယောက်နေ အခန်းများတွင် နေထိုင်ခွင့် စီစဉ်ပေးရန်

# အကျဉ်းသားများ၏ အခွင့်ထူးများ (ပုဒ်မ ၄၂)

ဥပဒေမူကြမ်း၏ ပုဒ်မ ၄၂ တွင် အကျဉ်းသားများ၏ "အခွင့်ထူး" လေးမျိုး ကိုဖော်ပြထားပါသည်။ နစ်နာမှုများကို "တာဝန်ခံအရာရှိ"ထံ တင်ပြခွင့်၊ ယုံကြည်သော ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ အကြောင်းအမျိုးမျိုး ကို အခြေခံပြီး ခွဲခြားဆက်ဆံမခံရခွင့် နှင့် "စီရင်ချက်အား လျှော့ရက်ခံစားခွင့်" တို့ဖြစ်သည်။ ဥပဒေမူကြမ်းတွင် ဤသို့ အခွင့်ထူး လေးမျိုးထည့်သွင်းပေးထားသည်ကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကြိုဆိုပါသည်။ သို့ရာတွင် ဤစာရင်းတွင် အကျဉ်းသားများ ခံစားရမည့် အခွင့်အရေးအားလုံး မပါဝင်ပါ။

အထက်တွင်ဖော်ပြခဲ့သလို ဥပဒေ၏ အစတွင်ပင် အကျဉ်းသားများအပေါ် ဆက်ဆံပုံနှင့် ပတ်သက်သည့် အထွေထွေ အခြေခံမှုများ ပါသည့် အခန်းကို ထည့်သွင်းသင့်ပါသည်။[၆၂] ထို့အပြင် ဥပဒေမူကြမ်းထဲတွင် အကျဉ်းသားများအတွက် ပြီးပြည့်စုံသည့် တိုင်ကြားရေး လုပ်ရိုးလုပ်စဉ်ကို ထူထောင်ပေးလျက် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် ကိုက်ညီစေရန် ခွဲခြားဆက်ဆံမှုကို တားမြစ်သော နောက်ထပ် အခြေအနေများကိုလည်း ထည့်သွင်းပေးသင့်ပါသည်။

## အကျဉ်းသားများ၏ တိုင်ကြားချက်

လူတိုင်းထံတွင် ၎င်းတို့၏ လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်း သို့မဟုတ် ၎င်း၏ အခြေအနေများ၊ ဆက်ဆံခံရပုံနှင့် ထောင်ချခံထားနေရခြင်း တစ်ခုလုံးကို ခြုံငုံလျက် ဖြစ်စေ တင်ပြတိုင်ကြားခွင့် ရှိရပါမည်။ ဥပဒေမူကြမ်းတွင် ရပိုင်ခွင့်များကို အပြည့်အဝ ရရှိခံစားစေနိုင်ရန် နှင့် နောင်တွင် ချိုးဖောက်မခံရစေကြောင်းကို အာမခံပေးရန် လိုအပ်သည့် လွတ်လပ်စွာ တင်ပြတိုင်ကြားခွင့် လုပ်ရိုးလုပ်စဉ်ကို ထည့်သွင်းဖော်ပြသင့်သည်။

သို့ရာတွင် ဥပဒေမူကြမ်း ပုဒ်မ ၄၂(က)က အကျဉ်းသားသည် ၎င်း၏ နစ်နာမှုကို ဥပဒေ နည်းဥပဒေများနှင့် အညီ တာဝန်ခံ အရာရှိထံ တင်ပြနိုင်သည်ဟုသာ ဖော်ပြထားသည်။ အခန်း ၂ ပုဒ်မ ၆(စ)[၆၃] တွင်လည်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အကျဉ်းသားထံမှ ဥပဒေပါအခွင့်အရေးတစ်ရပ်ရပ် နစ်နာကြောင်း တာဝန်ခံအရာရှိမှတဆင့် တင်ပြလာမှုအပေါ် သင့်လျော်သည့်အမိန့်ကို ချမှတ်ပေးရမည် ဟုဖော်ပြထားသည်။ ဥပဒေမူကြမ်းထဲတွင် အကျဉ်းသားများအား ၎င်းတို့၏ နစ်နာချက်များကို "တင်ပြခွင့်" သာ ပေးထားသည့် ဌာနတွင်း လုပ်ငန်းစဉ်တစ်ခုတည်း ပါရှိသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများတွင် အကျဉ်းသားများသည် ၎င်းတို့အား အကျဉ်းထောင်အတွင်း ဆက်ဆံပုံနှင့် ပတ်သက်၍ တိုင်ကြားခွင့်၊ ၎င်းတို့အပေါ် စည်းကမ်းထိန်းသိမ်းရန် အရေးယူမှုများနှင့် ပတ်သက်၍ တိုင်ကြားခွင့်၊ ၎င်း တို့၏အခွင့်အရေးများချိုးဖောက်ခံရမှုနှင့် ပတ်သက်၍ တိုင်ကြားခွင့်များကို လမ်းကြောင်း အများအပြားဖြင့် ပြုလုပ်ခွင့်နှင့် လွတ်လပ်စွာ တိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်များ ရှိရမည်ဟု ပြဋ္ဌာန်းထားပါသည်။ [၆၄]

### အကြံပြုချက်

အကျဉ်းသားများ၏ တိုင်ကြားချက်များနှင့် ပတ်သက်၍ အခန်းအသစ်တစ်ခု သို့မဟုတ် အခန်းခွဲ တစ်ခုထည့်သွင်း၍ အောက်ပါအချက်များကို ထည့်ဖော်ပြရန်

- အကျဉ်းသားတိုင်းအတွက် အကျဉ်းဦးစီးဌာန သို့မဟုတ် အကျဉ်းထောင် အရာရှိထံသို့ အကျဉ်းသားဖက်မှ တောင်းဆိုလာသော် လျှို့ဝှက်စွာ နှေ့ရက်မရွှေး တိုင်ကြားခွင့်ရှိရန်နှင့် လိုအပ်ပါက သီးသန့်လွတ်လပ်စွာ တိုင်ကြားခွင့်
- အကျဉ်းထောင်အား စစ်ဆေးသူ လာရောက်ချိန်တွင် အကျဉ်းသားတိုင်း တိုင်ကြားခွင့်

[၆၂] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ အကြံပြုချက်များကို စည်းမျဉ်းစည်းကမ်းများ အခန်းတွင် ထည့်သွင်းရန် စာမျက်နှာ ၁၀-၁၁။ ရှုရန်-ဥပမာ ကုလသမဂ္ဂ အခြေခံစည်းမျဉ်းများ၏ စည်းမျဉ်း ၅၊ နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၁-၅၊ *Hirst v United Kingdom (No. 2),* Application no. 74025/01၊ ဥရောပ လူ့အခွင့်အရေး တရားရုံး၊ Grand Chamber တရားစီရင်ချက် ၊ ၆ အောက်တိုဘာ ၂၀၀၅၊ စာပိုဒ် ၄၄။
[၆၃] ပုဒ်မ ၆(စ) အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အကျဉ်းသားတစ်ဦးဦးက ဥပဒေပါအခွင့်အရေးတစ်ရပ်ရပ် နစ်နာကြောင်း တာဝန်ခံအရာရှိမှတဆင့် တင်ပြလာမှုအပေါ် သင့်လျော်သည့်အမိန့် ချမှတ်ပေးရမည် ဟုဖော်ပြထားသည်။
[၆၄] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၅၆ နှင့် ၅၇။

- အကျဉ်းသားတိုင်းက အကျဉ်းထောင်အတွင်း ၎င်းတို့အပေါ် ဆက်ဆံပြုမူပုံများနှင့် ပတ်သက်ပြီး အကျဉ်းဦးစီးဌာနသို့မဟုတ် တရားရေးဌာနသို့ ဆင်ဆာဖြတ်တောက်ခြင်း မခံရဘဲ အပြည့်အစုံ တင်ပြတိုင်ကြားခွင့်ရှိရန်
- တိုင်ကြားချက်အားလုံးကို အရေးယူဆောင်ရွက်ပြီး အချိန်မဆိုင်းပဲ အကြောင်းပြန်ကြားရန် လိုအပ်ကြောင်း ထည့်သွင်းဖော်ပြပေးရန်၊ တိုင်ကြားချက်ကို ပယ်ချခံရလျှင် အကျဉ်းသားအနေနှင့် တရားရေးပိုင်းမှ ယင်းပယ်ချချက်ကို အယူခံခွင့်
- တိုင်ကြားချက်ကြောင့် လက်စားချေ အရေးယူခံရရခြင်း၊ ခြိမ်းခြောက်ခံရခြင်းနှင့် အခြား ဆိုးသော အကျိုးဆက်များ ရင်ဆိုင်ရမှုမှ ကင်းလွတ်ခွင့်
- လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခံရသူသည် တရားဥပဒေကြောင်းအရ ဖြစ်စေ၊ အခြား သင့်တော်သော အာဏာပိုင်အဖွဲ့အစည်းများထံတွင် ဖြစ်စေ နစ်နာမှုအတွက် တိုင်ကြားပြီး ဖြေရှင်းချက်ရယူနိုင်ကြောင်း ပြည့်စုံစွာအသိပေးထားပြီး လိုအပ်ပါက ၎င်းအတွက် ဥပဒေအထောက်အကူများကို အကျဉ်းထောင်အာဏာပိုင်များဘက်မှ ဖြည့်ဆည်းပေးရန်
- အကျဉ်းသားများအား ၎င်းတို့၏ နစ်နာချက်များကို တိုင်ကြားပိုင်ခွင့်ရှိကြောင်းနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသိပေးထားရန် တောင်းဆိုချက်

ညှဉ်းပန်း နှိပ်စက်ခံရမှု စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို အောက်တွင်ဖော်ပြထားပါသည်။

## ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံ မူဝါဒ

ဥပဒေမူကြမ်း၏ အစတွင် အထွေထွေစည်းမျဉ်းများဆိုသော အခန်းသစ်ကို ထည့်သွင်းပြီး ပုဒ်မ ၄၂ (ဂ) ပါ ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံ မူဝါဒကို ယင်းအခန်းထဲတွင် ပြောင်းရွှေ့ဖော်ပြရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တိုက်တွန်းပါသည်။[၉၅]

ထို့အပြင် ဥပဒေမူကြမ်း ပုဒ်မ ၄၂(ဂ) တွင် မည်သည့်အကျဉ်းသားကိုမျှ "လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှု၊ ရာထူးဌာန္တရ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှု တို့ကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံခံရခြင်းမရှိစေရ" ဟုဖော်ပြထားပါသည်။ ဤသို့ ခွဲခြားဆက်ဆံမှုကို တားမြစ်သော အခြေအနေများကို ကြိုဆိုရသော်လည်း ယင်းတို့မှာ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော စာချုပ်များ[၉၆] ပါ ပြဌာန်းချက်များထက် ကျဉ်းမြောင်းနေသည်ကို တွေ့ရသည်။ ယခု ဥပဒေမူကြမ်းတွင် အကျဉ်းသားများကို ခွဲခြားဆက်ဆံခြင်း ပြုမရသည့် အချက်များထဲတွင် ၎င်းတို့၏ အသားအရောင်၊ လိင်စိတ်၊ ဘာသာစကား၊ နိုင်ငံရေးအယူအဆ ယုံကြည်ချက်၊ မသန်စွမ်းမှု၊ နိုင်ငံသား၊ လူမျိုး၊ တိုင်းရင်းသားဖြစ်မှု၊ အသက်အရွယ်၊ လိင်စိတ်၊ ကျား မအဖြစ် မိမိကိုယ်ကို သတ်မှတ်မှု နှင့် အခြားသော အကာအကွယ်ပေးရမည့် အခြေအနေများကို ထည့်သွင်းမထားပါ။

### အကြံပြုချက်

ပုဒ်မ ၄၂(ဂ) ကို အကြံပြုထားသော အခြေခံ မူဝါဒများ အခန်းသစ်ကို ရွှေ့ပြောင်းထည့်သွင်းရန်နှင့် ခွဲခြားဆက်ဆံမှု ပြုလုပ်မရသည့် အခြေအနေများကို တိုးချဲ့ထည့်သွင်းလျက် ယင်းအခြေအနေများထဲတွင် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးနှင့်အခြားသော ခံယူချက်များ၊ အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်မှု၊ အဆင့်အတန်း၊ လူပ်ရှားဆောင်ရွက်မှု၊ ဆွေစဉ်မျိုးဆက်၊ နိုင်ငံသား၊ လူမျိုး၊ တိုင်းရင်းသားဖြစ်မှု သို့မဟုတ် လူမှုရေးဇစ်မြစ်၊ အသက်၊ စီးပွားရေးအဆင့်အတန်း၊ ပိုင်ဆိုင်မှု၊ မသန်မစွမ်းမှု၊ အိမ်ထောင်ရှိမရှိ၊ လိင်စိတ်၊ ကျား မအဖြစ် မိမိကိုယ်ကို သတ်မှတ်မှု၊ မွေးရာဇာတိ၊ မွေးဖွားစဉ် အဆင့်အတန်း နှင့် အခြားသော အခြေအနေများ ပါဝင်လာအောင် ပြင်ဆင်ပေးပါ။

---

[၉၅] စာမျက်နှာ - ၁၀-၁၁

[၉၆] UDHR ၊ ပုဒ်မ ၂။

# အကျဉ်းထောင် ပြစ်မှုနှင့် ပြစ်ဒဏ်များ (အခန်း ၄ နှင့် ၅)

ဥပဒေမူကြမ်း၏ အခန်း ၄ နှင့် ၅ တွင် အကျဉ်းသားများနှင့် အကျဉ်းထောင်ဝန်ထမ်းများအတွက် ပြစ်မှုမြောက်သော အပြုအမူများကို ဖော်ပြထားပြီး ပြစ်မှု တစ်ခုချင်းစီအတွက် ပြစ်ဒဏ်များကိုလည်း ဖော်ပြထားသည်။ ဤအခန်းနှစ်ခန်းစလုံးတွင် နိုင်ငံတကာ ဥပဒေ စံနှုန်းများနှင့် မညီညွတ်သော ပြဌာန်းချက်များ ပါဝင်နေပါသည်။ အချို့ ပြစ်မှုများကို အဓိပ္ပါယ်ကျယ်ဝန်းစွာ ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ တားမြစ်ထားသော ပြစ်ဒဏ်ပေးနည်းများဖြစ်သည့် ကိရိယာများကိုသုံး၍ ချုပ်နှောင်ခြင်း၊ ကာလတာရှည် တစ်ဦးတည်းခွဲခြားချုပ်နှောင်ခြင်းမျိုးကို လည်းဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။ အကျဉ်းသားများအား ပြစ်ဒဏ်မပေးမီ ဖြစ်သင့်သော ဥပဒေကြောင်းအရ စစ်ဆေးဆုံးဖြတ် ထုချေခွင့်မျိုးကိုလည်း ပြဌာန်းပေးမထားသဖြင့် မျှတစွာတရားစီရင်ပိုင်ခွင့်များကို ချိုးဖောက်ရာ ရောက်ပါသည်။

## အကျဉ်းထောင် ပြစ်မှုများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဥပဒေမူကြမ်းတွင် ပြစ်မှုမျိုးစုံကို ဖော်ပြထားပါသည်။ ပုဒ်မ ၄၃ နှင့် ၄၉ က အကျဉ်းသားများကျူးလွန်သော ပြစ်မှုများကို ဖော်ပြထားပြီး ပုဒ်မ ၄၅၊ ၄၆ နှင့် ၄၇ တို့က မည်သူမဆို ကျူးလွန်နိုင်သော ပြစ်မှုများကို ဖော်ပြထားရာ အကျဉ်းသားများနှင့် အကျဉ်းထောင်ဝန်ထမ်းများ နှစ်မျိုးစလုံးနှင့် အကျုံးဝင်ပါသည်။ ပြစ်မှုထိုက်သော ပြစ်မှုများ ဖြစ်သည်။ ပုဒ်မ ၄၈၊၅၀၊၅၁ နှင့် ၅၂ တို့က အကျဉ်းထောင်ဝန်ထမ်းများ၏ ပြစ်မှုများကို ဖော်ပြထားသည်။

အချို့သော ပြစ်မှုများဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ကျယ်ဝန်းလှသည်။ ဥပမာ ပုဒ်မ ၄၃ တွင် "သူတစ်ပါးစိတ်ကို နာကျင်ထိခိုက်စေသော သို့မဟုတ် ခြိမ်းခြောက် သောစကားကို ပြောဆိုခြင်း" ကဲ့သို့ ပြစ်မှုများ ပါနေရာ အဓိပ္ပါယ် မရေရာပါ။ ပုဒ်မ ၄၃(င) တွင် အလုပ်ကို မလုပ်ကိုင်နိုင်ရန် မိမိကိုယ် မိမိ ထိခိုက်နာကျင်စေရန် ပြုမူဆောင်ရွက်ခြင်းကို ပြစ်မှုဟု ဖော်ပြထားရာ ယင်းကဲ့သို့လုပ်ရပ်များမှာ စိတ်ကျန်းမာရေးချို့ယွင်းမှု ဆက်စပ်နိုင်ခြင်းကို လစ်လျူရှုထားပါသည်။ ပုဒ်မ ၄၃(ဌ)တွင် "ဝန်ထမ်းကို ဖြစ်စေ၊ အကျဉ်းသားကိုဖြစ်စေ၊ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း" ကိုပြစ်မှုဟု ဖော်ပြထားရာ အမှန်တကယ် ချိုးဖောက်ခံရမှု သို့မဟုတ် ညှင်းပန်းနှိပ်စက်မှု ဖြစ်သည်ဟု ယုံကြည်သည်ကို အကျဉ်းသားဖက်မှ မတိုင်တန်းရဲအောင် ဖြစ်မသွားစေရန် ဆောင်ရွက်ပေးမှုကို မတွေ့ရပေ၊ ပုဒ်မ ၄၃(ဎ) တွင် ပြစ်မှုများကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် ကြံစည်ကြိုးစားခြင်းတို့ကို သိသိချင်း သတင်းပို့ရန် ပျက်ကွက်ခြင်းကို ပြစ်မှုဟုဖော်ပြထားရာ၊ သတင်းပို့လျှင် ၎င်းတို့အတွက် အကျဉ်းသားချင်းထံမှ လည်းကောင်း၊ အကျဉ်းထောင်ဝန်ထမ်းထံမှ လည်းကောင်း အန္တရာယ်ပြုခံရနိုင်သည်ဆိုသော အချက်ကို ထည့်သွင်း စဉ်းစားပေးမထားပါ။ ပုဒ်မ ၅၀ တွင် အကျဉ်းထောင်ဝန်ထမ်းတစ်ဦးသည် "တာဝန်ထမ်းဆောင်ရာတွင် သူရဲဘောနည်းခြင်း" ကို ပြစ်မှုဟု သတ်မှတ်ထားရာ ဝန်ထမ်းအတွက် အကျဉ်းသားများထံမှ ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်းထံမှ ဖြစ်စေ အန္တရာယ် ရှိနိုင်သည် ဆိုသော အချက်ကို ထည့်မစဉ်းစားထားပါ။

ပြစ်မှုများအတွက် တိကျသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိခြင်းက လုပ်ပိုင်ခွင့်အာဏာရှိ အကျဉ်းထောင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခြားအာဏာပိုင်အနေနှင့် လုပ်ပိုင်ခွင့်များကို စိတ်ထင်သလို အလွဲသုံး၍ အကျဉ်းသားများနှင့် အကျဉ်းထောင်ဝန်ထမ်းများကို အပြစ်ပေးခွင့်ကို ပေးထားပါသည်။

### အကြံပြုချက်

ပုဒ်မ ၄၃ နှင့် ၅၀ တို့ကို ပြင်ဆင်၍ ထောင်တွင်းပြစ်မှုများကို ပိုမိုတိကျအောင် အဓိပ္ပါယ်ဖွင့်ဆိုပေးရန်၊ ထောင်သားများနှင့် ထောင်အမှုထမ်းများ ကျူးလွန်သော ပြစ်မှုများကို တိတိကျကျ သတ်မှတ်ပေးခြင်းဖြင့် လိုသလိုဆွဲ၍ အဓိပ္ပါယ်ဖွင့် အသုံးချခြင်းများကို ရှောင်ရှားနိုင်မည်။

## မျှတသောတရားစီရင်မှု

အကျဉ်းသား၏ မျှတစွာတရားစီရင်ပိုင်ခွင့်အား လေးစားခြင်းကို [၉၇] ၊ ပြစ်ဒဏ်ပေးရန် အရေးယူမှုများကို စိတ်ထင်သလိုနှင့် အလွဲသုံးစားရန် အသုံးမပြုဖြစ်မှာကို အာမခံပေးရန်၊ ပြစ်ဒဏ်ချမှတ်ခြင်းကို "မျှတခြင်းနှင့် သင့်တော်သော လုပ်ရိုးလုပ်စဉ် အခြေခံမူစည်းကမ်းများ" အတိုင်း လိုက်နာဆောင်ရွက်ရပါမည်။[၉၈] ယင်းအခြေခံ မူဝါဒများတွင် ဥပဒေအရ ပြစ်မှုထင်ရှားကြောင်း စီရင်ချက် မချမှတ်မီအထိ အပြစ်ကင်းသူဟု ယူဆခံရပိုင်ခွင့်၊ မိမိစိတ်ကြိုက် ဥပဒေအကျိုးဆောင်ဖြင့် လိုက်ပါထုချေပိုင်ခွင့်၊ သက်သေများကို အပြန်အလှန်စစ်မေးမြန်းခွင့်၊ လွတ်လပ်ပြီး ဘက်လိုက်ခြင်းကင်းသော တရားရုံးတွင် တရားရင်ဆိုင်ပိုင်ခွင့် ကဲ့သို့ ကျယ်ပြန့်သည့် လုပ်ပိုင်ခွင့်များ တစ်သီကြီး ပါဝင်ပါသည်။[၉၉]

ဥပဒေ သို့မဟုတ် နည်းဥပဒေ များက ပြဌာန်းထားသည့် ရှင်းလင်း ပြတ်သားသည့် စည်းမျဉ်းများ နှင့် လုပ်ရိုးလုပ်စဉ်များ နှင့်အညီ ဖြစ်သည့်ကိစ္စမှ လွဲ၍ မည်သည့် ထိန်းသိမ်းခံနေရသူ သို့မဟုတ် အကျဉ်းသားကိုမျှ စည်းကမ်းအရ ပြစ်ဒဏ်ပေးမှုကို မပြုလုပ်ရနိုင်ပါ။ ဥပဒေ သို့မဟုတ် နည်းဥပဒေများထဲတွင် စည်းကမ်းအရ ပြစ်ဒဏ်ပေးမှုကို ကျင့်သုံးမှု ခွင့်ပြုရနိုင်သည့် ပြစ်ဒဏ် အမျိုးအစားများ နှင့် ကာလအတိုင်းတာ နှင့် ၎င်းကို ချမှတ်ပိုင်ခွင့် ရှိသည့် အာဏာပိုင်အဖွဲ့ တို့ကိုပါ သတ်မှတ်ပေးရမည်။[၁၀၀]

ဥပဒေမူကြမ်း၏ ပုဒ်မ ၇(က) နှင့် (ဃ) တို့တွင် ထောင်တွင်းစည်းကမ်းထိန်းသိမ်းရေးနှင့် စည်းကမ်းချိုးဖောက်သူများကို ပြစ်ဒဏ်ပေးရေးအတွက် "တာဝန်ခံအရာရှိ" က တာဝန်ရှိသည်ဟု ဖော်ပြထားသည်။ ပုဒ်မ ၄၄ တွင်လည်း လက်ထိပ်ခတ်ခြင်း၊ ခြေချင်းခတ်ခြင်း၊ တစ်ဦးတည်း ခွဲခြားချုပ်နှောင်ခြင်းစသော ပြစ်ဒဏ်များ ပေးနိုင်သော "တာဝန်ခံအရာရှိ" ကို ဖော်ပြထားသည်။ ပုဒ်မ ၄၄(ခ) တွင် ပြစ်ဒဏ်နှင့်ပတ်သက်၍ အကျဉ်းသားက ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်ခွင့်ရှိကြောင်းဖော်ပြထားသော်လည်း သို့သော် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်မှာ အပြီးသတ် ဖြစ်သည်ဟုဆိုပါသည်။

ယင်းတို့မှာ အကျဉ်းထောင်တွင်း ပြစ်ဒဏ်ပေးခြင်းနှင့် ပတ်သက်သော ဥပဒေမူကြမ်းထဲတွင်ပါသော ပြဋ္ဌာန်းချက်များအားလုံးဖြစ်ပါသည်။ ပြစ်မှုတစ်ခုကို ကျူးလွန်မှုရှိခဲ့သလားကို ဆုံးဖြတ်ပေးရန် ကြားနာမှုများ သို့မဟုတ် ရုံးတင် စစ်ဆေးမှာလား၊ အကျဉ်းသား၏ ကိုယ့်ကိုယ်ကို ခုခံချေပခွင့်ကို မည်သို့ အာမခံပေးမလဲ တို့ကို ဖေါ်ပြထားသည့် ပြဌာန်းချက်များ မပါဝင်ပါ။ အကျိုးဆက်အားဖြင့် "တာဝန်ခံအရာရှိများ" သည် အကျဉ်းသားများအား အပြစ်ပေးရန် အတိုင်းအဆမဲ့ အာဏာများကို ရရှိထားပါသည်။ ဤအချက်မှာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများက ပြဋ္ဌာန်းပေးထားသော အကျဉ်းသားများအား ၎င်းတို့အပေါ် စွဲဆိုချက်များကို အသိပေးရမည်၊ ၎င်းတို့ ကိုယ်တိုင်ဖြစ်စေ ရှေ့နေနှင့် ဖြစ်စေ ခုခံချေပခွင့် ရရှိစေရမည်၊ ဥပဒေအရ အမှုကို ပြန်လည်သုံးသပ်ခွင့်ရရမည်၊ စည်းကမ်းချိုးဖောက်မှုကို ရာဇဝတ်ပြစ်မှုအဖြစ် စစ်ဆေးစီရင်ခြင်းဖြစ်လျှင် မျှတသောတရားခွင် အခွင့်အရေးများအပြည့်အဝရရမည်[၁၀၁] ဆိုသောအချက်များနှင့် ပြည့်မီခြင်းမရှိပေ။ ယင်းအခွင့်အရေးများမှာ ယခုဥပဒေအရ ပြစ်မှုတစ်ခု ကျူးလွန်ကြောင်း စွပ်စွဲခံရသော အကျဉ်းထောင် ဝန်ထမ်းများနှင့်လည်း အကျုံးဝင်ပါသည်။

### အကြံပြုချက်များ

စည်းကမ်းကို ထိန်းသိမ်းရန် ပြစ်ဒဏ်ချမှတ်ရေးအတွက် ပြတ်သားကာသင့်တော်သော ဥပဒေလာ လုပ်ရိုးလုပ်စဉ်ကို ချမှတ်ပေးထားသည့် ပြဌာန်းချက်ကို ထည့်သွင်းပေးလျက် အောက်ပါတို့ကို ထည့်ဖော်ပြရန်-

- အကျဉ်းသားများအား ၎င်းတို့အပေါ်စွဲဆိုထားချက်နှင့် စွဲချက်၏ သဘောသဘာဝကို အချိန်မဆိုင်းပဲ ၎င်းတို့နားလည်နိုင်သော ဘာသာစကားဖြင့် အသိပေးပြီး စွဲချက်ကို ခုခံချေပနိုင်ရန်အတွက် လုံလောက်သော ပြင်ဆင်ချိန်နှင့် လိုအပ်သော ထောက်ပံ့မှုများကိုပေးရန်
- အကျဉ်းသားကို အကျဉ်းထောင်အတွင်း ကိုယ်တိုင် ခုခံချေပခွင့် ပေးရန်နှင့် ကြီးမားသော စည်းကမ်းချိုးဖောက်သည့် စွဲချက်များတွင် တရားမျှတမှုအတွက် ဥပဒေရေးရာ အကူအညီရယူခွင့် ပေးရန်
- စည်းကမ်းချိုးဖောက်မှုကို ကြားနာစစ်ဆေးရာတွင် အသုံးပြုသည့် ဘာသာစကားကို အကျဉ်းသားက နားမလည်ပါက ၎င်းတို့အတွက် ကျွမ်းကျင်သည့် ဘာသာပြန်/စကားပြန်၏ အကူအညီကို အခမဲ့ စီစဉ်ပေးရန်
- အကျဉ်းသားများသည် ၎င်းတို့အပေါ် ချမှတ်ထားသော ပြစ်ဒဏ်များနှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ ပြန်လည်စိစစ်သုံးသပ်ခွင့် ရရှိရန်

[၉၇] ရှုရန်- ဥပမာ၊ UDHR ပုဒ်မ ၁၀-၁၁၊ ICCPR ပုဒ်မ ၁၄။ ဤပြဌာန်းချက်များသည် အများအားဖြင့် ရာဇဝတ်မှုဖြင့် တရားစီရင်ခြင်းနှင့် ဆက်ဆိုင်သော်လည်း တရားမျှတစွာ စစ်ဆေးစီရင်မှုရပိုင်ခွင့်မှာ နယ်လဆင် မန်ဒဲလား ဥပဒေသများက ပြဌာန်းထားသည့်အတိုင်း ရာဇဝတ်သားများအတွက် သက်သာရပိုင်ခွင့် မဟုတ်ပေ။
[၉၈] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၃၉(၁)။
[၉၉] အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့- တရားမျှတသော တရားခွင် လက်စွဲ ဒုတိယအကြိမ် (အညွှန်း- POL ၃၀/၀၀၂/၂၀၁၄)
[၁၀၀] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၃၇။
[၁၀၁] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၁။

- စည်းကမ်းချိုးဖောက်မှုကို ရာဇဝတ်ပြစ်မှု တစ်ခုအဖြစ် စစ်ဆေးစီရင်လျှင်၊ ရာဇဝတ်မှု တရားခွင်အတွက် ရနိုင်ခွင့်ရှိသော ဥပဒေကြောင်းအရ အခွင့်အရေးအားလုံးကို ရရှိရန်နှင့်၊ ရှေ့နေအကူအညီကိုပါ အတားအဆီးမရှိ ရယူခွင့်ရှိရန်

## မည်သည့်ပြစ်မှုများအတွက် မည်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ကြောင်း ရှင်းလင်းစွာ မသိရခြင်း

ယခု ဥပဒေမူကြမ်းတွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ဖော်ပြထားသောလည်း မည်သည့်ပြစ်မှုအတွက် မည်သည့်ပြစ်ဒဏ် ချမှတ်ရမည် ဆိုသော တိကျသည့် သတ်မှတ်ချက်မရှိပါ။ ထို့အပြင် ပြစ်မှု၏ လေးနက်မှုနှင့် လိုက်လျောညီထွေသော ပြစ်ဒဏ်ကိုသာ ချမှတ်ရမည်ဆိုသော ယေဘုယျ ပြဌာန်းချက်လည်း မပါဝင်ပါ။ ထို့ကြောင့် ယခုဥပဒေမူကြမ်းအရ အနိမ့်ဆုံးပြစ်မှုတစ်ခုအတွက် အမြင့်ဆုံး ပြစ်ဒဏ်ကို ချမှတ်နိုင်ခွင့်ရှိနေပြီး၊ "တာဝန်ခံအရာရှိများ" ၏ စိတ်သဘောအတိုင်း ဆုံးဖြတ်လုပ်ပိုင်ခွင့်များကို ပေးထားသည့်အတွက် စိတ်ထင်သလို ဥပဒေကို အသုံးပြုခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းနှင့် အကျင့်ပျက်လာဘ်စားခြင်းများ ပြုလုပ်နိုင်ရန်တံခါးဖွင့်ပေးထားသကဲ့သို့ ဖြစ်နေပါသည်။

### အကြံပြုချက်များ

ပြစ်မှုနှင့် ပြစ်ဒဏ်မျှတရေးကို အာမခံချက်ပေးသည့် ပြဌာန်းချက်ကို ထည့်သွင်းပေးရန်

အကျဉ်းဦးစီး ညွှန်ကြားရေးမှူးချုပ်က ကိုင်တွယ်ဆုံးဖြတ်နိုင်သော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရာဇဝတ်မှုမြောက်၍ ဥပဒေအရာရှိများက ကိုင်တွယ်ဆုံးဖြတ်ရမည့် ကိစ္စရပ်များအား တိတိကျကျ ခွဲခြားလျက် သတ်မှတ်ပေးရန်

## စည်းကမ်းအရ အရေးယူမှုများ

အကျဉ်းထောင်များတွင် ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် စည်းကမ်းအရ ပြစ်ဒဏ်ပေးမှုများ ရံဖန်ရံခါ လိုအပ်သည်မှန်သော်လည်း ပြစ်ဒဏ်ပေးရေး အရေးယူမှုများမှာ ညှဥ်းပန်းခြင်း သို့မဟုတ် နှိပ်စက်ခြင်းပုံစံမျိုး ဖြစ်မလာစေရန် ဥပဒေမူကြမ်းထဲတွင် ပြစ်ဒဏ်ခြမှတ်ခြင်းဆိုင်ရာ အထွေထွေအခြေခံမှုများကိုရော ယင်းအခြေခံမှုများကို အကောင်အထည်ဖော်ရန် သတ်မှတ်ထားသည့် တိကျသော စည်းမျဥ်းများကိုပါ ထည့်သွင်းပေးထားသင့်ပါသည်။ [၁၀၂]

ယခု ဥပဒေမူကြမ်းတွင် နှိပ်စက်ညှဥ်းပန်းခြင်းမြောက်နိုင်သော ပြစ်ဒဏ်မျိုး အနည်းဆုံးနှစ်ခု ပါဝင်နေခြင်းကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် စိုးရိမ်ပါသည်။ ယင်းတို့ကို ဖယ်ရှားပစ်ရန် လိုပါသည်။

**(၁) လက်ထိပ် သို့မဟုတ် သံခြေချင်းကိုသုံးပြီး ပြစ်ဒဏ်ပေးခြင်း။** ဥပဒေမူကြမ်း ပုဒ်မ ၄၄(က)(၅) တွင် "ကာလ အတိုင်းအထာတစ်ခုအထိ လက်ထိပ် သို့မဟုတ် သံခြေချင်းခတ်လျက် ပြစ်ဒဏ်ပေးခြင်း" ကို ခွင့်ပြုထားသည်။ ထို့အပြင် ပုဒ်မ ၇(ဆ) တွင် "တာဝန်ခံ အရာရှိသည် အကျဉ်းသားကို လုံခြုံစွာထားရှိရန်အတွက် လိုအပ်သည်ဟု ယူဆလျှင် သံခြေချင်းခတ်ထားနိုင်သည်" ဟုဖော်ပြထားပြီး ပုဒ်မ ၆(င)ကမူ အကျဉ်းထောင် ညွှန်ကြားရေးမှူးချုပ်ကို အကျဉ်းသားအား သုံးလထက်ပိုကြာအောင် ခြေချင်းခတ်ထားခွင့် ပေးထားသည်။

နယ်လဆင် မန်ဒဲလား စည်းမျဥ်းများအရ လူ့သိက္ခာကို နှိမ့်ချလျက် နာကျင်စေနိုင်သည့် သံကွင်းများ၊ သံခြေချင်းများကို အသုံးပြုပြီး ချုပ်နှောင်ခြင်းများကို တားမြစ်ထားပါသည်။ [၁၀၃] ခြေချင်းခတ်ခြင်းသည် ခန္ဓာကိုယ်ကို နာကျင်စေခြင်း၊ မသက်မသာဖြစ်စေခြင်း၊ ခြေကျင်းဝတ်နှင့် ပွတ်တိုက်မိရာမှ ရောဂါပိုးဝင်နိုင်ခြင်း၊ ပေါက်ပြဲစေခြင်းများ ဖြစ်စေနိုင်ပါသည်။ [၁၀၄] ထို့ကြောင့် မည်သည့်အခြေအနေတွင်ဖြစ်စေ မည်သည့်အကျဉ်းသားကိုမှ သုံးလမဆိုနှင့် လုံးဝပင် ခြေချင်းမခတ်သင့်ပါ။

လက်ထိပ်ကဲ့သို့သော ကိရိယာများကို အသုံးပြု၍ ချုပ်နှောင်နိုင်သော်လည်း ယင်းကိုလည်း သတ်မှတ်ထားသော အခြေအနေမျိုးတွင်သာ သုံးရပါမည်။ (ဥပမာ အကျဉ်းထောင်ရွှေ့ပြောင်းချိန်တွင် ထွက်ပြေးမည်ကို ကာကွယ်ရန်၊ အကျဉ်းသားက ကိုယ့်ကိုယ်ကို နှင့် အခြားသူကို အနာတရမပြုနိုင်ရန်နှင့် ပစ္စည်းများကို ဖျက်ဆီးခြင်းမပြုနိုင်ရန်)၊ ပြစ်ဒဏ်ပေးသည့် အနေနှင့်မူ လုံးဝအသုံးမပြုရပါ။ [၁၀၅]

**(၂) ကာလတာရှည် တစ်ဦးတည်းကို ချုပ်နှောင်ထားခြင်း။** ဥပဒေမူကြမ်း၏ ပုဒ်မ ၇(ဆ)နှင့် (စ) က တာဝန်ခံအရာရှိသည် လိုအပ်ပါက အကျဉ်းသားကို ၂၄ နာရီထက်ပို၍ သီးခြားအခန်းတွင် ထားရှိခွင့်ပြုပါသည်။ [၁၀၆] ပုဒ်မ ၄၄ တွင် တစ်ဦးတည်းသီးခြားခွဲ၍

---

[၁၀၂] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၃၆-၄၃။
[၁၀၃] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၇(၁)။
[၁၀၄] ရှုရန်- ဥပမာ *Namunjepo and Others v Commanding Officer, Windhoek Prison and Another* (SA 3/98), နမီးဘီးယား တရားရုံးချုပ် (၁၉၉၉)။
[၁၀၅] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၇.၂ နှင့် ၄၃.၂။
[၁၀၆] ၂၄နာရီထက်ပိုပြီး သီးသန်းခန်းထဲ၊သီးသန့်ချုပ်နှောင်ထားသော အကျဉ်းသားများကို ကျန်းမာရေးဝန်ထမ်းက တနေ့တစ်ကြိမ်စစ်ဆေးသင့်သည်ဟု ပုဒ်မ ၂၆ က ဆိုသည်။

ချုပ်နှောင်ထားခြင်းမြောက်သော ပြစ်ဒဏ်စာရင်း ပါရှိပါသည်။ ၎င်းတို့ထဲတွင် အကျဉ်းသားကို ၁၄ ရက်ထက် မပိုသော သီးသန့်အခန်းပိတ် ပြစ်ဒဏ်ချမှတ်ခြင်း ကိုလည်း ပြဌာန်းထားသည်။ (ပုဒ်မ ၄၄ (၆))၊ သုံးလထက်မပိုသော ကာလအထိ သီးခြားခွဲ၍ ထားရှိခြင်း (ပုဒ်မ ၄၄ (၇))၊ တစ်ဆယ့်လေးရက်ထက်ပိုသော သီးသန့် အခန်းပိတ် ပြစ်ဒဏ်ချမှတ်ခြင်း (ပုဒ်မ ၄၄ (၈))၊ အမျိုးမျိုးသော ယင်းပြစ်ဒဏ်များ အကြား ခြားနားချက်ကို ဥပဒေမူကြမ်းတွင် ရှင်းလင်း ဖော်ပြမထားပါ။

နိုင်ငံတကာ စံနှုန်းများအရ တစ်ဦးတည်းခွဲခြားချုပ်နှောင်မှုမှာ တစ်နေ့လျှင် ၂၂ နာရီ သို့မဟုတ် ထို့ထက်ပို၍ လူများနှင့် ထိတွေ့ရခြင်းမရှိစေဘဲ ချုပ်နှောင်မှုကို ဆိုလိုပါသည်။ တာရှည်ခွဲခြားချုပ်နှောင်ထားခြင်းဆိုသည်မှာ ၁၅ ရက်ထက် ပို၍ ဆက်တိုက် ခွဲခြားချုပ်နှောင်ထားခြင်းကို ဆိုလိုပါသည်။[၁၀၇] တာရှည် ခွဲခြားချုပ်နှောင်ထားခြင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်း တစ်မျိုးပင် ဖြစ်၍ မည်သည့် အခြေအနေတွင်မျှ ပြုလုပ်ခွင့်မရှိကြောင်း တားမြစ်ထားပါသည်။[၁၀၈] ပုဒ်မ ၄၄- ၇ တွင်ပြဌာန်းထားသော သီးခြားခွဲ၍ချုပ်နှောင်ထားခြင်း ဆိုသည်မှာ တစ်ဦးတည်း ခွဲခြားချုပ်နှောင်ထားခြင်း မြောက်ပါသည်။ ထို့ကြောင့် ၁၅ ရက်ထက်ပိုသော ဤကဲ့သို့ချုပ်နှောင်ခြင်း သည် ညှဉ်းပန်းနှိပ်စက်ခြင်းကို တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ရာ ရောက်ပါသည်။

တစ်ဦးတည်း ခွဲခြားချုပ်နှောင်ထားခြင်းကို ကလေးများအားလည်း မပြုလုပ်ရန် တားမြစ်ထားပါသည်။ [၁၀၉] ထို့အပြင် ဤကဲ့သို့ ချုပ်နှောင်ထားခြင်းဖြင့် အခြေအနေ ပိုဆိုးသွားနိုင်သော စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ် ချို့ယွင်းချက် ရှိသူများအားလည်းကောင်း [၁၁၀] ၊ ထောင်တွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးငယ်များရှိနေသော မိခင်များနှင့် ကလေးအားနို့တိုက်နေသော မိခင်များအားလည်းကောင်း မပြုလုပ်ရပါ။ [၁၁၁]

အခြားအခြေအနေများတွင် တစ်ဦးတည်း ခွဲခြားချုပ်နှောင်ထားခြင်းကို နောက်ဆုံး မတတ်သာသော အခြေအနေမျိုးတွင်မှ အတိုဆုံးအချိန်ကာလအတွက် အသုံးပြုရပြီး ဥပဒေအရပြန်လည်သုံးသပ်နိုင်သော လုပ်ငန်းစဉ်မျိုးကိုလည်း ထားရှိပေးရန် လိုပါသည်။

ထို့အပြင် ဥပဒေမူကြမ်းတွင် **အလုပ်ခိုင်းစေခြင်းကို ပြစ်ဒဏ်ပေးသည့် အရေးယူမှု** ကိုလည်း ခွင့်ပြုထားသည်။ ပုဒ်မ ၄၄ (က)(၂) တွင် အကျဉ်းသားကို ဒဏ်ခတ်မှုအဖြစ် "မူလအလုပ်မှ ၎င်းထက်ပိုမို ကြမ်းတမ်းသော အလုပ်သို့ သတ်မှတ်ထားသည့် အချိန်ကာလ အထိရွှေ့ပြောင်းခြင်း" ကို ခွင့်ပြုထားသည်။ ဤသည်မှာလည်း အကျဉ်းသားများကို အလုပ်ကို ကမ်းလှမ်းမှုမှာ၊ ဒဏ်ခတ်မှု မဟုတ်ဘဲ၊ "အကျဉ်းထောင်မှ ပြန်လွတ်ချိန်တွင် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်လျက် ဥပဒေကိုလိုက်နာသော မိမိဘာသာမိမိ ပံ့ပိုးရပ်တည်နိုင် သူများဖြစ်လာကြမှာကို အတတ်နိုင်ဆုံး၊ အာမခံပေးရန် ဖြစ်သည်၊" ဟု ခံယူထားသည့် နိုင်ငံတကာ စံနှုန်းနှင့် ဖီလာဆန့်ကျင်နေပါသည်။ [၁၁၂] အကျဉ်းကျသူများအား အဓမ္မအလုပ်ခိုင်းစေခဲ့သည့် သမိုင်းစဉ်ရှိခဲ့သော မြန်မာနိုင်ငံတွင် ဤဥပဒေမူကြမ်းက အကျဉ်းသားများ၏ လုပ်အားကို 'ကြမ်းတမ်းသည့် လုပ်အား' သို့မဟုတ် ပြစ်ဒဏ်ပေးသည့်အနေနှင့် လုပ်အားပုံစံ တစ်ခုခုကို သုံးစွဲခွင့် မပြုစေရကြောင်း အာမခံပေးရန် လိုအပ်ပါသည်။

## အကြံပြုချက်များ

အကျဉ်းထောင်အရာရှိများအနေနှင့် အကျဉ်းသားများ၏ စည်းကမ်းချိုးဖောက်မှုကို တားဆီးရန် သို့မဟုတ် ပဋိပက္ခများကို ဖြေရှင်းရန် အတတ်နိုင်ဆုံး ပဋိပက္ခများကို ဟန့်တားရေး၊ ကြားဝင်ဖြန်ဖြေရေး နှင့် အခြားသော အငြင်းပွားမှု ဖြေရှင်းရေး ယန္တရား များကို အသုံးပြုရန် ပြဌာန်းချက်ကို ထည့်သွင်းပေးရန်

နှိပ်စက်ခြင်းနှင့် ညှဉ်းပန်းခြင်း မြောက်သော ပြစ်ဒဏ်ပေးရေး ပုံစံအားလုံးကို တားမြစ်သော အထွေထွေပြဌာန်းချက်ကို ထည့်သွင်းပေးရန်၊ ထိုပြဌာန်းချက်တွင် ထိုကဲ့သို့ တားမြစ်ထားသော ပြစ်ဒဏ်ပေးနည်းများ- စုပေါင်းလျက် အပြစ်ပေးခြင်း၊ ရိုက်နှက်လျက်ပြစ်ဒဏ်ပေးခြင်း၊ အချိန်ကာလ ကြာမြင့်စွာ သို့မဟုတ် အကန့်အသတ်မရှိ သီးခြားခွဲ၍ချုပ်နှောင်ခြင်း၊ အမှောင်ခန်းထဲတွင် ပိတ်ထားခြင်း၊ ခြေချင်း လက်ထိပ်များနှင့် ချုပ်နှောင်ခြင်း၊ အစားအစာ နှင့် သောက်ရေ ဖြတ်တောက်ခြင်း၊ မိသားစုနှင့် တွေ့ခွင့် ပိတ်ခြင်း နှင့် ကိုယ်ဝန်ဆောင်များနှင့် မွေးစကလေးမိခင်များကို တိုက်ပိတ်ချုပ်နှောင်ခြင်းများ အပါအဝင် ပြစ်ဒဏ်ပေးနည်းများကို အတတ်နိုင်ဆုံး စာရင်းပြုလုပ်ထည့်သွင်း ဖော်ပြပေးထားရန်။

ခြေချင်းခတ်ခြင်းအပါအဝင် လက်ထိပ် ခြေထိပ်များနှင့် ချုပ်နှောင် ပြစ်ဒဏ်ပေးခြင်းများကို ပြဌာန်းပေးသော ပုဒ်မ ၆ (င)၊ ၇ (ဆ) နှင့် ၄၄ (က)(၅) တို့ကို ဖြုတ်ထားခဲ့ရန်

[၁၀၇] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၄။
[၁၀၈] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၃(၁)။
[၁၀၉] လွတ်လပ်ခွင့် ရုပ်သိမ်းခြင်းခံရသော အသက်မပြည့်သေးသူများအတွက် ကာကွယ်ထားသော ကုလသမဂ္ဂ ဥပဒေသများ၊ အထွေထွေညီလာခံ ပြဌာန်းချက် ၄၅ /၁၁၃ (၁၉၉၀)၊ ဥပဒေသ ၆၇။
[၁၁၀] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၅.၂။
[၁၁၁] ဘန်ကောက် ဥပဒေသများ၊ ဥပဒေသ ၂၂။
[၁၁၂] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄။

သံကြိုးများနှင့် သံခြေချင်းများကို အသုံးပြုခြင်းကို ထာဝရ တားမြစ်ရန်နှင့် ချုပ်နှောင်သည့် အခြားကိရိယာများ အသုံးပြုခြင်းကို ဥပဒေက ခွင့်ပြုမှသာ အခြားသော နည်းလမ်းများဖြင့် ထိန်းချုပ်မှု မအောင်မြင်မှသာ၊ ထောင်ရွှေ့ပြောင်းစဉ် ထွက်မပြေးနိုင်ရန်ကာကွယ်ရန်အတွက်သာ၊ ထောင်သားတစ်ယောက်က သူ့ကိုယ်သူနှင့် အခြားသူများကို အန္တရာယ် မပြုနိုင်စေရန်နှင့် ပစ္စည်းများဖျက်ဆီးခြင်း မပြုနိုင်ရန် ကာကွယ်မှုအတွက်သာ၊ သို့မဟုတ် အကျဉ်းထောင် ညွှန်ကြားရေးမှူး၏ အမိန့်ဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန်

လက်ထိပ်၊ ခြေချင်းစသော ကိရိယာများကို ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဗိုက်နာနေစဉ်၊ ကလေးမီးဖွားနေစဉ်နှင့် မီးဖွားပြီးစ အချိန်များတွင် ၎င်းတို့အား ချုပ်နှောင်ရာတွင် အသုံးမပြုရန်တားမြစ်ချက်ကို ထည့်သွင်းပြဋ္ဌာန်းရန်

တစ်ဦးတည်းသီးခြားခွဲ၍ ကာလတာရှည်ချုပ်နှောင်ခြင်းကို ဖော်ပြထားသော ပုဒ်မ ၄၄(ဂ) ကို ဖြုတ်ချန်ခဲ့ရန်

ကလေးငယ်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ် ချို့ယွင်းချက်ရှိသူ အကျဉ်းသားများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးငယ်ရှိသော အမျိုးသမီးများနှင့် ကလေးနို့တိုက်နေသော အမျိုးသမီးများကို တစ်ဦးတည်း သီးခြားခွဲခြားချုပ်နှောင်ထားခြင်းကို တားမြစ်သော ပြဋ္ဌာန်းချက်ထည့်သွင်းပေးရန်

တစ်ဦးတည်း ခွဲခြားချုပ်နှောင်ထားခြင်းကို နောက်ဆုံး မတတ်သာသော အခြေအနေမျိုးတွင်မှ အတိုဆုံးအချိန်ကာလအတွက် အသုံးပြုရန် နှင့် ဥပဒေအရပြန်လည်သုံးသပ်နိုင်သော လုပ်ရိုးလုပ်စဉ်ကို ချမှတ်ပေးရန် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန်

အလုပ်ကြမ်းခိုင်းစေခြင်းကိုပြစ်ဒဏ်တစ်ခုအဖြစ် အသုံးပြုနိုင်ခြင်းကို ဖော်ပြထားသော ပုဒ်မ ၄၄(က)(၂) ကို ဖြုတ်ချန်ခဲ့ရန်

## လျှော့ရက်ဖြတ်တောက်သော ပြစ်ဒဏ်

ပုဒ်မ ၄၄ (က)(၄) တွင် အကျဉ်းသားများကို ပြစ်ဒဏ်လျှော့ရက်များ သတ်မှတ်မထားသော "ကာလအတိုင်းအတာ အထိ" ဆုံးရှုံးခံရမည့် ပြစ်ဒဏ်ကို ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ပြစ်ဒဏ်လျှော့ရက် ဆုံးရှုံးခြင်းသည် စောစီးစွာလွတ်မြောက်ရမည့် အခွင့်အရေး ဆုံးရှုံးခြင်းဖြစ်ပြီး အကျဉ်းသား၏ လွပ်လပ်ခွင့်ကို တိုက်ရိုက်ထိခိုက်မှု ဖြစ်သည်။ ထို့ကြောင့် လျှော့ရက်ဆုံးရှုံးစေမည့် အရေးယူမှု မှန်သမျှသည် ဥပဒေနှင့်လျော်ညီသည့် လုပ်ဆောင်ချက် ဖြစ်ကြောင်း အာမခံချက် ရှိရန်လိုအပ်သည်။ ဥပဒေမူကြမ်းသည် ယင်းအရေးယူမှုမျိုးကို ပြစ်ဒဏ်ချမှတ်နိုင်သည့် အခြေအနေ၊ ပြစ်ဒဏ်ကာလ နှင့် အကျဉ်းသားအနေနှင့် ရပိုင်ခွင့်ကို မည်သည့်နည်းနှင့် ပြန်ရယူနိုင်ကြောင်း အချက်များကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်။

### အကြံပြုချက်များ

အကျဉ်းသား၏ မှုတသောတရားစီရင် ကြားနာမှုရပိုင်ခွင့်ကို အပြည့်အဝ အာမခံသော စစ်ဆေးကြားနာခြင်းများမရှိဘဲ ချုပ်ရက်လျှော့ရက်များကို ငြင်းပယ်ခြင်းမပြုကြောင်းကို အာမခံပေးရန်

ပုဒ်မ ၄၄ (က)(၄) အရ ပြစ်ဒဏ်ချမှတ်နိုင်သော ကာလအပိုင်းအခြားကို တိကျစွာအဓိပ္ပါယ်သတ်မှတ်နိုင်ရန် ပုဒ်မ ၄၄ (က)(၄) ကို ပြင်ဆင်ပေးရန်၊ အကျဉ်းသား၏ ပြုမူနေထိုင်ပုံတိုးတက်လာလျှင် ဆုံးရှုံးသွားသော လျှော့ရက်ကို ပြန်ခံစားခွင့်ရနိုင်သော အခွင့်အလမ်းကို ပေးထားရန်

# အထွေထွေ (အခန်း ၆)

ဥပဒေမူကြမ်း၏ နောက်ဆုံးအခန်းတွင် အကြောင်းအရပ်မျိုးစုံကို ထည့်သွင်းဖော်ပြထားပါသည်။

## စည်းကမ်းကို ထိန်းသိမ်းရာတွင် အကျဉ်းသားများကို အသုံးပြုမှု

ဥပဒေမူကြမ်း၏ အပိုဒ် ၆၁ တွင် ထောင်တွင်းစည်းကမ်းကို ထိန်းသိမ်းရေးအတွက် အကျဉ်းကျ ထောင်သားများ၏ အကူအညီကို ရယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်မှာ "မည်သည့်အကျဉ်းသားကိုမှ ထောင်တွင်းစည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများတွင်၊ စည်းကမ်းဆိုင်ရာ မည်သည့် လုပ်ပိုင်ခွင့်နှင့်မှ၊ အလုပ်ခန့်ခြင်းမပြုရ" ဟူသော နိုင်ငံတကာ စံနှုန်းများနှင့် ဆန့်ကျင်နေပါသည်။[၁၁၃]

[၁၁၃] နယ်လဆင် မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၄၀(၁)။

### အကြံပြုချက်

အပိုဒ် ၆၁ ကို ဖြုတ်ချန်ခဲ့ရန်

## သဘောရိုးဖြင့် လုပ်ဆောင်မှုအတွက် အကျဉ်းထောင်ဝန်ထမ်းများကို ကင်းလွတ်ခွင့်ပြုခြင်း

အပိုဒ်၆၂ တွင် အကျဉ်းထောင်ဝန်ထမ်းတစ်ဦးဦးသည် ၎င်း၏တာဝန်ကို သဘောရိုးဖြင့်ဆောင်ရွက်ခြင်းအတွက် ရာဇဝတ်ပြစ်မှုကြောင်းအရ တရားစွဲဆို အရေးယူခံရခြင်းမရှိစေရဟု ဖော်ပြထားသည်။

အကယ်၍ ဤပြဋ္ဌာန်းချက်က စာသားအရ ပြတ်ပြတ်သားသား မရှင်းသောကြောင့်၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို သဘောရိုးဖြင့် ကျူးလွန်၍ မရနိုင်ဟု ခံယူထားခြင်းသာ မဟုတ်ပါက၊ အစိုးရဝန်ထမ်းဖြစ်စေ၊ နိုင်ငံတော်အရာရှိ ဖြစ်စေ၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ပါက ပြစ်ဒဏ်မှကင်းလွတ်ခွင့်၊ ပုဂ္ဂိုလ်ရေး တာဝန်ခံမှုမှ လွတ်ကင်းခွင့် သို့မဟုတ် ဥပဒေဖြင့် လွတ်ငြိမ်းခွင့် ကြိုတင်ပေးအပ်မရနိုင် ဟူသော နိုင်ငံတကာ စံနှုန်းများကို ချိုးဖောက်ရာ ရောက်နေပါသည်။ ဤကဲ့သို့ ကင်းလွတ်ခွင့်ပေးထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို အကြိမ်ကြိမ် ထပ်မံဖြစ်ပေါ်စေနိုင်ပါသည်။ [၁၁၄]

### အကြံပြုချက်

အပိုဒ် ၆၂ ကို ဖြုတ်ထားခဲ့ရန်

## အကျဉ်းထောင်များကို စစ်ဆေးခြင်း

လူအများကို ၎င်းတို့၏ လွတ်လပ်ခွင့်များမှ ကန့်သတ်လျက် ထားရှိသော နေရာများအားလုံးကို ၎င်းတို့အား ချုပ်နှောင်ထားသည့် အာဏာပိုင်များနှင့် အမှီအခိုကင်းသည့် အဖွဲ့အစည်းများမှ စောင့်ကြည့်ပေးရမည်။ [၁၁၅] အကျဉ်းထောင်များမှာ လူ့အခွင့်အရေးများကို လိုက်နာဖြစ်ကြောင်း နှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုရှိကြောင်းကို အာမခံပေးရန် အကျဉ်းထောင်များမှာ အတွင်းပိုင်း စစ်ဆေးခြင်း နှင့် အပြင်မှ စောင့်ကြည့်မှုများ မရှိမဖြစ် လိုအပ်ပါသည်။

ပြင်ပမှ စောင့်ကြည့်သူများမှာ အစိုးရရှေ့နေများ၊ တရားသူကြီးများ၊ လွှတ်တော်အမတ်များ၊ နှိပ်စက်ညှဉ်းပန်းမှုတားဆီးရေးဆိုင်ရာ သဘောတူညီချက်အရ ဖွဲ့စည်းထားသည့် အမျိုးသားတားဆီးရေးလုပ်ငန်းစဉ်များမှ ပုဂ္ဂိုလ်များ သို့မဟုတ် အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များတို့က ဝင်ရောက်စစ်ဆေးနိုင်သည်။ ဤကဲ့သို့ ထောင်တွင်း ဝင်ရောက် စစ်ဆေးမှုများကို ယခုကို ပြုလုပ်နေပြီဖြစ်ပါသည်။ မြန်မာလူ့အခွင့်အရေးကော်မရှင်သည် "အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်း စောင့်ရှောက်ခံနေရသူများကို လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ နှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် အဆိုပါနေရာများသို့ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။"[၁၁၆] သို့ရာတွင် လူ့အခွင့်အရေးကော်မရှင်သည် ယင်းသို့ သွားရောက်စစ်ဆေးလိုသော အချိန်ကို သက်ဆိုင်ရာ အာဏာပိုင်များသို့ ကြိုတင်အကြောင်းကြားရမည် ဖြစ်သည်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့ကြီးသည်လည်း အကျဉ်းထောင်များကို ဝင်ရောက်ကြည့်ရှုခြင်းကို ရှစ်နှစ်နီးပါး ပိတ်ထားခံရပြီးနောက် ၂၀၁၃ ခုနှစ်မှစ၍ ပြန်လည်ဝင်ရောက်ခွင့်ရရှိခဲ့သည်။[၁၁၇]

မည်သို့ပင်ဖြစ်စေ ယခု အကျဉ်းထောင် ဥပဒေမူကြမ်းတွင် အကျဉ်းထောင်များကို စစ်ဆေး စောင့်ကြည့်ရမည် ဟူသော ပြဋ္ဌာန်းချက်များ မပါဝင်ပေ။[၁၁၈]

---

[၁၁၄] လူ့အခွင့်အရေး ကော်မီတီ၏ အထွေထွေမှတ်ချက် အမှတ် ၃၁ - သဘောတူစာချုပ်ကို ပါဝင် လက်မှတ်ထိုးထားသော နိုင်ငံများ ဥပဒေကြောင်းအရ လိုက်နာရမည့် အထွေထွေတာဝန်၊ ကုလသမဂ္ဂ စာတမ်း CCPR/C/74/CRP.4/Rev.6 (၂၀၀၄) အပိုဒ် ၁၈။
[၁၁၅] ဖျောက်ဖျက်ခြင်း သို့မဟုတ် ပျောက်ပျက်ခြင်းများ၊ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၁/၄ (၉ အောက်တိုဘာ ၂၀၁၂) အပိုဒ် ၁၈။
[၁၁၆] မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ၊ ဥပဒေအမှတ် ၂၁/၂၀၁၄ (၂၈ မတ် ၂၀၁၄)၊ အခန်း ၄၃။
[၁၁၇] အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ ၂၀၁၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ အတွဲ ၁၊ စာမျက်နှာ ၂၉ ၁
[၁၁၈] နယ်လဆင်မန်ဒဲလား ဥပဒေသများ၊ ဥပဒေသ ၈၃-၈၅။

## အကြံပြုချက်

လွတ်လပ်သော စောင့်ကြည့်သူများ အကျဉ်းထောင်များသို့ ပုံမှန်အတားအဆီးမရှိ ဝင်ရောက် ကြည့်ရှုခွင့်၊ အကျဉ်းသားများကို လျှို့ဝှက်စွာ သီးသန့်တွေ့ဆုံမေးမြန်း နိုင်သည့် အခွင့်အာဏာ နှင့် ထောင်မှတ်တမ်းများကို စစ်ဆေးခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန်။

# အကြံပြုချက်များ

| အခန်း | အခန်းခွဲ | အကြောင်းအရာ | အကြံပြုချက် |
|---|---|---|---|
| အခန်း၁<br>အခြေခံမူများ | | အကျဉ်းထောင်များ စီမံခန့်ခွဲမှု နှင့် အကျဉ်းသားများအား ဆက်ဆံရေး အခြေခံမူများ | **ဥပဒေမူကြမ်း၏ အစတွင်** အစတွင် အောက်ပါ လူ့အခွင့်အရေးကာကွယ်ချက်များ အပါအဝင် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ စံနှုန်းများကို ထင်ဟပ်သည့် အခြေခံမူဝါဒများကို ထည့်သွင်းပေးရန်<br><br>• အကျဉ်းသားအားလုံးကို သူတို့၏မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့်အညီ လူသားဆန်စွာ လေးစားမှုဖြင့် ပြုမူဆက်ဆံရန်<br>• မည်သည့်အကျဉ်းသားကိုမျှ နှိပ်စက်ခြင်း ညှဉ်းပန်းခြင်းမပြုရန်<br>• မည်သည့်အကျဉ်းသားကိုမျှ မည်သည့်နည်းနှင့်မျှ ခွဲခြားဆက်ဆံခြင်းမပြုရန် [၁၉]<br>• အကျဉ်းသား တစ်ဦးချင်းစီနှင့် အုပ်စုများအလိုက်၊ အထူးသဖြင့် ထိခိုက်အလွယ်ဆုံးသောသူများ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်<br>• လွတ်လပ်ခွင့်ဆုံးရှုံးထားရသူများ၏ အခြေအနေကို ပိုမိုဆိုးဝါးသွားစေမည့် လုပ်ရပ်မျိုးမလုပ်ရန်<br>• အကျဉ်းသားတစ်ဦး ပြန်လွတ်လာသည့်အခါ အသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် အကျဉ်းထောင်အတွင်း ချုပ်နှောင်ခံနေရသော အချိန်များကို တတ်နိုင်သမျှ အသုံးပြုရန်<br>• ဤသို့ အသိုင်းအဝိုင်းအတွင်း ပြန်ဝင်နိုင်ရေးအတွက် ပညာရေး၊ သက်မွေးဝမ်းကျောင်း အတတ်၊ အလုပ်အကိုင်နှင့် အခြားအထောက်အကူမျိုးကို အကျဉ်းသားများအား ပံ့ပိုးပေးရန်<br>• နစ်နာသူများ၏ ရပိုင်ခွင့်တွင် နစ်နာကြေး၊ ပြန်လည်ထူထောင်ရေး၊ ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု၊ လူမှုရေးနှင့် ဥပဒေရေးရာ အကူအညီ၊ စိတ်ကြေနပ်စေမှုနှင့် နောက်ထပ်အလားတူ အဖြစ်မျိုး မဖြစ်စေရန် အာမခံချက်တို့ ပါဝင်ရန် |
| | | ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့် အခြညှင်းဆဲမှုဆိုင်ရာ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးခြင်း | အကျဉ်းထောင်များအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ဆိုးဆိုးဝါးဝါးဆက်ဆံမှုများ ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတော်က စုံစမ်းစစ်ဆေးပြီး အကျဉ်းသားများအတွက် ပြန်လည်ပြင်ဆင်ကုစားပေးရေး ရပိုင်ခွင့်၊ နစ်နာကြေးရပိုင်ခွင့်များကို နိုင်ငံတော်က တာဝန်ခံဆောင်ရွက်ပေးမည်ဟူသော အချက်ပါဝင်သည့် အပိုင်းတစ်ပိုင်း ထည့်သွင်းရန်၊ ယင်းအပိုင်းတွင် အောက်ပါအချက်တို့ ပါဝင်ရမည်။<br>• အကျဉ်းသားများကို နှိပ်စက်ခြင်း ညှဉ်းပန်းခြင်းများရှိသည်ဟူသော စွပ်စွဲချက်များကို နိုင်ငံတော်အဆင့် အဖွဲ့က အချိန်မဆိုင်းပဲ လွတ်လပ်သော၊ ဘက်မလိုက်သော စုံစမ်းစစ်ဆေး အရေးယူမှုကို ဆောင်ရွက်ပေးရန်<br>• ညှဉ်းပန်းနှိပ်စက်မှုတွင် ပါဝင် ပတ်သက်နေသူများကို တိုင်ကြားသူနှင့် သက်သေများအပေါ် ဩဇာလွှမ်းမိုးနိုင်သော ရာထူး နေရာများမှ ဖယ်ရှားလိုက်ရန်<br>• စုံစမ်းစစ်ဆေးမှုတွင် လွတ်လပ်သော ဆေးဘက်စစ်ဆေးမှုကိုပါ အချိန်မဆိုင်းပဲ ပြုလုပ်ပေးရန် |

[၁၉] ခွဲခြားဆက်ဆံခြင်း မပြုရသော အကြောင်းရင်းများတွင် လူမျိုး၊ ကျား မ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်ရာ၊ နိုင်ငံရေးနှင့် အခြား ယုံကြည်ချက် ခံယူချက်၊ အဖွဲ့အစည်း တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်မှု၊ အဆင့်အတန်း၊ လုပ်ရှားဆောင်ရွက်မှု၊ ဇစ်မြစ်၊ နိုင်ငံသား၊ တိုင်းရင်းသားဖြစ်မှုနှင့် လူမှုရေးအသိုင်းအဝိုင်း၊ အသက်၊ စီးပွားရေးအဆင့်အတန်း၊ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ အိမ်ထောင် ရှိမရှိ၊ လိင်ပိုင်းဆိုင်ရာ သတ်မှတ်ခံရလိုမှု၊ မည်သူမည်ဝါ ခွဲခြားသတ်မှတ်မှု၊ စသော အကြောင်းများပါဝင်သည်။ ခွဲခြားဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်နိုင်သော ပုံစံများကို အထူးဂရုစိုက်ကြည့်သင့်သည်။ ပုဒ်မ ၄၂(ဂ) နှင့် စပ်ဆိုင်သော အကြံပြုချက်များကို စာမျက်နှာ ၂၄-၂၅ တွင်ရှု

| | | | |
|---|---|---|---|
| အခန်း၂<br>အကျဉ်းထောင်များကို<br>စီမံအုပ်ချုပ်ခြင်း | တာဝန်နှင့်<br>လုပ်ပိုင်ခွင့်များ (ပုဒ်မ ၃<br>- ၁၀) | အကျဉ်းထောင်ဝန်ထမ်းများ၏ အရည်အချင်း<br>သတ်မှတ်ချက်များနှင့် လေ့ကျင့်သင်ကြားပေးမှု | ညွှန်ကြားရေးမှူးချုပ်အပါအဝင် အကျဉ်းထောင်ဝန်ထမ်းအားလုံးသည် ၎င်းတို့၏ တာဝန်များကို အဆင့်အတန်းမြင့်မြင့် ကျွမ်းကျင်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောအရည်အချင်းနှင့် လေ့ကျင့်သင်ကြားမှုများရှိရမည်ဆိုသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းရန် |
| | | အကျဉ်းထောင်ဝန်ထမ်းများ၏ အရည်အချင်း<br>သတ်မှတ်ချက်များနှင့် လေ့ကျင့်သင်ကြားပေးမှု<br>(အဆက်) | အကျဉ်းထောင်အုပ်ချုပ်ရေးအဖွဲ့က ဝန်ထမ်းများအား နိုင်ငံတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံနှုန်းများအကြောင်း၊ ညှဉ်းပန်းနှိပ်စက်မှု ပုံစံအားလုံးကို တားမြစ်ထားကြောင်း၊ ပဋိပက္ခတားဆီးရေး၊ အင်အားအသုံးပြုမှုလျှော့ချရေးနှင့် ချုပ်နှောင်သောပစ္စည်းများ အသုံးပြုမှုလျှော့ချရေး စသည့်အပိုင်းများကို လေ့ကျင့်သင်ကြားပေးရမည်ဟူသော ပြဋ္ဌာန်းချက်တစ်ခု ထည့်သွင်းရန် |
| | | | အကျဉ်းထောင် ဝန်ထမ်းများအားလုံးသည် နိုင်ငံတော် အမှုထမ်းများဖြစ်သည်၊ ၎င်းတို့၏ လုပ်ငန်းခွင် အခြေအနေများ အဆင်ပြေ ချောမွေ့စေရမည် ဆိုသော အချက်ကို ပြဋ္ဌာန်းချက်တစ်ခု အဖြစ် ထည့်သွင်းရန် |
| | | အမျိုးသမီးအကျဉ်းသူများ | အထက်တွင်ဖော်ပြထားသော ဘန်ကောက် ဥပဒေသများနှင့် နယ်လဆင် မန်ဒဲလားဥပဒေသများနှင့်အညီ အမျိုးသမီး အကျဉ်းထောင်များ၊ အမျိုးသမီး အဆောင်များနှင့် အမျိုးသမီး အကျဉ်းသူများအပေါ် ဆက်ဆံမှုများနှင့် ပတ်သက်သော သီးသန့်အခန်းတစ်ခန်းကို ထည့်သွင်းရန် |
| | | အကျဉ်းထောင် အရာရှိများက အင်အားကိုအသုံးပြုခြင်း | ပုဒ်မ ၇(ည)ကို ဖြုတ်၍ အကျဉ်းထောင်အရာရှိများက အင်အားသုံးခြင်းကို ထိန်းညှိသော အောက်ပါပြဋ္ဌာန်းချက်များပါဝင်သည့် အခန်းခွဲတစ်ခုဖြင့် အစားထိုးပေးရန်<br>• အကျဉ်းထောင်အရာရှိများအနေနှင့် မိမိကိုယ်ကို ကာကွယ်ရန်မှလွဲ၍ အင်အားမသုံးရန်၊ သို့မဟုတ် အကျဉ်းသားက ထွက်ပြေးရန် ကြိုးစားခြင်း၊ ဥပဒေနှင့်အညီပေးသော အမိန့်ကို မနာခံခြင်းနှင့် အန္တရာယ်ပြုရန် ကြိုးပမ်းခြင်းကဲ့သို့သော လုပ်ရပ်များကြောင့် အကျဉ်းထောင်အတွင်း လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားရန် မလွှဲမရှောင်သာ လိုအပ်လာသော အခြေအနေမျိုးတွင်သာ အသုံးပြုရန်<br>• အင်အားမသုံးသော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းက ထိရောက်မှုမရှိကြောင်း ထင်ရှားလာသောအခါမှ နောက်ဆုံးအဆင့်အဖြစ် အင်အားကို အသုံးပြုရန်<br>အင်အားသုံးရာတွင်လည်း လိုအပ်သလောက်သာ အနည်းဆုံးသုံးရန်<br>• အသက်အန္တရာယ်ကို ကာကွယ်ရန် မလွှဲမရှောင်သာသော အခြေအနေမှ လွဲ၍ လူသေစေနိုင်သော လက်နက်များကို ရည်ရွယ်ချက်ဖြင့် အသုံးမပြုရန်<br>• အင်အားသုံးရသော ဖြစ်ရပ်မျိုး ရှိလျှင် ချက်ခြင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို သတင်းပို့ရန် အရေးပေါ် စီမံချက်နှင့် လှုပ်ရှားရသော အခြေအနေမျိုးမှလွဲ၍ အကျဉ်းထောင်အရာရှိများက သေနတ် နှင့် အခြား လူသေစေနိုင်သော လက်နက်များ ကိုင်ဆောင်ခြင်းမပြုရန် |

<table>
<tr>
<td rowspan="4">အခန်း ၂ (အဆက်)</td>
<td colspan="2" rowspan="2">အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲခြင်းနှင့် အသက်မွေးပညာ လေ့ကျင့်သင်ကြားပေးခြင်း (ပုဒ်မ ၁၁-၁၈)</td>
<td>ပုဒ်မ ၁၁ နှင့် ၁၂ ပါ "စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေး" ဆိုသော စကားရပ်အား "ပြန်လည်ထူထောင်ရေး" ဆိုသော စကားရပ်ဖြင့် အစားထိုးရန်၊ ဘာသာရေးလုပ်ငန်းများတွင် အကျဉ်းသားများကိုယ်တိုင်ဆန္ဒရှိမှ ပါဝင်ရေးနှင့် ပါဝင်ခြင်းမရှိလျှင်လည်း အကျိုးဆက်ဆိုးများ မရှိစေရေးကို အာမခံပေးရန် လိုပါသည်။</td>
</tr>
<tr>
<td>ပုဒ်မ ၁၆ တွင် အကျဉ်းသားအားလုံး တစ်နေ့လျှင် အနည်းဆုံးတစ်နာရီ ကျန်းမာရေးလေ့ကျင့်ခန်းကို အခန်းပြင်ပတွင် လုပ်ခွင့်ပေးရန်ဆိုသောအချက်ကို ထည့်သွင်း ပြင်ဆင်ပါ။</td>
</tr>
<tr>
<td rowspan="2">ကျန်းမာရေး စောင့်ရှောက်မှု (ပုဒ်မ ၁၉ - ၂၁)</td>
<td rowspan="2">ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ဆိုင်ရာ အခြေခံမူများ</td>
<td>အောက်ပါအချက်များ ပါဝင်သော ပြဌာန်းချက်ကို ထည့်သွင်းပေး။ရန်<br>• အကျဉ်းသားများအား လူ့အဖွဲ့အစည်းထဲကပြည်သူများ ရရှိခံစားနေရသည့် ကျွမ်းကျင်မှုစံနှုန်းများနှင့် တပြေးညီရှိနေသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ခွဲခြားဆက်ဆံခံရမှုမရှိဘဲ ရရှိခံစားခွင့် ကို အာမခံချက်ပေးရေန်<br>• အကျဉ်းထောင်တိုင်းတွင် အရည်အချင်းပြည့် ကျန်းမာရေးဝန်ထမ်း အနည်းဆုံး တစ်ဦး ထားရှိပေးရန်<br>• အကျဉ်းသားများအား ဆေးမှတ်တမ်းများကို လျှို့ဝှက်စွာထိန်းသိမ်းပိုင်ခွင့် နှင့် သူတို့အတွက် ဆေးကုသမှုမှန်သမျှကို အကျဉ်းသား၏ ခွင့်ပြုသဘောတူညီချက်နှင့်သာ ပြုလုပ်မှာကို အာမခံချက် ပေးရန်<br>• အမျိုးသမီးအကျဉ်းသူများက တောင်းဆိုလျှင် ၎င်းတို့အား အမျိုးသမီး ကျန်းမာရေးဝန်ထမ်းကသာ စစ်ဆေးကုသရန်<br>• အကျဉ်းထောင်များတွင် အမျိုးသမီးအကျဉ်းသူများအတွက် သားဖွားနှင့် မီးယပ်ရောဂါအပါအဝင် အမျိုးသမီး ရောဂါများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည့်စုံစွာ ထားရှိပေးရန်<br>• ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာနှင့် အခြားမသန်စွမ်းသူများအတွက် ၎င်းတို့ သီးခြားလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရန်၊ လိုအပ်လျှင် စိတ်ပိုင်းဆိုင်ရာ၊ ဆွေးနွေးနှစ်သိမ့်မှုဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကုထုံးများကို တောင်းဆိုပေးရန်</td>
</tr>
<tr>
<td>ပုဒ်မ ၁၇ ကို ပြင်ဆင်၍ ထောင်အတွင်း ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း ဖော်ပြရန်<br>• အကျဉ်းသားများ၏ ခန္ဓာကိုယ်နှင့်စိတ်ကျန်းမာရေးနှစ်ခု စလုံးအတွက်စောင့်ရှောက်ပေးရန်၊ ထောင်၏ ပြင်ပမှလူများကို ကုသရာတွင်လိုက်နာရသော ဆေးဘက်ကျင့်ဝတ်များအတိုင်း အကျဉ်းသားများအပေါ်တွင်လည်း ကျင့်သုံးရန်<br>• ပြစ်ဒဏ်ချမှတ်သည့် ကိစ္စမှလွဲ၍ အကျဉ်းသားများနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်မည့် ကိစ္စအားလုံးကို အကျဉ်းထောင်အာဏာပိုင်များအား အကြံပြုတင်ပြရန်၊ ဥပမာ အစားအသောက်များ၏</td>
</tr>
</table>

| | | | |
|---|---|---|---|
| အခန်း ၂ (အဆက်) | **ပုဒ်မ ၁၉ - ၂၁ (အဆက်)** | ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ဆိုင်ရာ အခြေခံမူများ<br>**(အဆက်)** | အရည်အသွေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အထွေထွေသန့်ရှင်းမှု၊ အကျဉ်းခန်းများ၏ လေဝင်လေထွက်၊ အလုပ် နှင့် လေ့ကျင့်ခန်း စသည်တို့ ဖြစ်သည်။<br>• နှိပ်စက်ခံရခြင်း ညှဉ်းပန်းခံရခြင်း လက္ခဏာတစ်မျိုးမျိုး တွေ့ရှိရပါက မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ ဆေးဘက်၊ တရားရေးဘက် နှင့် အကျဉ်းထောင် အာဏာပိုင်များကို တင်ပြသတင်းပို့ရန် |
| | | လူသားချင်းစာနာလျက် အကျဉ်းသားများကို စောစီးစွာ လွှတ်ပေးခြင်း | လုံခြုံရေးအရ စိုးရိမ်စရာ မရှိသော အခြေအနေတွင် သေလုမြောပါး နာမကျန်းဖြစ်နေသော အကျဉ်းသားများကို ၎င်းတို့၏ မေတ္တာရပ်ခံချက်ဖြင့် လူသားချင်းစာနာမှုကို ရှေ့ရှုလျက် စောစီးစွာ လွှတ်ပေးနိုင်သည်ဟူသော ပြဋ္ဌာန်းချက် ထည့်သွင်းပေးပါရန် |
| | | အပြင်းအထန် နာမကျန်းမှုများကို အကြောင်းကြားခြင်း | အကျဉ်းသား အပြင်းအထန်နာမကျန်းဖြစ်လျှင် သို့မဟုတ် ဒဏ်ရာရလျှင် မိသားစု သို့မဟုတ် အခြားဆက်သွယ်ရမည့် ပုဂ္ဂိုလ်ကို အကျဉ်းထောင်က အကြောင်းကြားပေးရမည်ဆိုသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန် |
| | | | အကျဉ်းသား၏ မိသားစုဝင်အတွင်း အပြင်းအထန်နာမကျန်းဖြစ်လျှင် သို့မဟုတ် သေဆုံးလျှင် အကျဉ်းထောင်အာဏာပိုင်များက အကျဉ်းသားအား အသိပေးရမည်ဆိုသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန် |
| အခန်း ၃<br>**အကျဉ်းသားများကို**<br>အုပ်ချုပ်ခြင်း နှင့် **စီမံခန့်ခွဲခြင်း** | အကျဉ်းသားများကို လက်ခံခြင်း (ပုဒ်မ ၂၂-၂၃) | အကျဉ်းသားများအား ရှာဖွေခြင်း | အောက်ပါအချက်တို့ပါဝင်သော အထူး**အခန်းခွဲကို ဥပဒေမူကြမ်းထဲတွင် ထည့်သွင်းပေးရန်**<br>• ရှာဖွေခြင်းများကို ရှာဖွေခံရသူ၏ လူသားဂုဏ်သိက္ခာကို လေးစားစွာဖြင့် လိုအပ်သလောက်၊ ဥပဒေက ခွင့်ပြုသလောက်နှင့် အချိုးညီစွာ ဆောင်ရွက်ရေး အခြေခံများကို လိုက်နာလျက် ပြုလုပ်ရန် ပြဋ္ဌာန်းချက်<br>• ခန္ဓာကိုယ်တွင်း အပေါက်များကို နှိုက်၍ရှာဖွေခြင်းမျိုးကို မရှိမဖြစ်လိုအပ်မှသာ လုပ်ဆောင်ရန်နှင့် ယင်းရှာဖွေမှုကို အကျဉ်းသားအတွက်စောင့်ရှောက်ရန် တာဝန်ရှိသူမှ မဟုတ်ဘဲ |

| | | | |
|---|---|---|---|
| အခန်း ၃ (အဆက်) | ပုဒ်မ ၂၂-၂၃ (အဆက်) | | စနစ်တကျလေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းမှသာ လုပ်ဆောင်ရန် [၁၂၀] ၊ သို့မဟုတ် အနိမ့်ဆုံးအားဖြင့် ဆေးဘက်ပညာရှင်များက တကိုယ်ရေသန့်ရှင်းရေး စံနှုန်းများဆိုင်ရာ ကျန်းမာရေးပညာရှင်မှ စနစ်တကျ လေ့ကျင့်သင်ကြားပေးထားသော အကျဉ်းထောင်ဝန်ထမ်းများမှသာ လုပ်ဆောင်ရမည်ဟူသော ပြဌာန်းချက်<br>• ရှာဖွေမှုများကို အကျဉ်းထောင် အာဏာပိုင်များက စနစ်တကျ မှတ်တမ်းပြုစုထားရမည်ဆိုသော ပြဌာန်းချက် |
| | | အကျဉ်းသားများ၏ မှတ်တမ်းများ | အကျဉ်းသားများ၏ ကိုယ်ရေးမှတ်တမ်းများကို ကန့်သတ်အဖြစ် သိမ်းဆည်းထားပြီး သက်ဆိုင်ရာအကျဉ်းသားမှ ရယူကြည့်ရှုနိုင်အောင် စီစဉ်ပေးကာ ယင်းမှတ်တမ်းတွင် အောက်ပါတို့ကို ထည့်သွင်းပေးရမည့် ပြဌာန်းချက်ကို ထည့်သွင်းရန်<br>• အကျဉ်းသား၏ သက်သေခံ အထောက်အထား<br>• ၎င်းကို မည်သည့်အချိန် မည်သည့်နေရာတွင် ချုပ်နှောင်ခဲ့သည်<br>• ချုပ်နှောင်ရန် ဆုံးဖြတ်ခဲ့သော အာဏာပိုင် နှင့် အကြောင်းရင်းများ<br>• အကျဉ်းသားကို ထိန်းသိမ်းထားသည့် နေရာ<br>• အကျဉ်းသားကို လက်ခံခဲ့သည့် ရက်စွဲ နှင့် အချိန်<br>• ထိန်းသိမ်းထားသည့် နေရာဌာနအတွက် တာဝန်ရှိသည့် အာဏာပိုင်<br>• ဖမ်းဆီးမှုကို မိသားစုအား အသိပေးခဲ့သည့် အချိန်<br>• လျှို့ဝှက်ထားစရာ အချက်မျိုးမဟုတ်လျှင် အကျဉ်းသား၏ တောင်းဆိုချက်များနှင့် တိုင်ကြားမှုများ၊ ညှဉ်းပန်းနှိပ်စက်ခြင်း ဆိုင်ရာ တိုင်ကြားမှုများ အပါအဝင် |

[၁၂၀] ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်း၊ ရက်စက်စွာနှင့် လူ့ဂုဏ်သိက္ခာကျဆင်းအောင် ဆက်ဆံပြုမူခြင်း၊ အပြစ်ပေးခြင်းများအား ကာကွယ်တားဆီးရေးဆိုင်ရာ ဥရောပကော်မီတီ၏ တတိယအကြိမ်မြောက်အထွေထွေအစီရင်ခံစာ CPT/Inf (၉၃) ၁၂ အပိုဒ် ၇၃ - *"အကျဉ်းထောင်ဆရာဝန်သည် လူနာတစ်ဦး၏ ပုဂ္ဂလိကဆရာဝန်ကဲ့သို့ ဖြစ်သည်။ လူနာ-ဆရာဝန်ဆက်ဆံရေးကို ထိန်းသိမ်းသည့်အနေနှင့် လူနာသည် ပြစ်ဒဏ်ပေးခံရရန်အတွက် ကျန်းမာရေးပြည့်စုံကြောင်း ယင်းဆရာဝန်ထံမှ မည်သည့်အခါမျှ ထောက်ခံချက် မတောင်းခံ သင့်ပေ၊ အရေးပေါ်အခြေအနေတွင် အခြား ဆရာဝန်တစ်ဦးဦး ရောက်မလာနိုင်ချိန်ကလွဲ၍ အကျဉ်းသားများအား ခန္ဓာကိုယ်ကို ရှာဖွေခြင်း စစ်ဆေးခြင်းများလည်း ပြုလုပ်မရပေ။"* ၁၉၉၃ အောက်တိုဘာလက ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင်ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ဆေးညာအဖွဲ့ကြီး၏ ၄၅ ကြိမ်မြောက် ညီလာခံမှလည်း အကျဉ်းသားများ၏ ခန္ဓာကိုယ်ကို ရှာဖွေခြင်းနှင့် ပတ်သက်၍ ဤသို့ဖော်ပြခဲ့သည်။ *"ရှာဖွေခြင်းကို ဆရာဝန်က လုပ်ပေးရလျှင် ယင်းဆရာဝန်သည် နောက်ပိုင်းတွင် ယင်းအကျဉ်းသားကို ကုသပေးရမည့်သူ မဖြစ်သင့်ပေ၊ အကျဉ်းထောင်၏ လုံခြုံရေးအတွက် ပါဝင်ဆောင်ရွက်ပေးရသော တာဝန်ကြောင့် အကျဉ်းသားအား ဆေးဝါးကုသပေးရန်တာဝန်ကို မထိခိုက်စေသင့်ပေ။"*

| | | | |
|---|---|---|---|
| အခန်း ၃ (အဆက်) | ပုဒ်မ ၂၂-၂၃ (အဆက်) | အကျဉ်းသားများ၏ မှတ်တမ်းများ (အဆက်) | • အကျဉ်းသား၏ ကျန်းမာရေး အခြေအနေ (ဆေးဘက်ဆိုင်ရာ လျှို့ဝှက်ထားရမှု ဟုတ်မဟုတ်အပေါ် မူတည်ပြီး)<br>• အကျဉ်းသား၏ ကိုယ်ပိုင် ပိုင်ဆိုင်မှု အစုစုစာရင်း<br>• အရေးပေါ် ဆက်သွယ်ရမည့်သူနှင့် အကျဉ်းသား၏ ဆွေမျိုးအရင်းအချာများ<br>• အကျဉ်းသားကို တရားရုံးသို့ ထုတ်ခဲ့ရသည့် ရက်စွဲများ နှင့် အချိန်<br>• လွှတ်ခြင်း သို့မဟုတ် အခြားထောင်သို့ ပြောင်းရွှေ့ခြင်း ရက်စွဲ နှင့် အချိန်၊ အကျဉ်းထောင်နေရာ အသစ် နှင့် ရွှေ့ပြောင်းရန် အမိန့်ပေးသူ အာဏာပိုင်<br>• အကျဉ်းသား၏ အပြုအမူနှင့် ပတ်သက်သော အချက်အလက်များ၊ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူ အပြစ်ပေးခံရမှုများ<br>• အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားစဉ် ဒဏ်ရာရ သေဆုံးမှုများအတွက် အချက်အလက်များ နှင့် အခြေအနေများ၊ သေဆုံးခဲ့လျှင် ရုပ်ကြွင်းကို ပို့ပေးရမည့်နေရာ |
| | | **အကျဉ်းသားများ**အတွက် ၎င်းတို့၏ **တာဝန်များနှင့်** အခွင့်အရေးများ ဆိုင်ရာအချက်အလက်**များ** | အာဏာပိုင်များက အသစ်လက်ခံသည့် အကျဉ်းသားများကို ၎င်းတို့နားလည်သော ဘာသာစကား ပုံစံမျိုးဖြင့် စာဖြင့်သော်လည်းကောင်း နှုတ်ဖြင့်သော်လည်းကောင်း အောက်ပါအချက်များကို အသိပေးရမည်ဆိုသော ပြဌာန်းချက်ကို ထည့်သွင်းပေးရန်-<br>• အကျဉ်းထောင်ဥပဒေ၊ သက်ဆိုင်ရာ အကျဉ်းထောင် စည်းမျဉ်းများနှင့် စည်းကမ်း ဖောက်ဖျက်လျှင် ချမှတ်နိုင်သော ပြစ်ဒဏ်များ<br>• ဥပဒေဆိုင်ရာ အကြံဉာဏ်ရယူပိုင်ခွင့်အပါအဝင် ၎င်းတို့၏အခွင့်အရေးများကို လည်းကောင်း၊ ၎င်းတို့၏ တာဝန်များကို လည်းကောင်း<br>• အကျဉ်းသား၏ အခွင့်အရေးများ ချိုးဖောက်ခံရခြင်း သို့မဟုတ် အကျဉ်းချခံရမှုဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ တိုင်ကြားရေး လုပ်ရိုးလုပ်စဉ်များ<br>အကျဉ်းသားအား အကျဉ်းထောင်တွင်း ဘဝနှင့်နေသားကျစေရန် သိသင့်သော အခြားသော အကြောင်းအချက်များ အားလုံး |

| | | | |
|---|---|---|---|
| အခန်း ၃ (အဆက်) | | သေဆုံးလျှင် မိသားစုအား အသိပေးခြင်း | ပုဒ်မ ၂၃ တွင်ဖြည့်စွက်ပေးရန်<br>• အကျဉ်းသား သေဆုံးလျှင် ၎င်း၏ မိသားစု၊ အခြားသောဆွေမျိုးများနှင့် အကျဉ်းသား မကွယ်လွန်မီက သတ်မှတ်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဦးတို့အား အကြောင်းကြားရန် အကျဉ်းထောင်အာဏာပိုင်များတွင် တာဝန်ရှိသည်။<br>• အကျဉ်းသားသေဆုံးခြင်းကို အကျဉ်းဦးစီးဌာနအနေနှင့် အချိန်မဆိုင်းပဲ တရားရေးဌာနသို့မဟုတ် အကျဉ်းဦးစီးဌာနနှင့် မသက်ဆိုင်သော အာဏာပိုင်အဖွဲ့တစ်ခုခုသို့ အကြောင်းကြားရန် တာဝန်ရှိပြီး ဘက်မလိုက်ပဲ ထိရောက်သော စုံစမ်းစစ်ဆေးမှု ချက်ခြင်းပြုလုပ်ဖို့ တာဝန်ပေးရမည်။ |
| | အကျဉ်းသားများကို ခွဲခြားချုပ်နှောင်ခြင်း (ပုဒ်မ ၂၄-၂၆) | သေဒဏ်ကျ အကျဉ်းသားများ | ပုဒ်မ ၂၄ (စ) ကို အောက်ပါအတိုင်း ပြင်ဆင်ရန်- "သေဒဏ်ကျခံနေရသောအကျဉ်းသားအား အခြားအကျဉ်းသားများနှင့် ခွဲခြားပြီး ~~သီးသန့်အခန်းတွင်~~ ထားရှိရမည်။" |
| | | နေရာထိုင်ခင်း၊ ကိုယ်ရေ သန့်ရှင်းမှု၊ အဝတ်အစား၊ အိပ်ရာ နှင့် အစားအသောက် | **အကြံပြုချက်များ** နေရာထိုင်ခင်း၊ သန့်ရှင်းမှု၊ အစားအသောက်၊ အဝတ်အထည်၊ အိပ်ရာတို့အတွက် လိုအပ်သော အနိမ့်ဆုံး စံသတ်မှတ်ချက်များဆိုင်ရာ အခန်းအသစ်ကို ထပ်မံထည့်သွင်း၍ အောက်ပါအချက်များကို ထည့်သွင်းဖော်ပြပေးရန်<br>• နေရာထိုင်ခင်းသည် အထူးသဖြင့် အကျဉ်းသား တစ်ဦးချင်းအတွက် ရရှိသည့် နေရာအကျယ်အဝန်း၊ အလင်းရောင်၊ အပူချိန်နှင့် လေဝင်လေထွက်တို့သည် အကျဉ်းသားအတွက် ကျန်းမာရေးနှင့် ဘဝအဆင်ပြေရေးကို အာမခံပေးရမည်။ [၁၂]<br>• အညစ်အကြေးစွန့်ရန်နေရာများမှာလည်း အကျဉ်းသား၏ လိုအပ်ချက် သဘာဝ နှင့် ကိုက်ညီလျက် သန့်ရှင်းစွာနှင့် သိက္ခာရှိစွာ အသုံးပြုနိုင်ရမည်။<br>• ရေချိုးရန် ကိုယ်လက်သန့်စင်ရန် နေရာများလည်း သင့်တင့်အောင် စီစဥ်ပေးထားလျက် အကျဉ်းသားသည် မကြာမကြာ ကိုယ်လက်သန့်စင်ခွင့် ရှိရမည်။<br>• အကျဉ်းသားများ အသုံးပြုသော နေရာများအားလုံးကို စနစ်တကျ သန့်ရှင်းစွာ ထိန်းသိမ်းထားရှိရမည်။<br>• အကျဉ်းသားများအတွက် ရာသီဥတုနှင့် လိုက်လျောညီထွေသော သန့်ရှင်းသည့် အဝတ်အစားများကို စီစဉ်ပေးရမည်။<br>• သတ်မှတ်ထားသည့် အချိန်များတွင် အကျဉ်းသားများ၏ ကျန်းမာရေး နှင့် ခွန်အားအတွက် အာဟာရနှင့်ပြည့်စုံကာ ကျန်းမာရေးအရည်အသွေး နှင့် ညီညွတ်စွာ |

[၁၂] ကုလသမဂ္ဂအနေနှင့် အကျဉ်းသား တစ်ဦးချင်းစီအတွက် လိုအပ်သော အနည်းဆုံး နေရာအကျယ်အဝန်းကို နိုင်ငံတကာ စံနှုန်းသတ်မှတ်ထားခြင်း မရှိသော်လည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့က တစ်ဦးချင်းစီအတွက် အိပ်ရန်နေရာ ၁.၆ စတုရန်းမီတာ နှင့် ရေချိုးခန်းနှင့် အိမ်သာအတွက် ၁.၂စတုရန်းမီတာ ရှိသင့်ကြောင်း အကြံပြုထားပါသည်။ ICRC အစီရင်ခံစာ *အကျဉ်းထောင်များအတွင်း ရေ၊ အညစ်အကြေးစွန့်ရေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် နေထိုင်မှု*၊ စာမျက်နှာ ၂၂

| | | | |
|---|---|---|---|
| အခန်း ၃ (အဆက်) | | | ကောင်းမွန်စွာချက်ပြုတ်ပြင်ဆင်ထားသော အစားအသောက်များဖြင့် ကျွေးမွေးလျက် သောက်သုံးရေကို စီစဉ်ပေးရမည်။<br>• အမျိုးသမီး အကျဉ်းသူများဆိုင်ရာ ပြဌာန်းချက်ထဲတွင် အမျိုးသမီးများအတွက် လိုအပ်သည့် ကိုယ်ရေသန့်ရှင်းရေးအတွက် အထူးလိုအပ်သော ပစ္စည်းများကို ထောက်ပံ့ပေးရမည်။ အမျိုးသမီး လစဉ်သုံးပစ္စည်းများကိုလည်း အခမဲ့ထောက်ပံ့ပေးပြီး မိခင်နှင့် အတူရှိနေသည့် ကလေးများ၏ ကိုယ်ရေသန့်စင်ရေးအတွက် ရေကိုလည်း ပုံမှန် စီစဉ်ပေးရမည်။ |
| | | | ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာနှင့် အခြားမသန်စွမ်းမှုများရှိနေသူများအား ခွဲခြားဆက်ဆံရာမရောက်အောင် ၎င်းတို့အတွက် သင့်တော်သော နေရာထိုင်ခင်းနှင့် လိုသလို ညှိနှိုင်းပေးမှုကို အကျဉ်းထောင် အာဏာပိုင်များက ဆောင်ရွက်ပေးရမည်ဆိုသော ပြဌာန်းချက်ကို ထည့်သွင်းပေးရန် |
| | အကျဉ်းသားများကို ရွှေ့ပြောင်းခြင်း (ပုဒ်မ ၂၇) | | **ပုဒ်မ ၂၇ တွင် ဖြည့်စွက်ပေးရန်**<br>• မိသားစု၏ လာရောက်တွေ့ဆုံမှု လွယ်ကူစေရန် ဖြစ်နိုင်သမျှ နေအိမ်နှင့် နီးသော အကျဉ်းထောင်များတွင်သာ ထားရှိရန် တောင်းဆိုချက်<br>• အကျဉ်းသားများကိုလည်း ၎င်းတို့အားနေရာ ရွှေ့ပြောင်းမည့် ကိစ္စနှင့် နေရာသစ်ကို မိသားစုများအား အသိပေးနိုင်အောင် စီစဉ်ပေးရမည်ဆိုသော တောင်းဆိုချက် |
| | တရားရုံးသို့ ရုံးထုတ်ခြင်း (ပုဒ်မ ၂၉ ) | | အကျဉ်းထောင်ပြင်ပသို့ တရားရုံး သို့မဟုတ် ဥပဒေအရာရှိ တစ်ဦးဦး ရှေ့မှောက်သို့ ထုတ်ခေါ် ရသည့်အခါ အကျဉ်းသားအား ၎င်း၏ ကိုယ်ပိုင်အဝတ်အစား သို့မဟုတ် သာမာန် အဝတ်အစားများကို ဝတ်ဆင်ခွင့်ပြုခြင်း၊ လက်ထိပ်ကဲ့သို့သော ချုပ်နှောင်သည့် ကိရိယာများကို ဖြုတ်ထားပေးခြင်း များကို ပြဌာန်းချက်အဖြစ် ဥပဒေမူကြမ်းတွင် ထည့်သွင်းပေးရန် |
| | အကျဉ်းသားများနှင့် တွေ့ဆုံခွင့် (ပုဒ်မ ၃၀-၃၅) | **မိသားစုများအတွက်** တွေ့ဆုံရန်**အနည်းဆုံးအချိန်များ နှင့် ကလေးများနှင့် အဆီးအတားမရှိ** ပွင့်လင်းစွာ ထိတွေ့ရန် **အချိန်ကို တိုးပေးခြင်း** | အကျဉ်းသားများအားလုံးအတွက် ခြွင်းချက်မရှိ ၎င်းတို့၏ မိသားစု သို့မဟုတ် ခင်မင်ရင်းနှီးသူများ ပုံမှန်လာရောက်တွေ့ဆုံနိုင်သည့် ရပိုင်ခွင့်ကို ပေးထားသော ပြဌာန်းချက်ကို ထည့်သွင်းပေးပါ။ |
| | | | မိသားစုများ၊ အထူးသဖြင့် ကလေးငယ်များက အကျဉ်းသားများအား လာရောက်တွေ့ဆုံရာတွင် နှစ်လိုဘွယ်အခြေအနေမျိုး ဖြစ်အောင် အကျဉ်းထောင်အာဏာပိုင်များက ဖန်တီးပေးဖို့ လိုအပ်ကြောင်း ပြဌာန်းချက်ကို ထည့်သွင်းပေးပါ။ |
| | | **ရှေ့နေနှင့် ဆွေးနွေး တိုင်ပင်မှု လုံခြုံစိတ်ချရေး** | **ပုဒ်မ ၃၄ ကို ပြင်ဆင်ပြီး** အကျဉ်းသားများကို ဥပဒေရေးရာကိစ္စမှန်သမျှတွင် ၎င်းတို့၏ရှေ့နေများနှင့် အချိန်မဆွဲ၊ ကြားဖြတ်တားဆီးမှု မရှိဘဲ၊ ကန့်သတ်ခြင်းမရှိပဲ လုံးဝလျှို့ဝှက်စိတ်ချရစွာ တွေ့ဆုံဆွေးနွေးခွင့်ကို အာမခံပေးပါ။ |

| | | | |
|---|---|---|---|
| အခန်း ၃ (အဆက်) | ပစ်ဒဏ်ခံနေကြရသည့် အကျဉ်းသားများကို အလုပ်လုပ်ခိုင်းခြင်း (ပုဒ်မ ၃၆-၃၇) | | အကျဉ်းသားများအား ဖိနှိပ်ရာကျမည့်အလုပ်မျိုး၊ ကျေးကျွန်သဖွယ်ခိုင်းစေခြင်း နှင့်၊ အကျဉ်းသားများ၏ အသက်နှင့် ခန္ဓာကိုယ်ကို အန္တရာယ်ရှိစေနိုင်မည့် အလုပ်မျိုး ခိုင်းစေခြင်းကို တားမြစ်သည့် ပြဌာန်းချက်ကို ထည့်သွင်းပေးရန် |
| | | | တစ်ပတ်လျှင်အနည်းဆုံး နာရီ ရက်တစ်ရက်၊ အကျဉ်းသားများ၏ ကုသမှုနှင့် ဘဝပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ပညာရေး နှင့် အခြားလှုပ်ရှားမှုများအတွက် လုံလောက်သော အချိန်ပေးရန်ကို အာမခံပေးမည့် အချက်ကို ထည့်သွင်းပေးရန် |
| | တရားမ အကျဉ်းသားနှင့် အချုပ်အကျဉ်းသားများ (ပုဒ်မ ၃၉ - ၄၁) | အစီရင် မခံရသေးသော **အကျဉ်းသားအား အပြစ်မရှိကြောင်းယူဆခြင်း** | ပြစ်မှုထင်ရှား အစီရင်မခံရသေးသည့် အကျဉ်းသားများအား အပြစ်ကင်းစင်ကြောင်းယူဆချက်ကို အခန်းခွဲ၏ အစတွင် ထည့်သွင်းဖော်ပြပေးပါ။ |
| | | အချုပ်ကျ အကျဉ်းသားများ၏ အခွင့်အရေးများ | အချုပ်ကျအကျဉ်းသားများအား အောက်ပါ ရပိုင်ခွင့်များကို အာမခံပေးမည့် ပြဌာန်းချက်များကို ပုဒ်မ ၃၉ တွင် ထည့်သွင်းပေးပါ။<br>• သူတို့၏ အမှုကို ခုခံချေပနိုင်ရန် ၎င်းတို့၏ ရှေ့နေနှင့် လျှို့ဝှက်စိတ်ချရစွာ ဆက်သွယ်နိုင်ရန် စီစဉ်ပေးရန်<br>• ၎င်းတို့၏ စရိတ်ဖြင့် သူတို့၏ ကိုယ်ရေး ဆရာဝန်များ နှင့်၊ သွားဆရာဝန်များနှင့် တွေ့ဆုံပြသခွင့်နှင့် လိုအပ်သည့်ကုသမှုကို ဆက်လက် ခံယူခွင့်ပေးရန်<br>• စာအုပ်များ၊သတင်းစာများနှင့် စာရေးကိရိယာများကို ၎င်းတို့၏ ကိုယ်ပိုင်စရိတ်ဖြင့် ရယူသုံးစွဲနိုင်ရန်<br>• ညှဉ့်သည်လက်ခံတွေ့ခွင့် နှင့် ဖုံးဖြင့် ခေါ်ဆိုခွင့်များ နောက်ထပ်ခွင့်ပြုရန်<br>• အလုပ် လုပ်ပိုင်ခွင့် ရှိသော်လည်း အလုပ်ခိုင်းစေခံရခြင်းမရှိရန်<br>• တစ်ယောက်နေ အခန်းများတွင် နေထိုင်ခွင့် စီစဉ်ပေးရန် |
| | အကျဉ်းသားများ၏ အခွင့်ထူးများ (ပုဒ်မ ၄၂) | **အကျဉ်းသားများ၏ တိုင်ကြားချက်** | အကျဉ်းသားများ၏ တိုင်ကြားချက်များနှင့် ပတ်သက်၍ အခန်းအသစ်တစ်ခု သို့မဟုတ် အခန်းခွဲ တစ်ခုထည့်သွင်း၍ အောက်ပါအချက်များကို ထည့်ဖော်ပြရန်<br>• အကျဉ်းသားတိုင်းအတွက် အကျဉ်းဦးစီးဌာန သို့မဟုတ် အကျဉ်းထောင် အရာရှိထံသို့၊ အကျဉ်းသားဖက်မှ တောင်းဆိုလာသော် လျှို့ဝှက်စွာ နေ့ရက်မရွေး တိုင်ကြားခွင့်ရှိရန်နှင့် လိုအပ်ပါက သီးသန့်လွတ်လပ်စွာ တိုင်ကြားခွင့်<br>• အကျဉ်းထောင်အား စစ်ဆေးသူ လာရောက်ချိန်တွင် အကျဉ်းသားတိုင်း တိုင်ကြားခွင့် |

| | | | |
|---|---|---|---|
| အခန်း ၃ (အဆက်) | | | • အကျဉ်းသားတိုင်းက အကျဉ်းထောင်အတွင်း ၎င်းတို့အပေါ် ဆက်ဆံပြုမူပုံများနှင့် ပတ်သက်ပြီး အကျဉ်းဦးစီးဌာနသို့မဟုတ် တရားရေးဌာနသို့ ဆင်ဆာဖြတ်တောက်ခြင်း မခံရဘဲ အပြည့်အစုံ တင်ပြတိုင်ကြားခွင့်ရှိရန်<br>• တိုင်ကြားချက်အားလုံးကို အရေးယူဆောင်ရွက်ပြီး အချိန်မဆိုင်းပဲ အကြောင်းပြန်ကြားရန် လိုအပ်ကြောင်း ထည့်သွင်းဖော်ပြပေးရန်၊ တိုင်ကြားချက်ကို ပယ်ချခံရလျှင် အကျဉ်းသားအနေနှင့် တရားရေးပိုင်းမှ ယင်းပယ်ချချက်ကို အယူခံခွင့်<br>• တိုင်ကြားချက်ကြောင့် လက်စားချေ အရေးယူခံရရခြင်း၊ ခြိမ်းခြောက်ခံရခြင်းနှင့် အခြား ဆိုးသော အကျိုးဆက်များ ရင်ဆိုင်ရမှုမှ ကင်းလွတ်ခွင့်<br>• လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခံရသူသည် တရားဥပဒေကြောင်းအရ ဖြစ်စေ၊ အခြား သင့်တော်သော အာဏာပိုင်အဖွဲ့အစည်းများထံတွင် ဖြစ်စေ နစ်နာမှုအတွက် တိုင်ကြားပြီး ဖြေရှင်းချက်ရယူနိုင်ကြောင်း ပြည့်စုံစွာအသိပေးထားပြီး လိုအပ်ပါက ၎င်းအတွက် ဥပဒေအထောက်အကူများကို အကျဉ်းထောင်အာဏာပိုင်များဘက်မှ ဖြည့်ဆည်းပေးရန်<br>• အကျဉ်းသားများအား ၎င်းတို့၏ နစ်နာချက်များကို တိုင်ကြားပိုင်ခွင့်ရှိကြောင်းနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသိပေးထားရန် တောင်းဆိုချက် |
| | | **ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံ မူဝါဒ** | ပုဒ်မ ၄၂(ဂ) ကို အကြံပြုထားသော အခြေခံ မူဝါဒများ အခန်းသစ်ကို ရွှေ့ပြောင်းထည့်သွင်းရန်နှင့် ခွဲခြားဆက်ဆံမှု ပြုလုပ်မရသည့် အခြေအနေများကို တိုးချဲ့ထည့်သွင်းလျက် ယင်းအခြေအနေများထဲတွင် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးနှင့်အခြားသော ခံယူချက်များ၊ အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်မှု၊ အဆင့်အတန်း၊ လှုပ်ရှားဆောင်ရွက်မှု၊ ဆွေစဉ်မျိုးဆက်၊ နိုင်ငံသား၊ လူမျိုး၊ တိုင်းရင်းသားဖြစ်မှု သို့မဟုတ် လူမှုရေးဇစ်မြစ်၊ အသက်၊ စီးပွားရေးအဆင့်အတန်း၊ ပိုင်ဆိုင်မှု၊ မသန်မစွမ်းမှု၊ အိမ်ထောင်ရှိမရှိ၊ လိင်စိတ်၊ ကျား မအဖြစ် မိမိကိုယ်ကို သတ်မှတ်မှု၊ မွေးရာဇာတိ၊ မွေးဖွားစဉ် အဆင့်အတန်း နှင့် အခြားသော အခြေအနေများ ပါဝင်လာအောင် ပြင်ဆင်ပေးပါ။ |

| | | |
|---|---|---|
| အကျဉ်းထောင် ပြစ်မှုနှင့် ပြစ်ဒဏ်များ (အခန်း ၄ နှင့် ၅) | **အကျဉ်းထောင်ပြစ်မှုများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း** | ပုဒ်မ ၄၃ နှင့် ၅၀ တို့ကို ပြင်ဆင်၍ ထောင်တွင်းပြစ်မှုများကို ပိုမိုတိကျအောင် အဓိပ္ပါယ်ဖွင့်ဆိုပေးရန်၊ ထောင်သားများနှင့် ထောင်အမှုထမ်းများ ကျူးလွန်သော ပြစ်မှုများကို တိတိကျကျ သတ်မှတ်ပေးခြင်းဖြင့် လိုသလိုဆွဲ၍ အဓိပ္ပါယ်ဖွင့် အသုံးချခြင်းများကို ရှောင်ရှားနိုင်မည်။ |
| | မျှတသောတရားစီရင်မှု | စည်းကမ်းကို ထိန်းသိမ်းရန် ပြစ်ဒဏ်ချမှတ်ရေးအတွက် ပြတ်သားကာသင့်တော်သော ဥပဒေလာ လုပ်ရိုးလုပ်စဉ်ကို ချမှတ်ပေးထားသည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးလျက် အောက်ပါတို့ကို ထည့်ဖော်ပြရန်-<br>• အကျဉ်းသားများအား ၎င်းတို့အပေါ် စွဲဆိုထားချက်နှင့် စွဲချက်၏ သဘောသဘာဝကို အချိန်မဆိုင်းပဲ ၎င်းတို့နားလည်နိုင်သော ဘာသာစကားဖြင့် အသိပေးပြီး စွဲချက်ကို ခုခံချေပနိုင်ရန်အတွက် လုံလောက်သော ပြင်ဆင်ချိန်နှင့် လိုအပ်သော ထောက်ပံ့မှုများကိုပေးရန်<br>• အကျဉ်းသားကို အကျဉ်းထောင်အတွင်း ကိုယ်တိုင် ခုခံချေပခွင့် ပေးရန်နှင့် ကြီးမားသော စည်းကမ်းချိုးဖောက်သည့် စွဲချက်များတွင် တရားမျှတမှုအတွက် ဥပဒေရေးရာ အကူအညီရယူခွင့် ပေးရန်<br>• စည်းကမ်းချိုးဖောက်မှုကို ကြားနာစစ်ဆေးရာတွင် အသုံးပြုသည့် ဘာသာစကားကို အကျဉ်းသားက နားမလည်ပါက ၎င်းတို့အတွက် ကျွမ်းကျင်သည့် ဘာသာပြန်/စကားပြန်၏ အကူအညီကို အခမဲ့ စီစဉ်ပေးရန်<br>• အကျဉ်းသားများသည် ၎င်းတို့အပေါ် ချမှတ်ထားသော ပြစ်ဒဏ်များနှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ ပြန်လည်စိစစ်သုံးသပ်ခွင့် ရရှိရန်<br>• စည်းကမ်းချိုးဖောက်မှုကို ရာဇဝတ်ပြစ်မှု တစ်ခုအဖြစ် စစ်ဆေးစီရင်လျှင်၊ ရာဇဝတ်မှု တရားခွင်အတွက် ရနိုင်ခွင့်ရှိသော ဥပဒေကြောင်းအရ အခွင့်အရေးအားလုံးကို ရရှိရန်နှင့်၊ ရှေ့နေအကူအညီကိုပါ အတားအဆီးမရှိ ရယူခွင့်ရှိရန် |
| | **မည်သည့်ပြစ်မှုများအတွက် မည်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ကြောင်း ရှင်းလင်းစွာ မသိရခြင်း** | ပြစ်မှုနှင့် ပြစ်ဒဏ်မျှတရေးကို အာမခံချက်ပေးသည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန် |
| | | အကျဉ်းဦးစီး ညွှန်ကြားရေးမှူးချုပ်က ကိုင်တွယ်ဆုံးဖြတ်နိုင်သော စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရာဇဝတ်မှုမြောက်၍ ဥပဒေအရာရှိများက ကိုင်တွယ်ဆုံးဖြတ်ရမည့် ကိစ္စရပ်များအား တိတိကျကျ ခွဲခြားလျက် သတ်မှတ်ပေးရန် |

| | | |
|---|---|---|
| အကျဉ်းထောင် ပြစ်မှုနှင့် ပြစ်ဒဏ်များ (အခန်း ၄ နှင့် ၅)<br>(အဆက်) | စည်းကမ်းအရ အရေးယူမှုများ | အကျဉ်းထောင်အရာရှိများအနေနှင့် အကျဉ်းသားများ၏ စည်းကမ်းချိုးဖောက်မှုကို တားဆီးရန် သို့မဟုတ် ပဋိပက္ခများကို ဖြေရှင်းရန် အတတ်နိုင်ဆုံး ပဋိပက္ခများကို ဟန့်တားရေး၊ ကြားဝင်ဖြန်ဖြေရေး နှင့် အခြားသော အငြင်းပွားမှု ဖြေရှင်းရေး ယန္တရား များကို  အသုံးပြုရန် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန် |
| | | နိပ်စက်ခြင်းနှင့် ညှဉ်းပန်းခြင်း မြောက်သော ပြစ်ဒဏ်ပေးရေး ပုံစံအားလုံးကို တားမြစ်သော အထွေထွေပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန်၊ ထိုပြဋ္ဌာန်းချက်တွင် ထိုကဲ့သို့ တားမြစ်ထားသော ပြစ်ဒဏ်ပေးနည်းများ-  စုပေါင်းလျက် အပြစ်ပေးခြင်း၊ ရိုက်နှက်လျက်ပြစ်ဒဏ်ပေးခြင်း၊ အချိန်ကာလ ကြာမြင့်စွာ သို့မဟုတ် အကန့်အသတ်မရှိ သီးခြားခွဲ၍ချုပ်နှောင်ခြင်း၊ အမှောင်ခန်းထဲတွင် ပိတ်ထားခြင်း၊ ခြေချင်း လက်ထိပ်များနှင့် ချုပ်နှောင်ခြင်း၊ အစားအစာ နှင့် သောက်ရေ ဖြတ်တောက်ခြင်း၊ မိသားစုနှင့် တွေ့ခွင့် ပိတ်ခြင်း နှင့် ကိုယ်ဝန်ဆောင်များနှင့် မွေးစကလေးမိခင်များကို တိုက်ပိတ်ချုပ်နှောင်ခြင်းများ အပါအဝင် ပြစ်ဒဏ်ပေးနည်းများကို အတတ်နိုင်ဆုံး စာရင်းပြုလုပ်ထည့်သွင်း ဖေါ်ပြပေးထားရန်။ |
| | | ပုဒ်မ ၆ (င)၊ ၇ (ဆ) နှင့် ၄၄ (က)(၅) တို့ကို ဖြုတ်ထားခဲ့ရန် |
| | | သံကြိုးများနှင့် သံခြေချင်းများကို အသုံးပြုခြင်းကို ထာဝရ တားမြစ်ရန်နှင့် ချုပ်နှောင်သည့် အခြားကိရိယာများ အသုံးပြုခြင်းကို ဥပဒေက ခွင့်ပြုမှသာ အခြားသော နည်းလမ်းများဖြင့် ထိန်းချုပ်မှု မအောင်မြင်မှသာ၊ ထောင်ရွှေ့ပြောင်းစဉ် ထွက်မပြေးနိုင်ရန်ကာကွယ်ရန်အတွက်သာ၊ ထောင်သားတစ်ယောက်က သူ့ကိုယ်သူနှင့် အခြားသူများကို အန္တရာယ်မပြုနိုင်စေရန်နှင့် ပစ္စည်းများဖျက်ဆီးခြင်းမပြုနိုင်ရန် ကာကွယ်မှုအတွက်သာ၊ သို့မဟုတ် အကျဉ်းထောင် ညွှန်ကြားရေးမှူး၏ အမိန့်ဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း  ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန် |
| | | လက်ထိပ်၊ ခြေချင်းစသော ကိရိယာများကို ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဗိုက်နာနေစဉ်၊ ကလေးမီးဖွားနေစဉ်နှင့် မီးဖွားပြီးစ အချိန်များတွင် ၎င်းတို့အား ချုပ်နှောင်ရာတွင် အသုံးမပြုရန်တားမြစ်ချက်ကို ထည့်သွင်းပြဋ္ဌာန်းရန် |
| | | ပုဒ်မ ၄၄(၇) ကို ဖြုတ်ချန်ခဲ့ရန် |
| | | ကလေးငယ်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ် ချို့ယွင်းချက်ရှိသူ အကျဉ်းသားများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးငယ်ရှိသော အမျိုးသမီးများနှင့် ကလေးနို့တိုက်နေသော အမျိုးသမီးများကို တစ်ဦးတည်း သီးခြားခွဲခြားချုပ်နှောင်ထားခြင်းကို တားမြစ်သော ပြဋ္ဌာန်းချက်ထည့်သွင်းပေးရန် |

| | | |
|---|---|---|
| အကျဉ်းထောင် ပြစ်မှုနှင့် ပြစ်ဒဏ်များ (အခန်း ၄ နှင့် ၅)<br>(အဆက်) | စည်းကမ်းအရ အရေးယူမှုများ<br>(အဆက်) | တစ်ဦးတည်း ခွဲခြားချုပ်နှောင်ထားခြင်းကို နောက်ဆုံး မတတ်သာသော အခြေအနေမျိုးတွင်မှ အတိုဆုံးအချိန်ကာလအတွက် အသုံးပြုရန် နှင့် ဥပဒေအရပြန်လည်သုံးသပ်နိုင်သော လုပ်ရိုးလုပ်စဉ်ကို ချမှတ်ပေးရန် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပေးရန် |
| | | ပုဒ်မ ၄၄(က)(၂) ကို ဖြုတ်ချန်ခဲ့ရန် |
| | လျှော့ရက်ဖြတ်တောက်သော ပြစ်ဒဏ်<br><br>လျှော့ရက်ဖြတ်တောက်သော ပြစ်ဒဏ် (အဆက်) | အကျဉ်းသား၏ မျှတသောတရားစီရင် ကြားနာမှုရပိုင်ခွင့်ကို အပြည့်အဝ အာမခံသော စစ်ဆေးကြားနာခြင်းများမရှိဘဲ ချုပ်ရက်လျှော့ရက်များကို ငြင်းပယ်ခြင်းမပြုကြောင်းကို အာမခံပေးရန်<br><br>ပုဒ်မ ၄၄ (က)(၄) အရ ပြစ်ဒဏ်ချမှတ်နိုင်သော ကာလအပိုင်းအခြားကို တိကျစွာအဓိပ္ပါယ်သတ်မှတ်နိုင်ရန် ပုဒ်မ ၄၄ (က)(၄) ကို ပြင်ဆင်ပေးရန်၊ အကျဉ်းသား၏ ပြုမူနေထိုင်ပုံတိုးတက်လာလျှင် ဆုံးရှုံးသွားသော လျှော့ရက်ကို ပြန်ခံစားခွင့်ရနိုင်သော အခွင့်အလမ်းကို ပေးထားရန် |
| အခန်း ၆ အထွေထွေ | စည်းကမ်းကို ထိန်းသိမ်းရာတွင် အကျဉ်းသားများကို အသုံးပြုမှု | **အပိုဒ် ၆၀ ကို ဖြုတ်ခဲ့ရန်** |
| | သဘောရိုးဖြင့် လုပ်ဆောင်မှုများအတွက် အကျဉ်းထောင်ဝန်ထမ်းများကို ကင်းလွတ်ခွင့်ပြုခြင်း | **အပိုဒ် ၆၂ ကို ဖြုတ်ထားခဲ့ရန်** |
| | အကျဉ်းထောင်များကို စစ်ဆေးခြင်း | လွတ်လပ်သော စောင့်ကြည့်သူများ အကျဉ်းထောင်များသို့ ပုံမှန်အတားအဆီးမရှိ ဝင်ရောက် ကြည့်ရှုခွင့်၊ အကျဉ်းသားများကို လျှို့ဝှက်စွာ သီးသန့်တွေ့ဆုံမေးမြန်း နိုင်သည့် အခွင့်အာဏာ နှင့် ထောင်မှတ်တမ်းများကို စစ်ဆေးခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ကို  ထည့်သွင်းပေးရန် |

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည်**

**လူ့အခွင့်အရေးများအတွက် ကမ္ဘာတဝန်း**

**လှုပ်ရှားမှုကြီး တစ်ခုဖြစ်သည်။**

**လူတစ်ဦး မတရားပြုကျင့်ခံရခြင်းသည်**

**လူတိုင်းကို ထိခိုက်စေခြင်း ဖြစ်သည်။**


CONTACT US

info@amnesty.org

+44 (0)20 7413 5500

JOIN THE CONVERSATION

www.facebook.com/AmnestyGlobal

@AmnestyOnline

အညွှန်း - ASA ၁၆၄၄ / ၄၇၈၈ / ၂၀၁၆
နေ့စွဲ- နိုဝင်ဘာ ၂၀၁၆

amnesty.org